# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး

# ပထမနေ့ မှတ်တမ်း

၁၃၇၃ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက်

( ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက် )

[ ကြာသပတေးနေ့ ]

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီ အချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးသိန်း မော် ၊ ညွှန်ကြားရေးမှူး လွှတ်တော်ရုံး က ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေးရဲ့ ပထမနေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့်စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း

**အချိန်၊ ၁၀း၀၁။**

ဥက္ကဋ္ဌ။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့မှာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၁၈)ဦးရှိပြီး၊ ဒီကနေ့ အစည်းအဝေးကို (၂၁၁)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၉၆.၇၉)ရာခိုင်နှုန်းရှိပြီး ထက်ဝက်ကျော်ဦးရေ တက်ရောက်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၉ နဲ့ နည်းဥပဒေ ၂၀(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ (က)နဲ့ (ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်။ ၁၀း၀၂။**

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား၊အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ (ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန် အစည်းအဝေးရဲ့ ပထမနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား၊အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၁)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော် ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက်အခြားလွှတ်တော်ကိုယ်စားလှယ် တစ်ဦးကသော်လည်းကောင်း ခွင့်ပန် ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ရှိလျှင် ယခုခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ဗိုလ်မှူးကြီးလှထွန်း တင်ပြဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၄။**

**ဗိုလ်မှူးကြီးလှထွန်း(တပ်မတော်သားကိုယ်စားလှယ်)** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ပြန်တမ်းဝင် အမှတ် ကြည်း -၁၇၁၁၂ ဗိုလ်မှူးကြီးလှထွန်း ဖြစ်ပါတယ်။ ကျွန်တော်တို့ တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ် တစ်ဦးဖြစ်တဲ့ ပြန်တမ်းဝင်အမှတ် ကြ ည်း ၃၁၉၃၃ ဗိုလ်မှူးနေအောင်ဦး ဟာ ခြေလျင်တပ်ရင်းမှူးသင်တန်း အမှတ်စဥ် (၂၈)ကို ၂၀၁၁ ခုနှစ် ဒီဇင်ဘာလ ၁၉ ရက်နေ့ကနေ ၂၀၁၂ ခုနှစ်၊ ဧပြီလ ၆ ရက်နေ့အထိ တက်ရောက်နေရပါသဖြင့် ခွင့်အဖြစ် သတ်မှတ်ပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ပြန်တမ်းဝင် အမှတ် ကြည်း ၃၁၉၃၃ ဗိုလ်မှူးနေအောင်ဦး ရဲ့ ၁၉-၁၂-၂၀၁၁ ရက်နေ့မှ ၆-၄-၂၀၁၂ ရက်နေ့ အထိ ခွင့်ပန်ကြားချက်ကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်ကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဦးဂမ်ဆိုင်း တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၅။**

**ဦးဂမ်ဆိုင်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသား လွှတ်တော် ကိုယ်စားလှယ် ဦးစခုန်တိန့်ယိန်း သည် မိမိရဲ့နယ်မြေ နယ်ခြားစောင့်တပ်ဖြစ်တဲ့ တပ်ရင်းအမှတ်(၁၀၀၁)တပ်ရင်းဌာနချုပ် တည်ဆောက်ရာတွင် အသုံးပြုသော လယ်မြေအတွက်

၂၀၁၂ ခုနှစ် ပွင့်လင်းရာသီတွင် လယ်မြေအစားထိုး ဖော်ဆောင်နိုင်ရေးအတွက် အရေးတကြီး ချမှတ်ဆောင်ရွက်ရန် ရှိပါသဖြင့် ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်နေ့မှ ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်နေ့အထိ ပထမအကြိမ်အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိပါသဖြင့် ခွင့်ရက်အဖြစ် သတ် မှတ်ပေးနိုင်ရန် က ချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ကျွန်တော် ဦးဂမ် ဆိုင်း မှ ဦးစခုန်တိန့်ယိန်း ကိုယ်စား ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၄)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစခုန်တိန့်ယိန်း ရဲ့ ၂၀၁၂ ခုနှစ်၊ ဇန်န ဂါရီလ ၂၆ ရက်နေ့မှ ၂၀၁၂ ခုနှစ်၊ ဖေဖော်ဂါရီလ ၅ ရက်နေ့အထိ ခွင့်ပန်ကြားချက်ကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်ကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးဌေ့ယိန်း တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၆။**

**ဦးဌေ့ယိန်း၊ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၁)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၉) အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးပေါ်လျှံလွင် သည် ခြေထောက်အဆစ်ရောင်ရောဂါကြောင့် ခုတင် (၁၀၀၀)ဆေးရုံသို့ သွားရောက်ကုသခံနေရပါသဖြင့် ၂၀၁၂ ခုနှစ်၊ ဇန်န ဂါရီလ ၂၆ ရက်နေ့မှ ၂၀၁၂ခုနှစ်၊ ဇန်န ဂါရီလ ၂၇ ရက်နေ့အထိ ကျင်းပသော အမျိုးသားလွှတ်တော် တတိယ ပုံမှန် အစည်းအဝေးသို့ မတက်ရောက်နိုင်ခြင်းကို ခွင့် (၂)ရက်သတ်မှတ်ပေးပါရန် ၎င်း၏ကိုယ်စား ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၁) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးဌေ့ယိန်း မှ လေးစားစွာဖြင့် ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။ ။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးပေါ်လျှံလွင် ရဲ့ ဇန်နဝါရီလ ၂၆ ရက်၊ ၂၇ ရက် ခွင့် (၂)ရက် ပန်ကြားချက် ကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့် ပန်ကြားချက်ကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒေါက်တာဝင်းမြင့်အောင် တင်ပြဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၇။**

**ဒေါက်တာဝင်းမြင့်အောင် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၂) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာဘိုကြီး (ခ)ဦးအောင်ငွေ ဟာ ခုတင် (၁၀၀၀) နေပြည်တော်ဆေးရုံကြီးမှာ တက်ရောက်ကုသနေရတဲ့အတွက် ယနေ့ ၂၆-၁-၂၀၁၂ ရက်နေ့နှင့် ၂၇-၁-၂၀၁၂ ရက်နေ့ (၂)ရက်အတွက် ခွင့် အဖြစ် သတ်မှတ်ပေးပါရန် ဒေါက်တာဘိုကြီး ကိုယ်စား စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၄) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ကျွန်တော် ဒေါက်တာဝင်းမြင့်အောင် မှ လေးစားစွာ တင်ပြအပ်ပါတယ်။

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ**။ ။စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာဘိုကြီး(ခ)ဦးအောင်ငွေ ရဲ့ ဇန်နဝါရီလ ၂၆ ရက်၊ ၂၇ ရက် ခွင့်(၂)ရက် ပန်ကြားချက်ကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်ကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးတင်ရှန် တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၈။**

**ဦးတင်ရှန် တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၈)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကျားမောင် သည် ကြားဖြတ်ရွေးကောက်ပွဲတွင် ကျွန်းစုမြို့နယ်မှ ဝင်ရောက်ယှဉ်ပြိုင်အရွေးခံမည့် ကိုယ်စားလှယ်လောင်း အောင်နိုင်ရေးအတွက် စည်းရုံးရေး နယ်မြေတာဝန်ခံနှင့်အတူ ကွင်းဆင်း၍ မဲဆွယ် စည်းရုံးရေးလုပ်ငန်းများ ဆောင်ရွက်နေရပါသဖြင့် ။ အမျိုးသားလွှတ်တော် အစည်းအဝေးသို့ ၂၆-၁-၂၀၁၂ ရက်နေ့မှ ၂၇-၁-၂၀၁၂ ရက်နေ့ (၂)ရက်ကို ခွင့်အဖြစ် သတ်မှတ်ပေးပါရန် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကျားမောင် ရဲ့ကိုယ်စား ကျွန်တော် ဦးတင်ရှန်၊ မဲဆန္ဒနယ်အမှတ် (၆) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် တနင်္သာရီတိုင်းဒေသကြီးမှ လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ။** ။တနင်္သာရီတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကျားမောင် ရဲ့ ဇန်နဝါရီလ ၂၆ ရက်၊ ၂၇ ရက် ခွင့်(၂)ရက် ပန်ကြားချက်ကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)** ။သဘောမတူပါဘူးခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ဆွေးနွေးပါ။

**ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)။** ။ ရွေးကောက်ပွဲအတွက် စည်းရုံးရေးခရီးစဉ်မှာ လိုက်ပါဆောင်ရွက်နေခြင်းကို လွှတ်တော်က ခွင့်မပြုသင့်ကြောင်း လေးစားစွာဖြင့် ဥက္ကဋ္ဌကြီးကို ပန်ကြားတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ကောင်းပါပြီ။ ဒီကိစ္စနဲ့ပတ်သက်လို့ နောင်လည်း ကြုံလာနိုင်မှာဖြစ်ပါတယ်။ အဲဒီတော့ ဒါကို လွှတ်တော်က မဲခွဲပြီး ဆုံးဖြတ်ဖို့ လိုပါတယ်။ ဦး ကျားမောင် ရဲ့ ဒီကြားဖြတ်ရွေးကောက်ပွဲမှာဝင်ရောက်ယှဉ်ပြိုင် အရွေးခံမယ့်ကိုယ်စားလှယ်လောင်း အောင်နိုင်ရေး

အတွက် စည်းရုံးရေးကွင်းဆင်းတဲ့အတွက်ကြောင့် လွှတ်တော်ကို ၂၆ ရက်၊ ၂၇ ရက် ခွင့်(၂)ရက် ပန်ကြားချက်နှင့်ပတ်သက်လို့ သဘောတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များ မတ်တတ်ရပ်ပြပါ။

[လွှတ်တော်ကိုယ်စားလှယ်များ မတ်တတ်ရပ်ပြပါသည်။]

**ဥက္ကဋ္ဌ။** ။ သဘောတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များတဲ့အတွက် ခွင့် ပြု ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဦးလှသိန်း တင်ပြဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၀။**

**ဦးလှသိန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကြည်ထွန်း သည် ခါးနာရောဂါကြောင့် ဆေးကုသမှု ခံယူနေရပါသဖြင့် ၂၆-၁-၂၀၁၂ မှ ၃၀-၁-၂၀၁၂ ရက်နေ့အထိအား ခွင့်အဖြစ်သတ်မှတ်ပေးပါရန် ဦးကြည်ထွန်း ကိုယ်စား မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၃)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ကျွန်တော် ဦးလှသိန်း မှ လေးစားစွာဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ။** ။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကြည်ထွန်း ရဲ့ ဇန်နဝါရီလ ၂၆ ရက်မှ ၃၀ ရက်အထိ ခွင့်ပန်ကြားချက်ကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့် ပန်ကြားချက်ကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဦးစိုင်းဝင်းမောင် တင်ပြပေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၂။**

**ဦးစိုင်းဝင်းမောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်ပါ သော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသား

လွှတ်တော် ကိုယ်စားလှယ် ဦးရှုမောင် သည် ကျောက်ကပ်ရောဂါကြောင့် ခါးကိုက် ဝေဒနာ ခံစားနေရပါသဖြင့် ဒီနေ့ကျင်းပသော အမျိုးသားလွှတ်တော် အစည်းအဝေးသို့ မတက်ရောက်နိုင်ပါ။ သို့ဖြစ်ပါ၍ ၂၆-၁-၂၀၁၂ မှ ၂၇-၁-၂၀၁၂ အထိ (၂)ရက်ကို ခွင့်ရက်အဖြစ် သတ်မှတ်ပေးနိုင်ပါရန် ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၅)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ကျွန်တော် ဦးစိုင်းဝင်းမောင် က ဦးရှုမောင် ၏ကိုယ်စား လေးစားစွာဖြင့် ခွင့်ပန်ကြားအပ်ပါတယ်။

**အချိန်၊ ၁၀း၁၃။**

**ဥက္ကဋ္ဌ။** ။ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးရှုမောင် ရဲ့ ဇန်နဝါရီလ ၂၆၊ ၂၇ ရက်နေ့ ခွင့်ပန်ကြားချက်ကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်ကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၁၄။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၁၈)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၇)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥ ပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေ ခွဲငယ်(၂) အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအ ဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကို အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အ ခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အ ခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ က နှုတ်ခွန်းဆက်စကား ပြောကြားခြင်း

**အချိန်၊ ၁၀း၁၅။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ယခု တတိယအကြိမ် ပုံမှန်အစည်းအဝေးကို ကျန်းကျန်းမာမာနဲ့ တက်ရောက်လာတာတွေ့ရတဲ့အတွက် ဝမ်းမြောက်ကြောင်း ပြောကြားလိုပါတယ်။ တတိယအကြိမ် ပုံမှန်အစည်းအဝေးဟာ အဓိက အဖြစ် ပြည်ထောင်စုအစိုးရက တင်သွင်းမယ့် အမျိုးသားစီမံကိန်းများ၊ နိုင်ငံတော်ဘဏ္ဍာငွေ အရ /အသုံးဆိုင်ရာ ခန့်မှန်းခြေငွေစာရင်းများ စတဲ့ဥပဒေကြမ်းတွေကို အတည်ပြုဆွေးနွေးကြရမှာ ဖြစ်ပါတယ်။ ဒီကိစ္စ အရေးကြီးတဲ့အတွက် တ တ်နိုင်သမျှ မပျက်မကွက်နဲ့တက်ရောက်ပြီးတော့ ထဲထဲဝင်ဝင် လေ့လာဆန်းစစ် သုံးသပ်ကြဖို့လိုပါတယ်။ ဒါကျွန်တော်တို့ရဲ့ ပထမဆုံးအကြိမ် အတွေ့အကြုံ ဖြစ်ပါတယ်။ ယခင့်ယခင်က စိတ်မဝင်စားခဲ့ကြလို့ စိမ်းနေတဲ့ ဘာသာရပ်ဖြစ်တဲ့အတွက် ဒုတိယ အကြိမ် ပုံမှန်အစည်းအဝေးမှာ စာတမ်းဖတ်ပွဲ ကျင်းပပေးခြင်းအားဖြင့် ဒီဘာသာရပ်နဲ့ မိတ်ဆက် ပေးထားပြီး ဖြစ်ပါတယ်။ ပြည်ထောင်စုလွှတ်တော် နာယကထံကို ပြည်ထောင်စုအစိုးရအဖွဲ့ က တင်သွင်းတဲ့ ၂၀၁၁-၂၀၁၂ နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းနဲ့ ၂၀၁၂-၂၀၁၃ ပြည်ထောင်စု ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းတွေ ရောက်ရှိနေ ပြီဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီနေ့ လွှတ်တော်ကိုယ်စားလှယ်အားလုံးကို ကြိုတင်လေ့လာနိုင်ရန် ဖြန့်ဝေပေးမှာဖြစ်ပါတယ်။ ဒီလို တင်တဲ့အခါမှာ အသေးစိတ်တင်ပြဖို့အတွက် ပြည်ထောင်စုလွှတ်တော် နာယက အနေနဲ့ ပြောကြားတာကြောင့် အခုတင်လာတဲ့အခါမှာ တော်တော်လေးကို ထူထူထဲထဲ နဲ့ အစည်းလိုက်အစည်းလိုက် အထုပ်ကြီးနှစ်ထုပ်စီ ဖြစ်နေပါတယ်။ ဒါကို ဒီနေရာမှာဝေရင် လွှတ်တော်ကိုယ်စားလှယ်တွေ အပြန်လမ်းခရီးမှာ ထမ်းပိုးနဲ့ ထမ်းရမယ့်အနေအထား ရှိပါတယ်။ ဒါကြောင့်မို့လို့ မိမိတို့တည်းခိုတဲ့နေရာတွေမှာ ဒီက ပြန်ရောက်တဲ့အခါမှာ ဝန်ထမ်းတွေက လာပြီးတော့ ထုတ်ပေးပါမယ်။ လက်မှတ်ထိုးပြီးတော့ ထုတ်ယူကြပါ။ ဒီတစ်ပတ်မှာ ပြည်ထောင်စု လွှတ်တော်က အဓိကဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုရင် ဒီဥပဒေကြမ်းတွေဟာ ပြည်ထောင်စု လွှတ်တော်မှာသာ တင်သွင်းခွင့်ရှိတဲ့ ဥပဒေကြမ်းတွေ ဖြစ်ပါတယ်။ ဒါတွေနဲ့ ပတ်သက်လို့

အမျိုးသားစီမံကိန်းများနဲ့ပတ်သက်လို့ရော၊ နော က်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲခွင့် ဥပဒေကြမ်း နဲ့ ပတ်သက်လို့ရော၊ ပြည်ထောင်စုရဲ့ ဘဏ္ဍာငွေ ရငွေ/သုံးငွေ ခန့်မှန်းခြေငွေစာရင်း နဲ့ ပတ်သက် လို့ရော သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများ၊ လိုအပ်ရင် တိုင်းဒေသကြီးနဲ့ ပြည်နယ် ဝန်ကြီးချုပ်များ ဒါတွေက အသေးစိတ် ရှင်းလင်းတင်ပြဖို့ ဖိတ်ကြားသွားမှာ ဖြစ်ပါတယ်။ ဒီလို အသေးစိတ် ရှင်း လင်းတင်ပြတဲ့အခါမှာ စီမံကိန်းနဲ့ ဘတ်ဂျက်ကို ယှဉ်တွဲစဉ်းစားရမှာ ဖြစ်တဲ့ အတွက် ပြည်ထောင်စုလွှတ်တော်ကို တင် တဲ့အခါမှာ စီမံကိန်းနဲ့ ဘတ်ဂျက်ကို တစ်ဆက်တည်း တင်ပြခိုင်းပြီးတော့မှ ရှင်းလင်းခိုင်းမှာ ဖြစ်ပါတယ်။ ဒီရှင်းလ င်းချက်တွေက အားလုံး သိသင့် သိထိုက်တဲ့ ကိစ္စတွေဖြစ်ပါတယ်။ ဒါကြောင့် မပျက်မကွက်တက်ရောက်ကြဖို့ ပန်ကြားခြင်းဖြစ် ပါတယ်။

ပြဋ္ဌာန်းထားတဲ့ လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများအရ နေ့စဉ် အစည်းအဝေး အစီအစဉ်ကို ပြီးဆုံးအောင်ဆောင်ရွက်ရမယ် ဆိုတဲ့ ပြဋ္ဌာန်းချက်ပါရှိပါတယ် ။ ဒါကြောင့် ညနေ ၄ နာရီလို့ မူအားဖြင့် သတ်မှတ်ထားသော် လည်း လွှတ်တော်ရဲ့ သဘောတူ ညီချက် ရယူပြီးတော့ ဆောင်ရွက်မှာဖြစ်တဲ့အတွက် ညနေစာ စားဖို့ စီစဉ်ပေးပြီးတော့ ည ၁၀ နာရီလောက်အထိလည်း ဖြစ်သွားချင်ဖြစ်သွားနိုင်တဲ့ အနေအထား ရှိပါတယ်။ နောက် ကျန်းမာရေးကိုလည်း ဂရုစိုက်ဖို့ လည်းလိုပါတယ်။ ဝန်ကြီးများ ရှင်းပြီးတဲ့အချိန်မှာတော့ အေးအေးဆေးဆေး လေ့လာနိုင်အောင် ဒီညဖက်ကို ကျွန်တော်တို့ ဆက်ပြီးတော့မလုပ်ပါဘူး။ ဝန်ကြီးတွေ ရှင်းတဲ့အချိန်မှာတော့ ညဖက်ကို ဆက်လုပ်ဖို့ ပြည်ထောင်စုလွှ တ်တော် နာယကအနေနဲ့ ကျွန်တော်လျာထားတာ ရှိပါတယ်။ ဒါကို တင်လာတဲ့ အမျိုးသားစီမံကိန်းတွေ၊ ဘတ်ဂျက်တွေဟာ အတိုချုပ်အားဖြင့်ပေါ့နော်၊ ဘတ်ဂျက် တွေဟာ ပြည်သူလူထု လိုလားချက်၊ ပြည်သူလူ ထုရဲ့ စိတ်ချမ်းသာပျော်ရွှင်မှု ၊ ဒါ့အပြင် အမျိုးသားရေး လိုလားချက် ဒါတွေကို ပကတိဖြစ်ပေါ်နေတဲ့၊ လက်ရှိဖြစ်ပေါ်နေတဲ့ နိုင်ငံတော် ရဲ့ အခြေအနေမှန် အပေါ်သုံးသပ်ပြီးတော့ ဆုံးဖြတ်ပေးရမှာ ဖြစ်ပါတယ်။ ဒီနေရာမှာ ပြ ည်ထောင်စု လွှတ်တော်ဆိုင်ရာ ဥပဒေ ၊ နည်းဥပဒေများကိုလည်း အသေးစိတ်ပြန်ဖတ်ထားဖို့ လိုပါလိမ့် မယ်။ ဒီလိုအရေးကြီးတဲ့ ဥပဒေတွေမှာ ဒီဥပဒေ၊ နည်းဥပဒေ က ကျွန်တော်တို့အတွက် အတိအကျ လိုက်နာရမယ့်ကိစ္စ ဖြစ်ပါတယ်။ အလားတူပဲ ဒီလိုဆောင်ရွက် ရင်းနဲ့ ဥပဒေ၊ နည်းဥပဒေ ပြင်ဖို့ သင့်တယ်ဆိုတဲ့ကိစ္စမျိုး တွေ့လာရင်လည်း မှတ်သားထားဖို့ လိုပါတယ်။ မှတ်သားထားပြီးတော့မှ ကျွန်တော်တို့ ဒါကို ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ တစ်ဆက်တည်းမှာပဲ လွှတ်တော်

ဥက္ကဋ္ဌအနေနဲ့ လွှတ်တော်ကိုခွင့်တောင်းချင်တာ ရှိပါတယ်။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအနေနဲ့၊ အဲဒီကိစ္စကတော့ ဝတ်ရုံကိစ္စ ဖြစ်ပါတယ်။ ဒီက ရွှေ့လျှောက် မှာ အချိန်ပိုတွေလည်း ထိုင်ရမှာ ဖြစ်တဲ့အတွက် ဒီ ဝတ်ရုံသည် တရုတ်ရဲ့ သက္ကလတ်နှစ်ထပ်စော င်ကို ခြုံထားရသလို ဖြစ်နေတဲ့ အတွက် မနက် ပိုင်း မေးခွန်းများ Session ပြီးတဲ့အချိန်အထိ ဝတ်ပြီးရင် နေ့လယ်ပိုင်းမှာတော့ တိုက်ပုံအကျီအနက်နဲ့ပဲ ဝတ်ခွင့်ပြု ဖို့ ပန်ကြားခြင်းဖြစ်ပါတယ်။ ဒါကိုလည်း ခွင့်ပြုပေးကြဖို့၊ နားလည်ပေးကြဖို့ ဖြစ်ပါတယ်။ အဲဒီလိုမှမဟုတ်ရင်လည်း ကုန်းတက်မှာနင်းရတဲ့ ဆိုက်ကားသမား လိုပဲ ချွေးတလုံးလုံးနဲ့ ဖြစ်နေတာကို အောက်က ကြည့်ကောင်း ကောင်းနဲ့ ထိုင်ကြည့်နေကြတော့ မှာလားလို့ပဲ ပြောချင်ပါတယ်။ ဒါ နှုတ်ခွန်းဆက်စကား ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက နိုင်ငံတော်သမ္မတထံမှ ပေးပို့လာသော သဝဏ်လွှာကို ဖတ်ကြားခြင်း

**အချိန်၊ ၁၀း၂၁။**

**ဥက္ကဋ္ဌ။** ။ ယခုဆက်လက်ပြီးတော့ နိုင်ငံတော်သမ္မတထံမှ ဥက္ကဋ္ဌ အမျိုးသား လွှတ်တော်ထံ လိပ်မူပြီး သဝဏ်လွှာတစ် စောင် ပေးပို့ထားပါတယ်။ ဒီ သဝဏ်လွှာကို ယခု လွှတ်တော်သို့ ဖတ်ကြားတင်သွင်းမှာ ဖြစ်ပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်သမ္မတရုံး

စာအမှတ်၊ ၁၀၉ (၁) / ၈ / သမ္မတရုံး၊

ရက် စွဲ၊ ၂၀၁၂ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်

သို့၊

ဥက္ကဋ္ဌ၊

အမျိုးသားလွှတ်တော်

အကြောင်းအရာ။ **သဝဏ်လွှာ ပေးပို့ခြင်း**

၁။ နိုင်ငံနှင့်ပြည်သူတို့၏အကျိုးငှာ ဆွေးနွေးညှိနှိုင်းနိုင်ရန်အတွက် စတင်ကျင်းပသည့် ပထမအကြိမ်အမျိုးသားလွှတ်တော် တတိယ အကြိမ်ပုံမှန်အစည်းအဝေးသို့ တက်ရောက်လာကြ

သည့် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

၂။ လွှတ်တော် ဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်များက နိုင်ငံနှင့်ပြည်သူအကျိုးငှာ ဥပဒေရေးရာ၊ မူဝါဒရေးရာများကို အားသွန်ခွန်စိုက် ညှိနှိုင်းဆွေးနွေး ဆုံးဖြတ်ဆောင်ရွက်လျက် ရှိသကဲ့သို့ မိမိတို့ ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် အစိုးရအဖွဲ့များကလည်း ၃၀-၃-၂၀၁၁ ရက်က ပြည်ထောင်စုလွှတ်တော်တွင် ပြောကြားခဲ့သည့် ပြည်ထောင်စုအစိုးရသစ်၏ မူဝါဒသဘောထား လမ်းစဉ်များနှင့်အညီ အားကြိုးမာန်တက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

၃။ နိုင်ငံနှင့် ပြည်သူသို့ ကတိကဝတ်ပြုခဲ့ပြီးဖြစ်သည့်အတိုင်း နိုင်ငံတည်ငြိမ် အေးချမ်း ရေးနှင့် တရားဥပဒေစိုးမိုးရေး၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊ ဒီမိုကရေစီကျင့်စဉ်များ ထွန်းကားရေး၊ ကောင်းမွန် သော အုပ်ချုပ်ရေးနှင့် သန့်ရှင်း သော အစိုးရဖြစ်ပေါ်ရေး၊ ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ နိုင်ငံသားများ၏ မူလအခွင့်အရေးများ ရရှိရေး၊ ပညာရေးနှင့် ကျန်းမာရေး အဆင့်အတန်း မြှင့်တင်ရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲရေး၊ နိုင်ငံနှင့် ပြည်သူ၏ အနာဂတ် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက် မြင့်မားရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ပြုပြ င်ပြောင်းလဲ ကြိုးပမ်းဖော်ဆောင် လျက်ရှိပါသည်။

၄။ အထူးသဖြင့် ပြည်သူတိုင်း၏ လိုလားတောင့်တချက် ဖြစ်သည့် နိုင်ငံတော် တည်ငြိမ် အေးချမ်းရေး၊ နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူတို့၏ လူမှု စီးပွားဘဝ ဖွံ့ဖြိုး တိုးတက်ရေး၊ ဒီမိုကရေစီဖော်ဆောင်ရေး သို့မှသာ ဥပဒေနှင့်အညီ လွတ်လပ်စွာ နေထိုင်လုပ်ကိုင် စားသောက်နိုင်ရေးတို့ကို အလေးထားပြီး တစိုက်မတ်မတ် ကြိုးပမ်းဖော်ဆောင်ပေးလျက်ရှိပါသည်။

၅။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် စပ်လျဉ်း၍ ပြည်ထောင်စုအတွင်း ထာဝရ ငြိမ်းချမ်းရေး ရရှိစေနိုင်ရန်အတွက် နိုင်ငံ၏ ပကတိအရှိတရားနှင့် အတိတ်သမိုင်း အတွေ့အကြုံ များအပေါ် အခြေခံလျက် ယခင်ကနှင့် မတူသည့်မူများကို ကျင့်သုံးကာ ကြိုးပမ်းဆောင်ရွက် လျက်ရှိပါသည်။ ယနေ့အထိ ငြိမ်းချမ်းရေးရယူနိုင်ခြင်းမရှိသေးသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့(၁၁)ဖွဲ့လုံးနှင့် ထိတွေ့ ဆွေးနွေးညှိနှိုင်းပြီး အဖွဲ့ (၆)ဖွဲ့နှင့် အခြေခံသဘော တူညီချက်များကို လက်မှတ်ရေးထိုး ဆောင်ရွက်နိုင်ခဲ့ပြီး ဖြစ်ပါသည်။ ကျန်အဖွဲ့ (၅)ဖွဲ့နှင့်လည်း ထိတွေ့ ညှိနှိုင်း

ဆွေးနွေးလျက်ရှိရာ ခြုံငုံသုံးသပ်ရပါက ငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်းစဉ်များ တိုးတက်အောင်မြင်ပြီး အခြေအနေကောင်းမွန်သည်ကို တွေ့မြင်နိုင်ပါသည်။ ဆက်လက်၍လည်း ထာဝရငြိမ်းချမ်းရေးရရှိအောင် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၆။ ထို့ပြင် နိုင်ငံတော်တည်ငြိမ်ရေးအတွက် အမျိုးသားစည်းလုံးညီညွတ်ရေး ဖော်ဆောင်နိုင်ရန် အမြင်သဘောထား မတူသည်များကို ထားပြီး အမြင်သဘောထား တူညီသည်များကို ပြည်သူများအကျိုးအတွက်ပူးပေါင်းဆောင်ရွက်ရေးမူဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။အမျိုးသားနိုင်ငံရေးလုပ်ငန်းစဉ်များတွင် အားလုံးပါဝင်နိုင်အောင် ဆောင်ရွက်သင့်သည်များကိုလည်း ဆောင်ရွက် ပေးခဲ့ပါသည်။ အကြောင်းအမျိုးမျိုးဖြင့် ပြည်ပရောက်နေကြသော နိုင်ငံသားများကိုလည်း နိုင်ငံတော်တည်ဆောက် ရေး လုပ်ငန်း စဉ်များတွင် ပါဝင်နိုင်အောင် လက်ကမ်း ဖိတ်ခေါ်ခဲ့ပါသည်။ ထိုသို့ ဆောင်ရွက်မှုကြောင့် အမျိုးသားပြန်လည်စည်းလုံး ညီညွတ်ရေး တိုးတက်ကောင်းမွန်လာပြီး ပြည်တွင်နိုင်ငံရေး တည်ငြိမ်မှု ရှိလာသည်ကိုလည်း တွေ့မြင်နိုင်ပါသည်။

၇။ နိုင်ငံခေတ်မီဖွံ့ဖြိုးတိုးတက်စေရန်နှင့် ပြည်သူတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် ရည်စူး၍ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမြှင့်တင်မှုများကိုလည်း တစိုက်မတ်မတ် ဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံ၏ စီးပွားရေးအဆောက်အအုံတစ်ခုလုံး ပြောင်းလဲတိုးတက်လာစေရန်အတွက် ငွေကြေးမူဝါဒ၊ ဘဏ္ဍာရေးမူဝါဒ၊ ကုန်သွယ်ရေးမူဝါဒနှင့် ရင်းနှီးမြှုပ်နှံမှု မူဝါဒများကို ပြန်လည်သုံးသပ်ပြီး ပြုပြင်သင့်သည်များကို အရှိန်အဟုန်ဖြင့် ပြုပြင်ဆောင်ရွက်ပေးလျ က်ရှိပါသည်။ အထူးသဖြင့် ရင်းနှီးမြှုပ်နှံမှုနယ်ပယ်၌ ပြည်ပရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာနိုင်ရန် ရေခံ မြေခံပတ်ဝန်းကျင်ကောင်းများ ဖြစ်ထွန်းလာရေး ပြုပြင်ဖော်ဆောင်ပေးလျက်ရှိပါသည်။ ကူးသန်းရောင်းဝယ်မှုလုပ်ငန်းများပို့ကုန်သွင်းကုန်လုပ်ငန်းများ သွက်လက်ချောမွေ့ ဖွံ့ဖြိုးလာစေ ရေးအတွက်လည်း လုပ်ထုံးလုပ်နည်းဆိုင်ရာ ဖြေလျော့မှုများ ဆောင်ရွက်ပေးလျက်ရှိပါသည်။

၈။ ထို့ပြင် ပြည်သူများ၊ တောင်သူလယ်သမား များနှင့် အလုပ်သမားများ၏ လူမှု စီးပွားဘဝဖွံ့ဖြိုးလာစေရန် တတ်နိုင်သမျှကူညီဆောင်ရွက်ရမည်ဟူသည့် အခြေခံဥပဒေပါပြဋ္ဌာန်းချက်နှင့်အညီ ကျေးလက်ဒေ သဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျော့ချရေးလုပ်ငန်းစဉ် များကိုလည်း နိုင်ငံတစ်ဝန်းလုံး၌လက်တွေ့ကျကျအကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည်။ လုပ်ငန်း

ကဏ္ဍ(၈)ရပ် ချမှတ်ပြီး တစ်နိုင်ငံလုံးရှိ မြို့နယ်ပေါင်း (၃၃၀)၊ မြို့နယ်ခွဲ (၈၂)ခု တို့၌ အောက်ခြေ အထိဆင်းပြီး ကျေး လက်ပြည်သူများနဲ့ ပူး ပေါင်းလျက် လက်တွေ့ထိရောက် အောင် မြင်အောင် ဆောင်ရွက်လျက်ရှိပါသည်။

၉။ ဒီမိုကရေစီဖော်ဆောင်ရေး သို့မဟုတ် ဥပဒေနှင့်အညီ လွတ်လပ်စွာ နေထိုင်လုပ်ကိုင် စားသောက်နိုင်ရေးအတွက်လည်း ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးများကို အခြေခံဥပဒေနှင့် အညီ မြှင့်တင်ဖော်ဆောင်ပေးလျက်ရှိပါသည်။

၁၀။ ထိုသို့ ဘက်စုံ၊ ထောင့်စုံ၊ ကဏ္ဍစုံတွင် ပြုပြင်ပြောင်းလဲမှုများဖြင့် နိုင်ငံနှင့် ပြည်သူ တို့၏အကျိုးကို အကောင်အထည်ဖော်ဆောင်ရွက်မှုများနှင့်တစ်ပြိုင်တည်း နိုင်ငံတကာဆက်ဆံရေး ကိုလည်း ကျယ်ကျယ်ပြန့်ပြန့် မြှင့်တင်ဆောင်ရွက်ခဲ့ရာ နိုင်ငံတကာနှင့် ချစ်ကြည်မှု နားလည်မှုများ ပိုမိုမြင့်မားလာသည်ကို တွေ့မြင်နိုင်ပါသည်။

၁၁။ ထိုသို့ နိုင်ငံနှင့်ပြည်သူတို့၏ အကျိုးအတွက် ဘက်စုံ၊ ထောင့်စုံမှ ပြုပြင် ပြောင်းလဲ ဆောင်ရွက်ရာတွင် အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ဥပဒေပေါင်း (၁၅)ခုကို အသစ်ပြဋ္ဌာန်းခြင်း၊ပြင်ဆင်ဖြည့်စွက်ခြင်းပြုလုပ်ခဲ့ရပါသည်။ထိုသို့ ဥပဒေသစ်ပြဋ္ဌာန်းခြင်း၊ ပြင်ဆင်ဖြည့်စွက်ခြင်းအပါအဝင် အထက်၌တင်ပြခဲ့သည့် လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပြည်ထောင်စုလွှတ်တော်၏ ထောက်ခံအားပေးမှု ရရှိခဲ့သည့် အတွက် အထူး ကျေးဇူးတင်ရှိပါသည်။

၁၂။ မိမိတို့နိုင်ငံသည် ပါတီစုံဒီမိုကရေစီစနစ်နှ င့် နှစ်ပေါင်း(၄၀)ကျော် ကင်းကွာ ခဲ့ရ သည့်အတွက် ယခုကဲ့သို့ လွှတ်တော်အဆင့်ဆင့် ပေါ်ပေါက်လာချိန်တွင် လွှတ်တော်အတွင်း လုပ်ထုံးလုပ်နည်းများနှင့် စပ်လျဉ်း၍ ခက်ခက်ခဲခဲ ရှာဖွေ လေ့လာ ကျင့်သုံးခဲ့ရသည်ကို တွေ့ရှိရ ပါသည်။ သို့သော်လည်း လွှတ်တော် ဥက္ကဋ္ဌများ၏ စွမ်းရည်ရှိရှိ ဦးဆောင်မှု ၊ လွှတ်တော် ကိုယ်စားလှယ်များ၏ ပါဝင်ပူးပေါင်း ကြိုးပမ်းဆောင်ရွက်မှုများကြောင့် နိုင်ငံနှင့် ပြည်သူအကျိုး အတွက် အဓိကကျသည့် ဥပဒေသစ်များ ပြဋ္ဌာန်းခြင်း၊ ဥပဒေဟောင်းများကို ပြင်ဆင်ဖြည့်စွက်ခြင်း၊ အရေးကြီးသည့် မူဝါဒများကို ဆွေးနွေးချမှတ်ခြင်း စသည်တို့ကို အောင်မြင်စွာ ဆောင်ရွက်နိုင် ခဲ့ကြောင်း ဝမ်းသာဂုဏ်ယူဖွယ် တွေ့ရှိရပါသည်။

၁၃။ ထို့အတူ ယခုစတင်ကျင်းပသည့် ပထမအကြိမ် အမျိုးသားလွှတ်တော်တတိယအကြိမ် ပုံမှန်အစည်းအဝေးတွင်လည်း တန်ဖိုးရှိလှသော လွှတ်တော် အစည်းအဝေးကာလအတွင်း နိုင်ငံနှင့်ပြည်သူများအတွက် အဓိကအရေးကြီးမည့် ဥပဒေရေးဆိုင်ရာကိစ္စများ၊ မူဝါဒဆိုင်ရာနှင့် ပြည်ထောင်စုရေးရာ ကိစ္စများကို ပိုမိုအလေးထား အကောင်အထည်ဖော် ဆွေးနွေးဆောင်ရွက်သွားနိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။

၁၄။ မိမိတို့ ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့်လည်း ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်တို့နှင့် လက်တွဲပြီး နိုင်ငံနှင့်ပြည်သူတို့၏ အနာဂတ်ဘဝ သာယာလှပစေရန်အတွက် တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်ဟူသော လောကပါလတရားများ ထွန်းကားသည့် ခေတ်မီဖွံ့ဖြိုး တိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းပေါ်ပေါက်လာစေရန်နှင့် ရေရှည်တည်တံ့ ရှင်သန်နိုင်စေရန် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သဝဏ်လွှာအဖြစ် ပေးပို့အပ်ပါသည်။ သိန်းစိန်၊ နိုင်ငံတော်သမ္မတ။ ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဘဏ္ဍာရေးနှင့်ဥပဒေရေးရာကော်မရှင် ဖွဲ့စည်းခြင်းနှင့် ကော်မရှင်တွင်ပါဝင်သည့် ကော်မရှင်ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်တို့၏အမည်စာရင်းကို အမျိုးသားလွှတ်တော်သို့ တင်ပြခြင်းနှင့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက် ရယူခြင်း

**အချိန်၊ ၁၀း၃၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၉ ၊ ဥပဒေပုဒ်မ ၃၀ နှင့် နည်းဥပဒေများ ၈၁ နှင့် ၈၂ တို့အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဘဏ္ဍာရေးနှင့် ဥပဒေရေးရာကော်မရှင်ကို (၁၁)ဦးဖြင့် ဖွဲ့စည်းခဲ့ပါတယ်။

ကော်မရှင်ဝင်များရဲ့ အမည်စာရင်းကတော့ -

( ၁ ) ဦးအောင်ထွန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)

( ၂ ) ဦးမြင့်သိန်း၊ ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ လွှတ်တော်ရုံး

( ၃ ) ဦးကြည်ရှိန်၊ ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန

( ၄ ) ဒေါက်တာဒေါ်ခင်အုန်းသန့်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန

( ၅ ) ဦးဟန်ရှိန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန

( ၆ ) ဦးကျော်စိန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး

( ၇ ) ဒေါက်တာဒေါ်ရီရီမြင့် ၊ ပါမောက္ခ(ဌာနမှူး)(ငြိမ်း)၊ စီမံခန့်ခွဲမှုပညာဌာန၊ စီးပွားရေးတက္ကသိုလ်(ရန်ကုန်)

( ၈ ) ဦးစန်းလွင်၊ ညွှန်ကြားရေးမှူး(ငြိမ်း)၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး

( ၉ ) ဒေါ်ခင်သွယ်သွယ်မြင့်၊ ညွှန်ကြားရေးမှူး(ကျွမ်းကျင်)၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

(၁၀) ဗိုလ်မှူး မောင်မောင်ကြီး၊ တပ်မတော်သားကိုယ်စားလှယ်

(၁၁) ဦးရဲမြင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄) တို့ ဖြစ်ပါတယ်။

ဘဏ္ဍာရေးနှင့် ဥပဒေရေးရာကော်မရှင်မှာ မကွေးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးအောင်ထွန်း က ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်မှာဖြစ်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးရဲမြင့် က အတွင်းရေးမှူးအဖြစ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ယခု ဘဏ္ဍာရေးနှင့် ဥပဒေရေးရာကော်မရှင် ဖွဲ့စည်းခြင်းနှင့် ကော်မရှင်တွင်ပါဝင်သည့် ကော်မရှင်ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်တို့၏ အမည်စာရင်းကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူမှာဖြစ်ပါတယ်။

လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်က အတည်ပြုတဲ့အတွက် ဘဏ္ဍာရေးနှင့် ဥပဒေရေးရာကော်မရှင် ဖွဲ့စည်းခြင်းနှင့် ကော်မရှင်တွင် ပါဝင်သည့် ကော်မရှင်ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်တို့၏ အမည်စာရင်းကို အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်ကော်မတီများ ပြင်ဆင်ဖွဲ့စည်းရေးအတွက် ပြင်ဆင်ဖွဲ့စည်းမည့် ကော်မတီများတွင် ပါဝင်မည့် ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်တို့၏ အမည်စာရင်းကိုအမျိုးသားလွှတ်တော်သို့ တင်ပြခြင်းနှင့် အမျိုးသားလွှတ်တော်၏ သဘောတူညီချက် ရယူခြင်း

**အချိန်၊ ၁၀း၃၄။**

**ဥက္ကဋ္ဌ၊** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၁ ၊ နည်းဥပဒေများဆိုင်ရာ ၃၃ နှင့် ၄၀ တို့အရ ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေး ဒုတိယနေ့တွင် ဖွဲ့စည်းခဲ့သော ဥပဒေကြမ်းကော်မတီကို ပြင်ဆင်ဖွဲ့စည်းမှာ ဖြစ်ပါတယ်။

ပြင်ဆင်ဖွဲ့စည်းမည့် ဥပဒေကြမ်းကော်မတီဝင်များရဲ့ အမည်စာရင်းကတော့-

( ၁ ) ဦးမြညိမ်း၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)

( ၂ ) ဒေါ်နန်းနီနီအေး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)

( ၃ ) ဦးဆွန်ဒုတ်ကျင့်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)

( ၄ ) ဦးသိန်းဝင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)

( ၅ ) ဦးသန်းမြင့်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)

( ၆ ) ဦးမြင့်ထွန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)

( ၇ ) ဦးစိုးမြင့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)

( ၈ ) ဦးဇော်မြင့်ဖေ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)

( ၉ ) ဦးမှတ်ကြီး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)

(၁၀) ဦးကျော်ကျော်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)

(၁၁) ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)

(၁၂) ဦးတင်ယု၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)

(၁၃) ဦးဆိုင်ပေါင်းနပ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)

(၁၄) ဗိုလ်မှူးကြီး လှထွန်း၊ တပ်မတော်သားကိုယ်စားလှယ်

(၁၅) ဦးစံထွန်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)တို့ ဖြစ်ပါတယ်။

ပြင်ဆင်ဖွဲ့စည်းမည့် ဥပဒေကြမ်းကော်မတီတွင် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးမြညိမ်း က ဥက္ကဋ္ဌအဖြ စ် ဆောင်ရွက်မှာဖြစ်ပြီး ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးစံထွန်း က အတွင်းရေးမှူးအဖြစ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၅။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဆက်လက်ပြီး အမျိုးသားလွှတ်တော် ဆိုင်ရာ ဥပဒေပုဒ်မ ၂၁၊ နည်းဥပဒေ များဆိုင်ရာ ၃၃ နှင့် ၄၇ တို့အရ ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေး တတိယနေ့တွင် ဖွဲ့စည်းခဲ့သော ပြည်သူ့ငွေစာရင်းကော်မတီကို ပြင်ဆင်ဖွဲ့စည်းမှာ ဖြစ်ပါတယ်။

ပြင်ဆင်ဖွဲ့စည်းမည့် ပြည်သူ့ငွေစာရင်းကော်မတီဝင်များရဲ့ အမည်စာရင်းကတော့-

( ၁ ) ဦးသိန်းဝင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)

( ၂ ) ဦးဘရန်ရှောင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)

( ၃ ) ဦးမန်းကံညွန့်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)

( ၄ ) ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)

( ၅ ) ဦးစတီဗင်သာဘိတ်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)

( ၆ ) ဒေါက်တာခင်မောင်လေး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)

( ၇ ) ဦးလှဆွေ ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)

( ၈ ) ဒေါ်ရီရီမြင့်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)

( ၉ ) ဒေါက်တာဗညားအောင်မိုး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)

(၁၀) ဦးအုန်းတင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)

(၁၁) ဒေါက်တာစိုင်းဆိုင်ကျော့က်ဆမ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)

(၁၂) ဦးခင်မောင်ရီ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)

(၁၃) ဗိုလ်မှူးကြီး မောင်မောင်ထူး၊ တပ်မတော်သားကိုယ်စားလှယ်

(၁၄) ဗိုလ်မှူး မောင်မောင်ကြီး၊ တပ်မတော်သားကိုယ်စားလှယ်

(၁၅) ဦးနု၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)တို့ဖြစ်ပါတယ်။

ပြင်ဆင်ဖွဲ့စည်းမည့် ပြည်သူ့ငွေစာရင်းကော်မတီမှာစစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးသိန်းဝင်း က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်မှာဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးနု က အတွင်းရေးမှူးအဖြစ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၇။**

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဆက်လက်ပြီး အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၁ ၊ နည်းဥပဒေ များဆိုင်ရာ ၃၃ နှင့် ၅၄ တို့အရ ပထမအကြိမ် အမျိုးသားလွှတ်တော်ပုံမှန်အစည်းအဝေး စတုတ္ထနေ့တွင် ဖွဲ့စည်းခဲ့သော လွှတ်တော်အခွင့်အရေးကော်မတီကို ပြင်ဆင်ဖွဲ့စည်းမှာ ဖြစ်ပါတယ်။

ပြင်ဆင်ဖွဲ့စည်းမည့် လွှတ်တော်အခွင့်အရေး ကော်မတီဝင်များရဲ့ အမည်စာရင်းကတော့ -

( ၁ )ဦးမြညိမ်း၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)

( ၂ )ဦးဂျေယောဂူ၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)

( ၃ )ဦးဘိုးရယ်၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)

( ၄ ) ဦးစောတော်ပလဲ၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)

( ၅ ) ဦးဌေ့ယိန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)

( ၆ ) ဦးထွန်းမြင့်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)

( ၇ ) ဦးလှအေး၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)

( ၈ ) ဦးရဲမြင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)

( ၉ ) ဦးမင်းလွန်းအောင်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)

(၁၀) ဦးညိုထွန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)

(၁၁) ဦးဝီလ်ဆင်မိုး၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)

(၁၂) ဒေါက်တာဌေးနိုင်၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)

(၁၃) ဗိုလ်မှူး ဇဝန၊ တပ်မတော်သားကိုယ်စားလှယ်

(၁၄) ဗိုလ်မှူး တင်အောင်မိုး၊ တပ်မတော်သားကိုယ်စားလှယ်

(၁၅) ဦးအောင်ငြိမ်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)တို့ဖြစ်ပါတယ်။

ပြင်ဆင်ဖွဲ့စည်းမည့် လွှတ်တော်အခွင့်အရေး ကော်မတီမှာ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးမြညိမ်း က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်မှာဖြစ်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ငြိမ်း က အတွင်းရေးမှူးအဖြစ် ဆောင်ရွက်မှာဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၈။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဆက်လက်ပြီး အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၁ ၊ နည်းဥပဒေများဆိုင်ရာ ၃၃ နှင့် ၆၇ တို့အရ ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေး ပဥ္စမနေ့တွင် ဖွဲ့စည်းခဲ့သောအစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီကို ပြင်ဆင်ဖွဲ့စည်းမှာ ဖြစ်ပါတယ်။

ပြင်ဆင်ဖွဲ့စည်းမည့် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဝင်များရဲ့ အမည်စာရင်းကတော့ -

( ၁ ) ဦးအောင်ထွန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)

( ၂ ) ဦးမြအုန်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)

( ၃ ) ဦးနှင်းဝေ၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)

( ၄ ) ဦးဆလိုင်းခွဲယန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)

( ၅ ) ဦးသိန်းလှိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)

( ၆ ) ဦးအောင်ချစ်လွင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)

( ၇ ) ဦးသန်းဆွေ၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)

( ၈ ) ဦးညွန့်တင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)

( ၉ ) ဦးဝင်းနောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)

(၁၀) ဦးစိုင်းကျော်ဇောသန်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)

(၁၁) ဦးထွန်းကျော်(ခ)ဦးအိုက်ကျော်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)

(၁၂) ဦးဉာဏ်လင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)

(၁၃) ဗိုလ်မှူး မျိုးအောင်၊ တပ်မတော်သားကိုယ်စားလှယ်

(၁၄) ဗိုလ်မှူး ကျော်နိုင်ဌေး၊ တပ်မတော်သားကိုယ်စားလှယ်

(၁၅) ဦးခင်မောင်ဌေး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)တို့ဖြစ်ပါတယ်။

ပြင်ဆင်ဖွဲ့စည်းမည့် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီမှာ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးအောင်ထွန်း က ဥက္ကဋ္ဌ အဖြစ်ဆောင်ရွက်မှာဖြစ်ပြီး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးခင်မောင်ဌေး က အတွင်းရေးမှူးအဖြစ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဆက်လက်ပြီး အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၇(ဂ)အရ ပထမအကြိမ် အမျိုးသား လွှတ်တော် ပုံမှန် အစည်းအဝေး ၁၄ ရက်မြောက်နေ့တွင် ဖွဲ့စည်းခဲ့သော လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေး ကော်မတီကို ပြင်ဆင်ဖွဲ့စည်းမှာ ဖြစ်ပါတယ်။

ပြင်ဆင်ဖွဲ့စည်းမည့် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီ ဝင်များရဲ့ အမည်စာရင်းကတော့ -

( ၁ )ဦးသန်းဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)

( ၂ )ဦးစိုင်းတင်အောင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)

( ၃ )ဦးပိုးရယ်အောင်သိန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)

( ၄ )ဦးစောငြိမ်းသင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)

( ၅ )ဦးပေါလ်ထန်ထိုင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)

( ၆ )ဦးမောင်စိန်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)

( ၇ )ဦးမောင်သာခင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)

( ၈ ) ဗိုလ်မှူးသိန်းထွန်း၊ တပ်မတော်သားကိုယ်စားလှယ်

( ၉ ) ဦးထွန်းဇော်(ခ)ကိုပေါက်၊ ပဲခူးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၁၂) တို့ဖြစ်ပါတယ်။

ပြင်ဆင်ဖွဲ့စည်းမည့် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီမှာ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၇)မှ ဦးသန်းဆွေ က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်မှာဖြစ်ပြီး ပဲခူးတိုင်းဒေသကြီး မဲ ဆန္ဒနယ်အမှတ်(၁၂)မှ ဦးထွန်းဇော် (ခ)ကိုပေါက် က အတွင်းရေးမှူးအဖြစ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ပထမနေ့တွင် ဖွဲ့စည်းခဲ့သော တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးကော်မတီကို တိုင်းရင်းသားရေးရာကော်မတီအဖြစ် အမည်ပြောင်းလဲ၍ အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းမှာ ဖြစ်ပါတယ်။

ပြင်ဆင်ဖွဲ့စည်းမည့် တိုင်းရင်းသားရေးရာကော်မတီဝင်များရဲ့ အမည်စာရင်းကတော့-

( ၁ ) ဦးဆိုင်ပေါင်းနပ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)

( ၂ ) ဦးစခုန်တိန့်ယိန်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)

( ၃ ) ဦးကျော်ဒင်(ခ)ဦးထေးရယ်၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)

( ၄ ) ဦးဆန်းရယ်၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)

( ၅ ) ဦးစောထွန်းမြအောင်(ခ)ဦးထွန်းမြအောင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)

( ၆ ) ဦးစောမြဝင်း၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)

( ၇ ) ဦးပေါ်လျှံလွင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)

( ၈ ) ဦးမြတ်ကို၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)

( ၉ ) ဦးတင်ရှိန်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)

(၁၀) ဦးစောအုန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)

(၁၁) ဦးမောင်စောဖြူ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)

(၁၂) ဦးလျူကွယ်ရှို၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)

(၁၃) ဗိုလ်မှူးကြီး လှထွန်း၊ တပ်မတော်သားကိုယ်စားလှယ်

(၁၄) ဗိုလ်မှူး မြင့်နိုင်သန်း၊ တပ်မတော်သားကိုယ်စားလှယ်

(၁၅) ဦးခက်ထိန်နန်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)တို့ဖြစ်ပါတယ်။

တိုင်းရင်းသားရေးရာကော်မတီမှာ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဆိုင်ပေါင်းနပ် က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်မှာဖြစ်ပြီး ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဦးခက်ထိန်နန် က အတွင်းရေးမှူးအဖြစ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဆက်လက်ပြီး ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ပထမနေ့တွင် ဖွဲ့စည်းခဲ့သော နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီကို ပြင်ဆင်ဖွဲ့စည်းမှာ ဖြစ်ပါတယ်။

ပြင်ဆင်ဖွဲ့စည်းမည့် နိုင်ငံ သားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီ အရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီဝင်များရဲ့ အမည်စာရင်းကတော့ -

( ၁ ) ဒေါက်တာအေးမောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)

( ၂ ) ဦးခက်ထိန်နန်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)

( ၃ ) ဦးဂျေယောဝူ ၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)

( ၄ )ဦးကော်ရိုင်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)

( ၅ )ဦးစောထွန်းမြအောင်(ခ)ဦးထွန်းမြအောင်၊ ကရင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၅)

( ၆ )ဦးစိုးသက်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁)

( ၇ )ဒေါက် တာညီညီထွန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၁)

( ၈ ) ဦးညို့ထွန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)

( ၉ ) ဦးဖုန်းမြင့်အောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)

(၁၀)ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)

(၁၁)ဦးစိုင်းဝင်းမောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)

(၁၂)ဦးစိုးဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)

(၁၃)ဗိုလ်မှူးအေးထွန်း၊ တပ်မတော်သားကိုယ်စားလှယ်

(၁၄)ဗိုလ်မှူးဝင်းမြင့်ထွန်း၊ တပ်မတော်သားကိုယ်စားလှယ်

(၁၅)ဦးမြင့်ထွန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)တို့ ဖြစ်ပါတယ်။

နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီ မိုကရေစီအရေးနှင့် လူ့အခွင့်အရေး ဆိုင်ရာ ကော်မတီမှာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဒေါက်တာအေးမောင် က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်မှာဖြစ်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးမြင့်ထွန်း က အတွင်းရေးမှူး အဖြစ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၄။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဆက်လက်ပြီး ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ပထမနေ့တွင် ဖွဲ့စည်းခဲ့သော အမျိုးသားစီမံကိန်း၊ စီးပွားရေး၊ ငွေရေးကြေးရေးနှင့် အခွန်အကောက်ဆိုင်ရာ ကော်မတီကို ကော်မတီ(၃)ရပ်အဖြစ်သို့ တိုးချဲ့ဖွဲ့စည်းမှာ ဖြစ်ပါတယ်။

၄င်းကော်မတီ(၃)ရပ်ကတော့-

( ၁ ) အမျိုးသားစီမံကိန်းရေးရာကော်မတီ၊

( ၂ ) ငွေရေးကြေးရေးနှင့် အခွန်အကောက်ဆိုင်ရာကော်မတီ၊

( ၃ ) စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာကော်မတီတို့ ဖြစ်ပါတယ်။

အမျိုးသားစီမံကိန်းရေးရာ ကော်မတီဝင်များရဲ့ အမည်စာရင်းကတော့ -

( ၁ ) ဦးဇော်မြင့်ဖေ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)

( ၂ )ဦးဌေးရယ် ၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်    (၇)

( ၃ )ဦးမနားနိုင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်     (၁၀)

( ၄ ) ဦးမောင်မောင်ကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)

( ၅ )ဦးသန်းဆွေ၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်      (၂)

( ၆ )ဦးတင်ဝင်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်      (၈)

( ၇ )ဦးဝင်းမောင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်      (၂)

( ၈ )ဒေါက်တာဗညားအောင်မိုး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်      (၇)

( ၉ ) ဦးဖုန်းမြင့်အောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)

(၁၀)ဦးစိုင်းသန့်ဇင်၊ ရှမ်းပြည်နယ်     မဲဆန္ဒနယ်အမှတ်(၄)

(၁၁)ဦးညွန့်လှိုင်၊ ဧရာဝတီတိုင်းဒေသကြီး     မဲဆန္ဒနယ်အမှတ်(၄)

(၁၂)ဦးမောင်မောင်အေး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)

(၁၃)ဗိုလ်မှူးဇော်မြင့်၊ တပ်မတော်သားကိုယ်စားလှယ်

(၁၄)ဗိုလ်မှူးအောင်နိုင်ဦး၊ တပ်မတော်သားကိုယ်စားလှယ်

(၁၅)ဦးလှဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)တို့ ဖြစ်ပါတယ်။

အမျိုးသားစီမံကိန်းရေးရာကော်မတီမှာ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးဇော်မြင့်ဖေ က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်မှာဖြစ်ပြီး မကွေး တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှဆွေ က အတွင်းရေးမှူးအဖြစ် ဆောင်ရွက်မှာဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၅။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ငွေရေးကြေးရေးနှင့် အခွန်အကောက်ဆိုင်ရာ ကော်မတီဝင်များရဲ့ အမည်စာရင်းများကတော့ -

( ၁ ) ဦးစံထွန်း ၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)

( ၂ ) ဦးဖေသောင်း ၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)

( ၃ ) ဦးအောင်မြင့်သိန်း ၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)

( ၄ ) ဦးဟာရှိန်းဘွေ ၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)

( ၅ ) ဦးတိုးဝင်း ၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)

( ၆ ) ဦးစောမော်ထွန်း ၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)

( ၇ ) ပါမောက္ခဒေါက်တာမြဦး ၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)

( ၈ ) ဦးဇော်နိုင်ဦး ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)

( ၉ ) ဦးခင်မောင်လတ် ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)

(၁၀) ဦးမြင့်လှိုင် ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)

(၁၁) ဦးနေဝင်းထွန်း ၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)

(၁၂) ဦးမောင်မောင်အေး ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)

(၁၃) ဗိုလ်မှူးမျိုးထွန်းအောင် ၊ တပ်မတော်သားကိုယ်စားလှယ်

(၁၄) ဗိုလ်မှူးတိုးမင်းထွန်း ၊ တပ်မတော်သားကိုယ်စားလှယ်

(၁၅) ဦးတင်မောင်ဝင်း ၊ မန္တလေးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၃)တို့ဖြစ်ပါတယ်။

ငွေရေးကြေးရေးနှင့် အခွန်အကောက်ဆိုင်ရာကော်မတီမှာ ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၁)မှ ဦးစံထွန်း က ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်မှာဖြစ်ပြီး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၃)မှ ဦးတင်မောင်ဝင်း က အတွင်းရေးမှူးအဖြစ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၆။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး စီးပွား ရေးနှင့် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ ကော်မတီဝင်များရဲ့ အမည်စာရင်းကတော့ -

(၁) ဒေါ်နန်းနီနီအေး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)

(၂) ဦးမင်းမျိုးတင့်လွင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)

(၃) ဦးဟာရှိန်းဘွေ၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)

(၄) ဦးကျားမောင်(ခ)ဦးမောင်ကျား၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)

(၅) ဦးအောင်ချိုဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)

(၆) ဦးကျော်သူဦး၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)

(၇) ဦးတင်မောင်ဝင်း၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)

(၈) ဦးအေး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)

(၉) ဒေါက်တာစိုးဝင်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)

(၁၀) ဒေါက်တာညီညီထွန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)

(၁၁) ဦးဌေးဝင်း(ခ)ဇာယာဒ်ရော်မံ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)

(၁၂) ဦးစိုင်းကျော်ဇောသန်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)

(၁၃) ဗိုလ်မှူးအောင်နိုင်ဦး၊ တပ်မတော်သားကိုယ်စားလှယ်

(၁၄) ဗိုလ်မှူးနေအောင်ဦး၊ တပ်မတော်သားကိုယ်စားလှယ်

(၁၅) ဦးစံပြည့်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)တို့ ဖြစ်ပါတယ်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဆိုင်ရာကော်မတီမှာ ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၆)မှ ဒေါ်နန်းနီနီအေး က ဥက္ကဋ္ဌအဖြ စ် ဆောင်ရွက်မှာဖြစ်ပြီး ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၇)မှ ဦးစံပြည့် က အတွင်းရေးမှူးအဖြစ် ဆောင်ရွက်မှာဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဆက်လက်ပြီး ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ပထမနေ့တွင် ဖွဲ့စည်းခဲ့သော ပညာရေး၊ ကျန်းမာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီကို ပြင်ဆင်ဖွဲ့စည်းမှာ ဖြစ်ပါတယ်။

ပြင်ဆင်ဖွဲ့စည်းမည့်ပညာရေး၊ ကျန်းမာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီဝင်များရဲ့ အမည်စာရင်းကတော့-

( ၁ ) ဒေါက်တာခင်ရွှေ ၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)

( ၂ ) ဦးပီမောင်စိုး ၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)

( ၃ ) ဦးဆားရယ် ၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)

( ၄ ) ဦးလှမောင် ၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)

( ၅ ) ဦးမန်းအောင်တင်မြင့် ၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)

( ၆ ) ဦးဇုန်လှယ်ထန်း ၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)

( ၇ ) ဦးခမ်ဆွင်းမုန် ၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)

( ၈ ) ဦးလှစိုး ၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)

( ၉ ) ဦးတိုးဝင်း ၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)

(၁၀) ဦးကြည်ထွန်း ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)

(၁၁) ဒေါက်တာလှသိန်း ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)

(၁၂) ဦးလှိုင်ဦး ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)

(၁၃) ဗိုလ်မှူး မြင့်စိန် ၊ တပ်မတော်သားကိုယ်စားလှယ်

(၁၄) ဗိုလ်မှူး မြင့်စိုး ၊ တပ်မတော်သားကိုယ်စားလှယ်

(၁၅) ဒေါက်တာခင်မောင်လေး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)တို့ ဖြစ်ပါတယ်။

ပညာရေး၊ ကျန်းမာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီမှာ ရန်ကုန်တို င်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာခင်ရွှေ က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်မှာဖြစ်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာခင်မောင်လေး က အတွင်းရေးမှူးအဖြစ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၈။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဆက်လက်ပြီး ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ပထမနေ့ တွင် ဖွဲ့စည်းခဲ့သော အမျိုးသမီးနှင့် ကလေးသူငယ်ဆိုင်ရာကော်မတီကို ပြင်ဆင်ဖွဲ့စည်းမှာ ဖြစ်ပါတယ်။

ပြင်ဆင်ဖွဲ့စည်းမည့် အမျိုးသမီးနှင့်ကလေးသူငယ်ဆိုင်ရာ ကော်မတီဝင်များရဲ့ အမည်စာရင်းကတော့ -

( ၁ ) ပါမောက္ခဒေါက်တာမြဦး ၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)

( ၂ ) ဒေါက်တာထွန်းလွင် ၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)

( ၃ ) ဒေါ်နော်မေးရီယန် ၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)

( ၄ ) ဦးစောအေးမြိုင် ၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)

( ၅ )ဒေါက်တာဝင်းမြင့်အောင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)

(၆) ဦးလှသိန်း ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)

(၇) ဦးအောင်သန်း ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)

(၈) ဒေါ်ရီရီမြင့် ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)

(၉) ဦးနိုင်ထွန်းအုံ ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)

(၁၀) ဦးကျော်ထွန်းအောင် ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)

(၁၁) ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)

(၁၂) ဒေါက်တာတင်ရွှေ၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)

(၁၃) ဗိုလ်မှူးအောင်နိုင်ဦး၊ တပ်မတော်သား ကိုယ်စားလှယ်

(၁၄) ဗိုလ်မှူးသိန်းထွန်းတင်၊ တပ်မတော်သား ကိုယ်စားလှယ်

(၁၅) ဒေါက်တာဌေးနိုင်၊ ဧရာဝတီတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၇)တို့ ဖြစ်ပါတယ်။

အမျိုးသမီးနှင့် ကလေးသူငယ်ဆိုင်ရာ ကော်မတီမှာ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ပါမောက္ခဒေါက်တာမြဦး က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်မှာဖြစ်ပြီး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၇)မှ ဒေါက်တာဌေးနိုင် က အတွင်းရေးမှူးအဖြစ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဆက်လက်ပြီး ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့တွင် ဖွဲ့စည်းခဲ့သော ပြည်သူတို့၏ တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာကော်မတီကို ပြင်ဆင်ဖွဲ့စည်းမှာ ဖြစ်ပါတယ်။

ပြင်ဆင်ဖွဲ့စည်းမည့် ပြည်သူတို့၏ တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာ ကော်မတီဝင်များရဲ့ အမည်စာရင်းကတော့ -

( ၁ ) ဦးအောင်ငြိမ်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)

( ၂ ) ဦးစိုင်းသာစိန်၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)

( ၃ ) ဦးစောအောင်ကျော်နိုင်(ခ)ရှားဘူးဖော့၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)

( ၄ ) ဦးစောသန်းထွန်း၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)

( ၅ ) ဦးကျွန်ခဲန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)

( ၆ ) ဦးဆွန်ဒုတ်ကျင့်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)

( ၇ ) ဦးထွန်းမြင့်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)

( ၈ ) ဦးအောင်ချစ်လွင် ၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)

( ၉ ) ဦးမိုးမြင့်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)

(၁၀) ဦးသက်နိုင်ဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)

(၁၁) ဦးငွေးဝင်း(ခ)ဇာယာဒ်ရော်မံ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)

(၁၂) ဦးဉာဏ်လင်း ၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)

(၁၃) ဗိုလ်မှူးခင်မောင်လွင် ၊ တပ်မတော်သားကိုယ်စားလှယ်

(၁၄) ဗိုလ်မှူးဇော်ခင်ထွဋ် ၊ တပ်မတော်သားကိုယ်စားလှယ်

(၁၅) ဦးမှတ်ကြီး ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉) တို့ ဖြစ်ပါတယ်။

ပြည်သူတို့၏တိုင်ကြားစာနှင့်အသနားခံစာဆိုင်ရာကော်မတီမှာ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ငြိမ်း က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်မှာဖြစ်ပြီး မန္တလေးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၉)မှ ဦးမှတ်ကြီးက အတွင်းရေးမှူးအဖြစ် ဆောင်ရွက်မှာဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၁။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဆက်လက်ပြီး ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့ တွင် ဖွဲ့စည်းခဲ့သော ကုလသမဂ္ဂ၊ အာဆီယံ၊ AIPA နှင့် အပြည်ပြည်ဆိုင်ရာ ဆက်ဆံရေးကော်မတီကို ပြင်ဆင်ဖွဲ့စည်းမှာ ဖြစ်ပါတယ်။

ပြင်ဆင်ဖွဲ့စည်းမည့် ကုလသမဂ္ဂ၊ အာဆီယံ၊ AIPA နှင့် အပြည်ပြည်ဆိုင်ရာဆက်ဆံရေး ကော်မတီဝင်များရဲ့ အမည်စာရင်းကတော့ -

( ၁ ) ဗိုလ်မှူးကြီးမောင်မောင်ထူး ၊ တပ်မတော်သားကိုယ်စားလှယ်

( ၂ ) ဦးစိုင်းမြမောင် ၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)

( ၃ ) ဦးဝင်းတင့် ၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)

( ၄ ) ဦးတင်မောင်မြင့် ၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)

( ၅ )ဦးဝင်းနိုင်ရှိန်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)

( ၆ )ဦးခင်မောင်ငွေ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)

( ၇ )ဦးစိုးအောင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)

( ၈ )ဦးငွေမောင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)

( ၉ )ဦးဇော်ဝင်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)

(၁၀)ဦးခင်မောင်(ခ)ဦးအောင်ကျော်ဦး၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)

(၁၁)ဒေါက်တာငွေဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)

(၁၂)ဦးသက်လင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)

(၁၃)ဗိုလ်မှူးရန်နောင်စိုး၊ တပ်မတော်သားကိုယ်စားလှယ်

(၁၄)ဗိုလ်မှူးနေလွင်ဖုန်းမြင့်၊ တပ်မတော်သားကိုယ်စားလှယ်

(၁၅)ဦးညွန့်တင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)တို့ ဖြစ်ပါတယ်။

ကုလသမဂ္ဂ၊ အာဆီယံ၊ AIPA နှင့် အပြည်ပြည်ဆိုင်ရာဆက်ဆံရေး ကော်မတီတွင် တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီး မောင်မောင်ထူး က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်မှာဖြစ်ပြီး ရန်ကုန်တိုင်းဒေသ ကြီး မဲဆန္ဒနယ်အမှတ် (၂)မှ ဦးညွန့်တင် က အတွင်းရေးမှူးအဖြစ် ဆောင်ရွက်မှာဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဆက်လက်ပြီး ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ပထမနေ့တွင် ဖွဲ့စည်းခဲ့သော တောင်သူလယ်သမားနှင့် ပြည်တွ င်းပြည်ပ အလုပ်သမားများဆိုင်ရာကော်မတီ ကို ပြင်ဆင်ဖွဲ့စည်းမှာ ဖြစ်ပါတယ်။

ပြင်ဆင်ဖွဲ့စည်းမည့် တောင်သူလယ်သမားနှင့် ပြည်တွင်းပြည်ပ အလုပ်သမားများဆိုင်ရာ ကော်မတီဝင်များရဲ့ အမည်စာရင်းကတော့ -

( ၁ ) ဒေါက်တာမြင့်ကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)

( ၂ ) ဦးဂမ်ဆိုင်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)

( ၃ ) ဦးစတီဗင်သာဘိတ်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)

(၄) ဦးနိန်းခင်းပေါင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)

( ၅ ) ဦးကံညွန့်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)

( ၆ ) ဦးဖိုးဇော်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)

( ၇ ) ဦးသော်ဇင်ဦး၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)

( ၈ ) ဦးဝင်းမောင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)

( ၉ ) ဒေါက်တာကျော်သိန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)

(၁၀) ဦးထွန်းကျော်(ခ)ဦးအိုက်ကျော်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)

(၁၁) ဦးစိုးဟန်လင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)

(၁၂) ဦးဝင်းသိန်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)

(၁၃) ဗိုလ်မှူးအောင်မြင့်ဟန်၊ တပ်မတော်သားကိုယ်စားလှယ်

(၁၄) ဗိုလ်မှူးဝင်းသိန်း၊ တပ်မတော်သားကိုယ်စားလှယ်

(၁၅) ဦးစောမော်ထွန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)တို့ ဖြစ်ပါတယ်။

တောင်သူလယ်သမားနှင့် ပြည် တွင်းပြည်ပ အလုပ်သမားများဆိုင်ရာ ကော်မတီတွင် ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၈)မှဒေါက်တာမြင့်ကြည်က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်မှာ ဖြစ်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁)မှ ဦးစောမော်ထွန်း က အတွင်းရေးမှူးအဖြစ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၄။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြင်ဆင်ဖွဲ့စည်းမည့် ကော်မတီအသီးသီးတွင် ပါဝင်မည့် ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင် များ၏ အမည်စာရင်းကို အတည်ပြုရန် လွှတ်တော်ရဲ့ သဘောထားရယူမှာဖြစ်ပါတယ်။ ဒီကော်မတီဝင်

များကိုလည်း ယခင်အတိုင်းပဲ (၁)နှစ်ပြည့်တဲ့အခါမှာ လွှတ်တော်ဥက္ကဋ္ဌ အနေနဲ့ ပြန်လည်သုံးသပ်ပြင်ဆင်ပြီး တင်ပြမှာဖြစ်ကြောင်း ဖြည့်စွက်တင်ပြအပ်ပါတယ်။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

လွှတ်တော်က သဘောတူတဲ့အတွက် ပြင်ဆင်ဖွဲ့စည်းမည့် ကော်မတီ အသီးသီးတွင်ပါဝင်မည့် ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၏ အမည်စာရင်းကို အတည်ပြုကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အစိုးရမဟုတ်သောပြည်တွင်းပြည်ပအဖွဲ့အစည်းများဆိုင်ရာ ကော်မတီ ဖွဲ့စည်းရေးအတွက် ကော်မတီတွင်ပါဝင်မည့် ကော်မတီဥက္ကဋ္ဌ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်တို့၏ အမည်စာရင်းကို အမျိုးသားလွှတ်တော်သို့ တင်ပြခြင်းနှင့်အမျိုးသားလွှတ်တော်၏ သဘောတူညီချက် ရယူခြင်း**

**အချိန်၊ ၁၀း၅၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၄ နှင့် နည်းဥပဒေ ၇၉ တို့အရ လွှတ်တော်သည် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တိုင်းရင်းသားလူမျိုးများအရေး၊ စီးပွားရေး၊ ဘဏ္ဍာရေး၊ လူမှုရေး၊ နိုင်ငံခြားရေး တို့အပြင် အခြားရေးရာကိစ္စများ ကိုလည်း လေ့လာတင်ပြစေရန် လိုအပ်ပါက လွှတ်တော်ကော်မတီများကို လွှတ်တော်ကိုယ်စားလှယ်များဖြင့် ကာလသတ်မှတ်၍ ဖွဲ့စည်းနိုင်ပါတယ်။

ဒါကြောင့် အစိုးရမဟုတ်သော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများဆိုင်ရာ ကော်မတီကို (၁၅)ဦးဖြင့် ဖွဲ့စည်းမှာ ဖြစ်ပါတယ်။

ကော်မတီဝင်များရဲ့ အမည်စာရင်းကတော့ -

( ၁ ) ဦးဝင်းနောင် ၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)

( ၂ ) ဦးအောင်ဝင်း ၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)

( ၃ ) ဦးမိုးမြင့် ၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)

( ၄ ) ဦးဖိုးဇော်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)

( ၅ ) ဦးစိုးမြင့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)

( ၆ ) ဦးသော်ဇင်ဦး၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)

( ၇ ) ဦးဝင်းမောင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)

( ၈ ) ဦးငွေးမောင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)

( ၉ ) ဒေါက်တာစိုးဝင်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)

(၁၀) ဒေါက်တာမြင့်ကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)

(၁၁) ဦးနု၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)

(၁၂) ဦးဆွေအောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)

(၁၃) ဦးစိုးဟန်လင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)

(၁၄) ဗိုလ်မှူးကျော်သူ၊ တပ်မတော်သားကိုယ်စားလှယ်

(၁၅) ဦးခင်မောင်ရီ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)တို့ ဖြစ်ပါတယ်။

အစိုးရမဟုတ်သော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများဆိုင်ရာ ကော်မတီတွင် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၅)မှ ဦးဝင်းနောင် က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်မှာ ဖြစ်ပြီး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၆)မှ ဦးခင်မောင်ရီ က အတွင်းရေးမှူးအဖြစ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၆။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစိုးရမဟုတ်သော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများဆိုင်ရာကော်မတီတွင်ပါဝင်မည့် ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၏ အမည်စာရင်းကို အတည်ပြုရန် လွှတ်တော်ရဲ့သဘောထား ရယူမှာဖြစ်ပါတယ်။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

လွှတ်တော်က သဘောတူတဲ့အတွက် အစိုးရမဟုတ်သော ပြည်တွင်းပြည်ပအဖွဲ့အစည်း များဆိုင်ရာ ကော်မတီတွင် ပါဝင်မည့် ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၏ အမည်စာရင်းကို အတည်ပြုကြောင်း ကြေညာပါတယ်။(သြဘာသံများ)

# ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၅၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်သို့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားသော မေးခွန်းများကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ်ကို ဆောင်ရွက်မှာဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်သုံးဦးက မေးမြန်းသည့်မေးခွန်းများဟာ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပြည်ထော င်စုဝန်ကြီးက ဖြေကြားရမည့်မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းများကို တစ်ဆက်တည်း မေးမြန်းပြီးမှ ပြည်ထောင်စုဝန်ကြီးက တ စ်ခုချင်းဖြေကြားဖို့ ဖြစ်ပါတယ် ။ ဒီမေးခွန်းများ၊ အဆိုများနဲ့ ပတ်သက်ပြီးတော့ လွှတ်တော်ဥက္ကဋ္ဌအနေနဲ့ ကြိုတင်ပန်ကြားလိုတာ ရှိပါတယ်။ ယခု တတိယအကြိမ် ပုံမှန်အစည်းအဝေးဟာ ပြည်ထောင်စုလွှတ်တော်ရဲ့ အခန်းကဏ္ဍ ကြီးမားမှာ ဖြစ်တဲ့အတွက် မိမိတို့ရဲ့ မေးမြန်းလိုတဲ့ မေးခွန်းများ၊ အဆို များ တင်သွင်းတဲ့အခါမှာ တိုတို ရှင်းရှင်းနဲ့ လိုရင်းကို ထိထိမိမိ ဆောင်ရွက်ခြင်းအားဖြင့် အချိန်ကို တန်ဖိုးထားဖို့ ပန်ကြားလိုပါတယ်။

## တောင်သာ-နွားထိုးကြီး ဆက်သွယ်ရေးလမ်းပိုင်းနှင့် ညောင်ဦး-တောင်သာ-မြင်းခြံ ဆက်သွယ်ရေးလမ်းပိုင်းများအား ဒေသဖွံ့ဖြိုးရေးအတွက် အဆင့်တိုးမြှင့်ဖောက်လုပ် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း

**အချိန်၊ ၁၀း၅၇။**

**ဥက္ကဋ္ဌ။** ။ပထမဦးစွာ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမျိုးမြင့် က တောင်သာ-နွားထိုးကြီး ဆက်သွယ်ရေးလမ်းပိုင်းနှင့် ညောင်ဦး-တောင်သာ-မြင်းခြံ ဆက်သွယ်ရေးလမ်းပိုင်းများအား ဒေသဖွံ့ဖြိုးရေးအတွက် အဆင့်တိုးမြှင့်ဖောက်လုပ် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၈။**

**ဦးမျိုးမြင့်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးများနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပြီးတော့ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းကြစေကြောင်း ဆန္ဒပြုရင်း ဗဟာမ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမျိုးမြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီနေ့ နယ်စပ်ရေးရာဝန်ကြီးဌာနမှ တာဝန်ယူလျက်ရှိတဲ့ တောင်သာမြို့နယ်နှင့်နွားထိုးကြီးမြို့နယ်၊ ညောင်ဦးမြို့နယ်၊ မြင်းခြံမြို့နယ်များအတွင်း လက်ရှိ ဒေသဖွံ့ဖြိုးရေးအတွက် ဖောက်လုပ်ထားရှိပြီးဖြစ်တဲ့ ဆက်သွယ်ရေးလမ်းများအား အဆင့်မြင့် တိုးမြှင့်သတ်မှတ် တည်ဆောက် အကောင်အထည်ဖော်ပေးရန်နဲ့ စပ်လျဉ်းပြီး သိရှိလိုသည်များကို ဥက္ကဋ္ဌကြီး မှတစ်ဆင့် မေးမြန်းသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အပိုင်း(၂)ပိုင်းမေးမယ့်ထဲမှာ ပထမပိုင်းအနေနဲ့တော့ တောင်သာမြို့နယ်နဲ့ နွားထိုးကြီးမြို့နယ်အကြား လက်ရှိဆက်သွယ်ဖောက်လုပ်ထားတဲ့ လမ်းပိုင်းဟာ မြေသားလမ်းဖြစ်ပြီးတော့(၁၉ မိုင်)ခန့် ကွာဝေးပါတယ်။ အဆိုပါ လမ်းပိုင်းဟာ လမ်းအူကြောင်းသာ ရှိပြီးတော့ မော်တော်ယာဉ်ကြီး/ငယ်များ၊ မော်တော်ဆိုင်ကယ်များဟာ နွားထိုးကြီးမြို့ကို တိုက်ရိုက် သွားလာအသုံးပြုနိုင်တဲ့ အဆင့်မရှိခြင်းနဲ့ ဆက်စပ်ပြီးတော့ နွားထိုးကြီးမြို့က မန္တလေးဘက်ကို အချိန်/ခရီးတိုတောင်းသက်သာစွာနဲ့ ဆက်သွယ်သွားလာနိုင်မှု မရှိခြင်းတို့ကို ကြုံတွေ့နေရပါတယ်။ ဤကဲ့သို့ သွားလာအသုံးပြုနိုင်ခြင်း မရှိတဲ့အတွက် မြင်းခြံမြို့ဘက်က လှည့်ပြီးတော့ ခရီးတာ (၃၄ မိုင်)ခန့် ဝေးတဲ့ တောင်သာ-မြင်းခြံ-နွားထိုးကြီးမြို့များကို အသုံးပြုသွားလာရတဲ့အတွက် ခရီးတာ(၂၅ မိုင်) ခန့်ပိုမိုခြင်းကြောင့် အချိန်ပိုမိုကြာမြင့်တယ်၊ ငွေကြေးကုန်ကျမှုပိုမို များပြားတယ်ဆိုတဲ့ဟာတွေ ကြုံတွေ့လျက် ရှိနေပါတယ်။

အခုတင်ပြမယ့် တောင်သာမြို့နယ်နဲ့နွားထိုးကြီးမြို့နယ်များ ဆက်သွယ်တဲ့လမ်းပိုင်းဟာ တောင်သာဘက်အပိုင်းမှာ (၇ မိုင် ၁ဖာလုံ)၊ နွားထိုးကြီးလမ်းပိုင်းမှာ (၁၁ မိုင် ၂ ဖာလုံ) စုစုပေါင်း(၁၉ မိုင်)ခန့် ရှိပါတယ်။ နယ်မြေဒေသရဲ့ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး တို့အတွက် အဖက်ဖက်မှ မှီခိုအားထားနေရမှုကို အချက်အလက်အချို့ကို ကောက် နုတ်ပြီး

တင်ပြခွင့်ပြုပါရန် မေတ္တာရပ်ခံအပ်ပါတယ်။ လမ်းကို မှီခိုတဲ့ ကျေးရွာပေါင်းဟာ တောင်သာ - နွားထိုးကြီး (၂)မြို့နယ်ပေါင်း (၃၅)ရွာရှိပါတယ်။ ကျေးရွာလူဦးရေဟာ (၂)နယ်ပေါင်း (၅၁၄၆၄)ဦး ရှိပါတယ်။ ထွက်ကုန်သီးနှံလည်း တင်ပို့နိုင်မှု ကတော့ မိုးစပါး တင်း (၃၁၉၁၀၀)၊ ပဲမျိုးစုံ တင်း(၂၄၈၃၀၀)၊ ဆီထွက်သီးနှံ (၇၉၇၃၀၀)တင်း၊ ဆေးရွက်ကြီး (၁၃၂၀၀၀)ပိဿာ၊ ဝါမျိုးစုံ (၂၇၅၀၀၀)ပိဿာ ရှိပါတယ်။ ကျန်းမာရေး မှီခိုအားထားနိုင်တဲ့ ရွာတွေဟာဆိုလို့ ရှိရင်လည်း (၂)မြို့နယ်ပေါင်ဆိုရင် (၇)ရွာရှိပါတယ်။ ကျေးလက်ကျန်းမာရေးဌာနခွဲ (၇)ခုရှိပါတယ်။ ပညာရေး မှီခိုအားထားမှုမှာဆိုလို့ရှိရင်လည်းပဲ အ.ထ.က၊ အ.ထ.က(ခွဲ)၊ အ.လ.က၊ အ.လ.က(ခွဲ) စသည်ဖြင့် စုစုပေါင်း (၂)မြို့နယ်ပေါင်းဆိုရင် (၅၀)ကျောင်းရှိပါတယ်။ ဒေသတွင်းမှာ သွားလာ ဆက်သွယ်တဲ့ လက်ရှိယာဥ်အခြေအနေနဲ့ စာရင်းဇယား ကောက်ယူ ထားချက်အရ ဆိုလို့ရှိရင် မော်တော်ယာဥ် ကြီး/ငယ်၊ ထော်လာဂျီ အပါအဝင် (၂)မြို့နယ်ပေါင်း (၄၇)စီးရှိပါတယ်။ မော်တော်ဆိုင်ကယ် (၇၂၈)စီးရှိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တင်ပြခဲ့ တဲ့ ဒုတိယလမ်းပိုင်း အရှည်ကို ဆက်လက်တင်ပြသွားပါမယ်။ အဲဒါကတော့ ညောင်ဦးမြို့နယ်၊ တောင်သာမြို့နယ်၊ မြင်းခြံမြို့နယ်များအတွင်းရှိ လမ်းအရှည် (၂၂ မိုင် ၇ ဖာလုံ)ရှိတဲ့ ငါ့သရောက် -ဇဂျမ်း-ကန်မြဲ- ထန်းပင်ကန် လမ်းပိုင်းဖြစ်ပြီးတော့ ညောင်ဦးမြို့နယ်အပိုင်းမှာ (၈ မိုင်)ရှိပြီးတော့ တောင်သာ မြို့နယ်ပိုင်းမှာ (၁၄ မိုင် ၇ ဖာလုံ) ရှိကြပါတယ်။ နယ်မြေဒေသရဲ့ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးတို့အတွက် အဖက်ဖက်မှ မှီ ခိုအားထားမှုဆိုင်ရာ အချက်အလက် အချို့ကိုလည်း ကျွန်တော်တင်ပြသွားမှာဖြစ်ပါတယ်။

တောင်သာမြို့နယ်နဲ့ ညောင်ဦးမြို့နယ်လမ်းကို အဓိက အမှီသဟဲပြုနေရတဲ့ ကျေးရွာ ပေါင်းဟာ စုစုပေါင်း(၃၆)ရွာ ရှိပါတယ်။ ကျေးရွာလူဦးရေဟာ (၄၄၇၆၁)ဦးရှိပြီးတော့၊ ထွက်ကုန် သီးနှံအနေနဲ့ ဖလှယ်တင် ပို့နိုင်မှုက မိုးစပါး (၂၉၇၅၀)တင်း၊ ပဲမျိုးစုံ (၃၄၁၀၀၀) ကျော်တင်း၊ ဆီထွက်သီးနှံ(၁၁၃၆၀၀၀)ကျော်တင်း၊ ကြက်သွန်နီ ပိဿာ (၄ သန်း ၉ သိန်း)ကျော်၊ ပြောင်း (၂၇၅၀၀)တင်း ဖြစ်ပါတယ်။ ကျန်းမာရေး မှီခိုအားထားနိုင်တဲ့ အခြေအနေကတော့ အဲဒီက လမ်းမှီပြီး တိုက်နယ်ဆေးရုံ၊ ကျေးလက်ကျန်းမာရေးဌာန စုစုပေါင်း(၅)ခုရှိပါတယ်။ ပညာရေး မှီခို အားထားနိုင်မှုကတော့ ခုနကျောင်းတွေ ကျွန်တော်စောစောကတင်ပြခဲ့တဲ့အတိုင်း (၅၀)ရှိပါတယ်။

ဒေသတွင်း သွားလာဆက်သွယ်နေတဲ့ ယာဉ်တွေကတော့ (၂)မြို့နယ်ပေါင်းဆိုရင် ကောက်ယူစာရင်းဇယားအရ ယာဉ်ကြီး/ငယ်(၆၉)စီးနဲ့ မော်တော်ဆိုင်ကယ် (၅၀၈)စီး ရှိပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ပထမပိုင်းအနေနဲ့ တင်ပြခဲ့တဲ့ တောင်သာမြို့နယ် နှင့် နွားထိုးကြီး မြို့နယ်အကြား (၁၉ မိုင်)ခန့်ကွာဝေးတဲ့ လမ်းကြောင်းကို တစ်ကြောင်းထိုးကိုရော၊ ဒုတိယပိုင်း တင်ပြတဲ့ ညောင်ဦးမြို့နယ်-တောင်သာမြို့နယ်-မြင်းခြံမြို့နယ်များ အတွင်းမှာရှိတဲ့ (၂၂ မိုင် ၇ ဖာလုံ)ခန့်ကွာဝေးတဲ့ ငါ့သရောက်-ဇဂျမ်း-ကန်မြဲ-ထန်းပင်ကန် လမ်းပိုင်းကိုလည်းကောင်း၊ ဒေသရဲ့ စီးပွားရေး၊ ဖွံ့ဖြိုးရေး၊ ပညာရေး၊ ကျန်းမာရေး၊ သွားလာရေး အချက်အခြာကျမှု အချက်အလက်များနှင့်အတူ တင်ပြပြီး ဖြစ်ပါတယ်။နယ်စပ်ရေးရာဝန်ကြီးဌာနကလည်းတစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ကြည့်လျက် နှစ်စဉ် ဘဏ္ဍာရန်ပုံငွေရရှိမှုအပေါ်မှာ ခွဲဝေချထားပြီးတော့ လမ်းများ သက်တမ်းရှည်ကြာစွာ အသုံးပြုနိုင်ရေး စံချိန်စံညွှန်းများ (Technical Specification)များ အတိုင်း ဆောင်ရွက်လျက်ရှိတယ်လို့ နားလည်သဘောပေါက်ကြောင်းလည်းကျွန်တော်ဖော်ပြလိုပါတယ်။ဒါပေမဲ့ တင်ပြပါလမ်းပိုင်းများဟာ နှစ်ကာလရှည်ကြာစွာကတည်းကအခက်အခဲအမျိုးမျိုးကြောင့် ထိထိရောက်ရောက် လုပ်ကိုင်နိုင်ခြင်း မရှိခဲ့ကြလို့ လမ်းပိုင်းရဲ့ အားနည်းချို့ယွင်းမှုများ တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာခြင်း နှင့် အတူ လူမှုရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှလည်း အသုံးပြုတဲ့ယာဉ်၊ တစ်နေရာမှ တစ်နေရာ နယ်စည်းခြားမရှိဘဲ ကူးလူးဆက်ဆံ သွားလာမှုဟာ ဒေသဖွံ့ဖြိုး ရေး၊ ကျေးလက်ဒေသ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကိစ္စတို့မှာ အဓိကတည်မှီတယ်လို့ ကျွန်တော်သုံးသပ်တင်ပြလိုပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ နယ်မြေမဲဆန္ဒရှင် ပြည်သူများကိုယ်စား အောက်ပါမေးခွန်းများကို ဥက္ကဋ္ဌကြီး မှတစ်ဆင့် မေးမြန်းခွင့်ပြုပါရန် လေးစားစွာ မေတ္တာရပ်ခံအပ်ပါတယ်။ အင်္ဂလိပ်စာလုံး အသုံးအနှုန်းအချို့ ရောပြွမ်းအသုံးပြုဖို့ကိုလည်း တစ်ဆက်တည်းခွင့်ပြုဖို့ ပန်ကြားအပ်ပါတယ်။

နံပါတ်(၁)မေးခွန်းကတော့ (၁၉)မိုင်ခန့်ဝေးတဲ့ တောင်သာမြို့နယ်နဲ့ နွားထိုးကြီးမြို့နယ် များအကြားမော်တော်ယာဉ်ကြီး/ငယ်များရာသီမရွေး ဆက်သွယ်သွားလာနိုင်မည့် မော်တော်ကားလမ်း(All-Weather Motorable Road)အား လက်ရှိမြေသားလမ်းအချို့၊ ကျောက်ခင်းလမ်းအချို့ စသည်တို့ဖြင့် ဆောင်ရွက်ထားရှိမှုကို ဖြစ်နိုင်သမျှ လမ်းစံနှုန်းများအတိုင်း အဆင့်မြှင့် ခြင်း (Up-Grading)နှင့်အတူ လမ်းသက်တမ်းရှည်ကြာစွာ အသုံးပြုနိုင်၍ နှစ်စဉ် ပြင်ဆင်ထိန်းသိမ်းစရိတ် သက်သာစွာ ဆောင်ရွက်နိုင်မည့် လမ်းအကျယ် (Road Formation Width )၊ လမ်းပခုံး (Road Shoulder)၊ လမ်းတာပေါင်(RoadBanking/Embankment) စသည်တို့ သင့်တင့်လုံလောက်စွာ

ထားရှိပြီးတော့ သတ်မှတ်လမ်းနယ်မြေအတွင်း ဝဲယာရေနုတ်မြောင်းစနစ်များ (Parallel Drains/ Side Drains)၊ လမ်းအဆောက်အအုံများ(Road Structures)၊ လမ်းမြေကြီး အောက်ခံရေစစ်လွှာ ကျောက်ချောခင်းလမ်း စသည့်အလွှာများကို လိုအပ်သိပ်သည်းမှု(Consolidation) ရရှိစေနိုင်မည့် လမ်းသစ်ကို ဖောက်လုပ်တည်ဆောက်ပေးမယ့် အစီအစဉ် ရှိ/မရှိ။

နံပါတ်(၂)မေးခွန်းကတော့ လမ်းအရှည် (၂၂ မိုင် ၇ ဖာလုံ)ရှိတဲ့ ညောင်ဦး-တောင်သာ-မြင်းခြံ လမ်းပိုင်းဖြစ်တဲ့ ငါ့သရောက်-ဇဂျမ်း-ကန်မြဲ-ထန်းပင်ကန် လမ်းပိုင်းကိုလည်းပဲ ကျွန်တော် စောစောက အမှတ်စဉ်(၁)မှာ မေးမြန်းတဲ့အတိုင်း ဆောင်ရွက်ပေးမည့် အစီအစဉ် ရှိ/မရှိ။

နံပါတ်(၃)မေးခွန်းကတော့ အထက်ဖော်ပြပါ လမ်းပိုင်းများအား ဆောင်ရွက်ပေးရန် ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် စတင်၍ မည်သည့်နှစ်တွင် ပြီးစီးမည်နှင့် နှစ်အလိုက် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မည့် အစီအစဉ် (Year-Wise Implementation Schedule) ရှိ/မရှိတို့ ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်ခင်ဗျား။

**မုံရွာ-သာစည်လမ်းပိုင်းတွင် ကတ္တရာခင်းရန် ကျန်ရှိသည့်(၃ မိုင် ၄.၄ ဖာလုံ)အရှည်ရှိ ကျောက်ချောလမ်းအား ကတ္တရာလမ်းအဖြစ် အဆင့်တိုးမြှင့် ပေးရန်နှင့် မုံရွာ-သာစည် နှင့် နောင်ကြီးအိုင် - မူးကမ်းကြီး-ရေကြည်ဝ-ဆိပ်ခွန်-ရွှေဘိုလမ်းအား နယ်စပ်ရေးရာဝန်ကြီးဌာနမှ တာဝန်ယူမည့် လမ်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၁း၀၄။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာဝင်းမြင့်အောင် က မုံရွာ-သာစည်လမ်းပိုင်းတွင် ကတ္တရာခင်းရန် ကျန်ရှိသည့် ( ၃ မိုင် ၄.၄ ဖာလုံ) အရှည်ရှိ ကျောက်ချောလမ်းအား ကတ္တရာလမ်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် နှင့် မုံရွာ-သာစည်နှင့် နောင်ကြီးအိုင်-မူးကမ်းကြီး-ရေကြည်ဝ-ဆိပ်ခွန်-ရွှေဘိုလမ်းအား နယ်စပ်ရေးရာ ဝန်ကြီးဌာနမှ တာဝန်ယူမည့် လမ်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၀၄။**

**ဒေါက်တာဝင်းမြင့်အောင်စစ်ကိုင်းတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၄)။** ။လေးစား အပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော်

ကိုယ်စားလှယ်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝင်းမြင့် အောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်သူလူထုများရဲ့ သွားလာဆက်သွယ်ရေးကောင်းမွန်ပြီး လူနေမှုဘဝ တိုးတက်မြင့်မားဖို့ ယခု မေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။

ကျွန်တော်တို့ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ မုံရွာမြို့ဟာ မုံရွာမြို့ရဲ့ မြောက်ဘက်မှာရှိတဲ့ အလုံတပ်မြို့ အနောက်မြောက်တိုင်း စစ်ဌာနချုပ် ဆက်သွယ်တဲ့လမ်း၊ မုံရွာတောင်ဘက်မှာရှိတဲ့ မုံရွေး-ကြေးမုံ ဆက်သွယ်တဲ့လမ်း၊ မုံရွာအရှေ့ဘက်မှာရှိတဲ့ မုံရွာ-ကျောက္ကာ၊ မုံရွာ-သာစည်လမ်းများနှင့် ကျွန်တော်တို့ မုံရွာမြို့နဲ့ ဆက်သွယ်သွားလာလျက် ရှိပါတယ်။ အဲဒီလမ်းတွေမှာ မုံရွာ-အလုံတပ်မြို့လမ်းနဲ့ မုံရွေး-ကြေးမုံလမ်း၊ မုံရွာ-ကျောက္ကာလမ်းများဟာ ဒါကျွန်တော်တို့ မုံရွာ-ရေဦးလမ်းပိုင်း၊ မုံရွာ -စစ်ကိုင်းလမ်းပိုင်း၊ မုံရွာ -အရာတော်လမ်းပိုင်းတွေရဲ့ အစိတ်အပိုင်းဖြစ်လို့ ကတ္တရာ လမ်းတွေ ဖြစ်ပါတယ်။ ကျွန်တော်တို့ မုံရွာ-သာစည်လမ်းကတော့ သီးခြားလမ်းတစ်လမ်းဖြစ်ပြီးတော့ လမ်းမိုင်(၁၃ မိုင်) အရှည်ရှိပြီးတော့ လက်ရှိမှာ ကတ္တရာလမ်းပိုင်းက (၉ မိုင် ၃.၆ ဖာလုံ)ရှိပြီးတော့ ကျောက်လမ်းကတော့ (၃ မိုင် ၄.၄ ဖာလုံ) ရှိပါတယ်။ ဒီမုံရွာမြို့နယ်အတွင်းမှာရှိတဲ့ ကျေးရွာအုပ်စု (၁၃)အုပ်စု၊ ရွာပေါင်း (၄၁)ရွာတို့ဟာ မုံရွာ-သာစည်လမ်းကို အသုံးပြုနေကြရတာ ဖြစ်ပါတယ်။ ဒါ့အပြင် သာစည် ကျေးရွာအုပ်စုဟာ အရာတော်မြို့နယ်နဲ့ နယ်နိမိတ်ထိစပ်နေတဲ့အတွက် အရာတော်မြို့နယ် များကလည်း ဒီ မုံရွာ -သာစည်လမ်းပိုင်းကို အားထားပြီးတော့ အသုံးပြုနေရတာ ဖြစ်ပါတယ်။ ဒါ့အပြင် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဖောက်လုပ်လျက်ရှိတဲ့ သာစည် -နောင်ကြီးအိုင်-အုတ်ရှစ်ကြီး-မူးကမ်းကြီးလမ်း နှင့် ရွှေဘိုခရိုင်အတွင်းမှ ယခင်ရှိပြီး ရေကြည်ဝ-ဆိပ်ခွန်-ရွှေဘိုလမ်းအကြားရှိ တိုင်းဒေသကြီးအစိုးရနှင့် ပြည်သူလူထု ပူးပေါင်းဆောင်ရွက်လျက်ရှိတဲ့ မူးမြစ်ကူး ရန်ကြီးအောင်တံတား ပြီးသွားပါက မုံရွာမြို့နဲ့ ရွှေဘိုမြို့ဟာ မုံရွာ-သာစည်လမ်းကနေ တစ်ဆက်တည်း သွားလာနိုင်မှာဖြစ်ပါတယ်။ ကျွန်တော်တို့ မုံရွာနဲ့ရွှေဘို သွားလာဖို့လမ်း ယခုလက်ရှိမှာ မုံရွာ -အရာတော်-ရွာသာကြီး-ရွှေဘိုလမ်းက သွားမယ်ဆိုရင်တော့ (၆၄ မိုင်)ကွာဝေးပြီးတော့ မုံရွာ -မြင်းမူ-အုန်းတော-ဆားတောင်-ရွှေဘိုလမ်းကနေသွားရင် (၉၄ မိုင်)ကွာဝေးမှာ ဖြစ်ပါတယ်။ ယခု ဖောက်လုပ်မယ့် မုံရွာ -သာစည်-မူးကမ်းကြီး-ရေကြည်ဝ-ဆိပ်ခွန်-ရွှေဘိုလမ်းအတိုင်းသွားရင် (၅၈ မိုင်)သာဝေးတဲ့အတွက် ခရီးမိုင်

တိုသွားတဲ့အပြင် မုံရွာ -ရွှေဘိုကို အမြ န်ဆုံးရောက်ရှိနိုင်မှာ ဖြစ်ပါတယ်။ ဒါ့အပြင် ဒီလမ်းဘေး ဝဲ/ယာမှာရှိတဲ့ ကျေးရွာများကလည်း စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးတွေ တိုးတက်လာမှာဖြစ်ပါတယ်။ ဒါ့အပြင် ၎င်းလမ်းကလည်း ဘုတလင်မြို့နယ်နဲ့ နီးကပ်စွာတည်ရှိနေတဲ့အတွက် ဘုတလင်မြို့နယ်အတွင်းမှာရှိတဲ့ ကျေးရွာများကလည်း မုံရွာမြို့နဲ့ ရွှေဘိုမြို့ကို လွယ်လင့်တကူ သွားလာနိုင်မှာဖြစ်ပါတယ်။ ဒါ့အပြင် ကျွန်တော်တို့ မုံရွာ-သာစည်-မူးကမ်းကြီး-ရေကြည်ဝ-ဆိပ်ခွန်-ရွှေဘိုလမ်းပိုင်းကိုလည်း ပြည်ထောင်စုအစိုးရ၊ နယ်စပ်ရေးရာဝန်ကြီးဌာနမှ တာဝန်ယူမည့် လမ်းအဖြစ် အဆိုပြုထားကြောင်းလည်း သိရှိရပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော့် အနေနဲ့ မေး လိုတဲ့မေးခွန်းကတော့ နံပါတ် (၁) (၁၃ မိုင်) ရှည်သော မုံရွာ-သာစည်လမ်းပိုင်းတွင် ကတ္တရာခင်းရန် ကျန်ရှိနေသည့်(၃ မိုင် ၄.၄ ဖာလုံ)အရှည်ရှိ ကျောက်ချောလမ်းကို ကတ္တရာလမ်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ /မရှိနှင့် အစီအစဉ် ရှိပါက မည်သည့်ကာလတွင် ဆောင်ရွက်ပေးမည် နှင့် နံပါတ် (၂) မုံရွာ-သာစည်နှင့် နောင်ကြီးအိုင်-မူးကမ်းကြီး-ရေကြည်ဝ-ဆိပ်ခွန်-ရွှေဘိုလမ်းအား ပြည်ထောင်စုအစိုးရ၊ နယ်စပ်ရေးရာဝန်ကြီးဌာနမှ တာဝန်ယူမည့် လမ်းအဖြစ်ဆောင်ရွ က်ပေးမည့် အစီအစဉ် ရှိ /မရှိ သိရှိလိုပါကြောင်း လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**မွန်ပြည်နယ်၊ ဘီးလင်း မြို့နယ်တွင် အဓိ ကကျသော ကျေးရွာချင်းဆက် ကုန်ထုတ် လမ်းများအား ယခုနှစ်အတွင်း ပြုပြင်ဆောင်ရွက်ပေးရန်အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၁း၀၈။**

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး မွန်ပြည်နယ် မဲဆ န္ဒနယ်အမှတ်(၁၂)မှ ဦးဇော်နိုင်ဦး က မွန်ပြည်နယ်၊ ဘီးလင်း မြို့နယ်တွင် အဓိ ကကျသော ကျေးရွာချင်းဆက် ကုန်ထုတ် လမ်းများအား ယခုနှစ်အတွင်း ပြုပြင်ဆောင်ရွက်ပေးရန်အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၀၉။**

**ဦးဇော်နိုင်ဦး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ

ကြီးများအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြီးပြည့်စုံပါစေကြောင်း ဆုတောင်း မေတ္တာပို့သရင်းအားလုံးကို ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဇော်နိုင်ဦး ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်၏ မဲဆန္ဒနယ် ဖြစ်သော မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်တွင် အဓိကကျသော ကျေးရွာချင်းဆက် ကုန်ထုတ်လမ်း (၃)လမ်းရှိပါတယ်။ ၎င်းလမ်းများသည် (၁၀)စုနှစ်များစွာ ပြင်ဆင်ဆောင်ရွက်ခြင်း ကင်းမဲ့နေပါသဖြင့် ဆိုးဝါးစွာပျက်စီးနေသည်ကို တွေ့ရှိရပါတယ်။ ဒေသ ခံများလည်း အခက်တွေ့နေပြီး ဒေသခံပြည်သူ များအနေဖြင့် မိုးရာသီကုန်ဆုံးပြီးသောကာလများ၌ ကျောက်ဖြည့်ခြင်း၊ မြေဖို့ဖြူဆင်ခြင်း စသည့်လုပ်ငန်းများကိုကိုယ်ထူကိုယ်ထ ဆောင်ရွက်၍ အသုံးပြုနေရခြင်း ဖြစ်ပါတယ်။ ဘီးလင်ဆက်ကြောင်းမှ ဘီးလင်း-မုတ္တမ၊ ဘီးလင်း-မော်လမြိုင်အဝေးပြေးလမ်းမကြီးမှ သကြားစက်လမ်းဆုံနှင်းပုလဲ၊ ရွှေလှေ၊ ညောင်ယလွင်၊ညောင်လမ်း၊ လိပ်ခုံး စသောကျေးရွာများသို့ ဆက်သွယ်ပေးသောလမ်းဖြစ်ပါတယ်။ ၎င်းလမ်းဟာ အကျဉ်းဦးစီးဌာန အောင်မြေကြံစိုက်ပျိုးရေးစီမံကိန်း ဆောင်ရွက်သော ကာလကတည်းက ဖောက်လုပ်ခဲ့သော လမ်းဖြစ်ပါတယ်။၎င်းလမ်းကိုဘီးလင်သကြားစက်လမ်းဆုံမှနှင်းပုလဲထိုတာအထိကို ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ယူ ပြုပြင်ဆောင်ရွက်ပေးနေတာကို တွေ့ရှိရပါတယ်။ နှင်းပုလဲကျေးရွာကနေ ရွှေလှေ၊ ညော င်ပလွင်၊ ညောင်လမ်း၊ လိပ်ခုံး စသောကျေးရွာကြီးများ အဓိက လယ်ယာထွက်ကုန်ပစ္စည်းများထွက်ရှိသော ကျေးရွာကြီးများအပိုင်းမှာ လမ်းဟာတချို့ ကတ္တရာအနည်းငယ်ရှိပြီး၊ တချို့လုံးဝမြေသားဖြစ်ပြီးတော့ ပျက်စီးနေတာကို တွေ့ရှိရပါတယ်။ ယခုကာလမှာတောင် ကျွန်တော်တို့ ဒေသခံပြည်သူများက (၁၀)ပေကျော်သော တံတား(၁)စင်းအား ကွန်ကရစ်တံတားအဖြစ် ကိုယ်ထူကိုယ်ထပြင်ဆင်ဆောင်ရွက်ရန် ကြိုးစားနေသည်ကို တွေ့ရှိရပါတယ်။

နံပါတ်(၂)လမ်းကတော့ တောင်စွန်းကျေးရွာအုပ်စု တောင်စွန်းကျေးရွာဆက်ကြောင်းမှ ဒေသအတွင်း ကျေးရွာများနှင့် ရန်ကုန်မော်လမြိုင် အဝေးပြေးလမ်းမကြီးနှင့် ဆက်သွယ်ပေးသော လမ်းဖြစ်ပါတယ်။ ကျွန်တော်တို့ သံတံတား ကျိုက်ထိုမြို့နယ်၊ သရက်ချောင်း /သရက်ကျေးရွာ၊ သံတံတားကျေးရွာကို ပေါက်တဲ့ လမ်းဖြစ်ပါတယ်။ ၎င်းလမ်းကို အကျဉ်းဦးစီးမှ ထောင်ပိုင်ကြီးဦးသိန်းထွန်းနှင့် ဒေသခံ များက ကိုယ်ထူကိုယ်ထ ဖောက်လုပ်ခဲ့သော ကတ္တရာလမ်း ဖြစ်ပါတယ်။ ကျောက်ထုတ်လုပ်ရေး လုပ်ငန်းများအတွက် ဖောက်လုပ်ထားခြင်းဖြစ်ပြီး ကျောက်တင် (၁၂)ဘီးကုန်တင်ကားကြီးများ သွားလာ၍ ပျက်စီးပြီးတော့ မပြင်ဆင်နိုင်သည့်မှာလည်း (၁၀)စုနှစ်များစွာ

ကြာမြင့်ခဲ့ပါသဖြင့် ဆိုးဝါးစွာပျက်စီးပြီး ဒေသခံပြည်သူများ အခက်တွေ့နေပါတယ်။ ၎င်းဒေသတွင် ဒေသခံကျေးရွာများ(၇)ရွာလောက် ရှိပါတယ်။

နံပါတ်(၃)လမ်းကတော့ ရွှေဝါရောင်လမ်းမကြီး ယက္ကန်းသည်မ ကျေးရွာအုပ်စုနဲ့ မရမ်းကုန်းကျေးရွာအုပ်စုရှိ ကျေးရွာငယ် (၁၆)ရွာတို့ ဆက်သွယ်အသုံးပြုသောလမ်း ဖြစ်ပါတယ်။ ၎င်းလမ်းမှာ ပြင်ဆင်ဆောင်ရွက်ခြင်း မရှိသ ည်မှာ (၁၀)စုနှစ်ကြာမြင့်၍ ဒေသခံ ပြည်သူများမှ ဖာထေး၍ အသုံးပြုနေရပါတယ်။ လမ်းအမျိုးအစားကတော့ ကျောက်ချောလမ်း ဖြစ်ပါတယ်။ ၎င်းလမ်းများသည် ကျွ န်တော်တို့မြို့နယ်၏ ကျောက်ထုတ်လုပ်ရေးနှင့် စိုက်ပျိုးရေး ထုတ်ကုန်များအတွက် ဒေသခံပြည်သူများ အဓိကထား အသုံးပြုနေသော လမ်းများဖြစ်ပါသဖြင့် ဤကိစ္စရပ်များနှင့်ပတ်သက်၍ အမျိုးသားလွှတ်တော် ဥက္က ဋ္ဌကြီးမှတစ်ဆင့် ဒေသခံပြည်သူများ ကိုယ်စား မေးခွန်းများမေးမြန်းခွင့်ပြုပါရန် တင်ပြလျှောက်ထားအပ်ပါတယ်။

မေးခွန်း။ သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် ၎င်းကျေးရွာချင်းဆက် ကုန်ထုတ်လမ်းများအား ယခုနှစ်အတွင်း ပြုပြင်ဆောင်ရွက်ပေးရန် အစီအစဥ် ရှိ /မရှိ။ ယခုနှစ်အတွင်း ဆောင်ရွက်ပေးရန် အစီအစဥ် မရှိပါက မည်သည့် အချိန်ကာလတွင် ပြုပြင်ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း မေးခွန်းအား မဲဆန္ဒရှင်ပြည်သူ များကိုယ်စား မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၁၂။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၁း၁၂။**

**ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေး(ပြည်ထောင်စုဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး နဲ့တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာပါစေကြောင်း ပဏာမ ဆုမွန်ကောင်းတောင်းမေတ္တာပို့သအပ်ပါတယ်။ကျွန်တော်ကတော့နယ်စပ်ရေးရာဝန်ကြီးဌာနနှင့်မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး သိန်းဌေး ဖြစ်ပါတယ်။

တင်ပြတဲ့မေးခွန်းများကို ဖြေဆိုတဲ့နေရာမှာ ကျွန်တော့်အနေနဲ့ ဝန်ကြီးဌာနရဲ့ အနေအထား၊ ဒီနှစ်အတွင်း ဆောင်ရွက်မှုအခြေအနေတွေနဲ့ အနည်းငယ်ဆက်စပ်ပြီးတော့တင်ပြခွင့်ပြုဖို့ မေတ္တာရပ်ခံလိုပါတယ်။ အဲဒီတော့ ပြီးခဲ့တဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးမှာ ကျွန်တော်တို့ နယ်စပ်ရေးရာဝန်ကြီးဌာနအနေနဲ့ အာမခံခဲ့တဲ့လုပ်ငန်းတွေဟာ တော်တော်များပါတယ်။ လုပ်ငန်းပေါင်း ကြည့်လိုက်မယ်ဆိုလို့ရှိရင် အားလုံး လုပ်ငန်းပေါင်း(၇၇)ခု ရှိပါတယ်။ အဲဒီတော့ဒီမှာ ပြန်ပြီးတော့ကြည့်လိုက်မယ်ဆိုရင် နယ်စပ်ဒေသ ဖွံ့ဖြိုးရေးနဲ့ဆိုင်တဲ့လုပ်ငန်း(၁၀)ခု ဖြစ်ပါတယ်။ ကျေးလက်ဒေသဖွံ့ဖြိုးရေးနဲ့ ဆိုင်တဲ့လုပ်ငန်း(၄၈)ခု၊ လုပ်ငန်းတွေကလည်း အများစုကတော့ လမ်းဖောက်လုပ်ရေးပဲ ဖြစ်ပါတယ်။ တတိယ ကျေးလက်၊ မြို့ပြ ရေပေးဝေရေးနဲ့ ပတ်သက်တဲ့ လုပ်ငန်းပေါင်း(၁၉)ခု အားလုံး(၇၇)ခု ဖြစ်ပါတယ်။ ဒီ(၇၇)ခု စလုံးက ကျွန်တော်တို့ ကတိကဝတ် ခံယူထားတဲ့အတိုင်း အခုအချိန်မှာ ဆောင်ရွက်နေတဲ့ဟာက စုစုပေါင်း ရာခိုင်နှုန်း (၅၀)အထက်ကို ပြီးစီးနေပြီ ဖြစ်ပါတယ်။ အဲဒီတော့ ဒီမှာ စုစုပေါင်း ပြန်ပြီးတော့ ပြောရမယ်ဆိုရင် ကျွန်တော်တို့ တာဝန်ခံခဲ့တဲ့လုပ်ငန်း(၇၇)ခုမှာ မြေလမ်း မိုင်(၅၀) ဖြစ်ပါတယ်။ ကျောက်လမ်း (၃၇၈ မိုင် ၂ ဖာလုံ)၊ ကတ္တရာလမ်း (၂ မိုင် ၃ ဖာလုံ) ဖြစ်ပါတယ်။ ကွန်ကရစ်လမ်း (၂ မိုင် ၆ ဖာလုံ) ဒီကွန်ကရစ်လမ်းကတော့ ခုနက စစ်တွေမြို့ကြီး နိုင်ငံတကာ အဆင့်မီဖို့အတွက် မြန်မာနိုင်ငံမှာ နှစ်ပေါင်းများစွာ မြို့တော်အနေနဲ့ နေခဲ့တဲ့ အခါမှာအခုအချိန်မှာ ပျက်ယွင်းလာတဲ့အတွက် ပြည်နယ်ရဲ့ ဂုဏ်အင်္ဂါရပ်၊ ဂုဏ်သိက္ခာ ကိုတောင် ကျဆင်းနေတဲ့အနေအထား ဖြစ်တဲ့အတွက် ဒီအမျိုးသား လွှတ်တော်မှာပဲ တင်ပြတဲ့အတွက် ကျွန်တော်တို့ ဖောက်လုပ်နေတာ လက်တွေ့လည်း အသိ ဖြစ်ပါတယ်။ လမ်းက ပြီးစီးလုဖြစ်ပြီး ဖြစ်ပါတယ်။ ဒါကြောင့် စု စုပေါင်း လမ်းမိုင်ပေါင်း (၄၃၃ မိုင် ၃ ဖာလုံ)နဲ့ မြို့ပြ ရေရရှိရေးလုပ်ငန်း(၇)ခုနဲ့ ကျေးလက်ရေရရှိရေးလုပ်ငန်း(၁၂)ခု ပေါင်း(၁၉)ခု၊ စုစုပေါင်းဘဏ္ဍာငွေသန်းပေါင်း(၄၄၀၀)သုံးစွဲပြီးတော့ ကျွန်တော်တို့ဆောင်ရွက်နေတာ ဖြစ်ပါတယ်။အဲဒီတော့ ဒီလိုဆောင်ရွက်တဲ့နေရာမှာ ခုနမူလ ကျွန်တော်တို့ဝန်ကြီးဌာနရဲ့ အစီအမံမှာ ပါဝင်တဲ့ လုပ်ငန်းတွေ က သီးခြားရှိပါသေးတယ်။ ဒီလုပ်ငန်းတွေအပြင် ခုနဒုတိယ အကြိမ်ပုံမှန် အစည်းအဝေးမှာတင်ပြတဲ့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ ပြည်သူလူထုအပေါ်မှာ ထားရှိတဲ့ စိတ်ဆန္ဒပေါ်ကို လေးစားသော အားဖြင့် ကျွန်တော်တို့ ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ ဒီလို ဆောင်ရွက်တဲ့ နေရာမှာလည်း ဘဏ္ဍာငွေ အားဖြင့် ကျွန်တော်တို့မှာ ပြည့်စုံလုံလောက်မှု အပြည့်အဝရှိလို့ ဆောင်ရွက်ခြင်း မဟုတ်ပါဘူး။ ကျွန်တော်တို့ စည်ပင်သာယာရေးဦးစီးဌာနမှာ

စုဆောင်းထားတဲ့ ဗဟိုရန်ပုံငွေတွေ အကုန်စုဆောင်းပြီးတော့မှ ကျွန်တော်တို့ ဆောင်ရွက်ပေးခြင်း ဖြစ်ပါတယ်။ နောက်တစ်ခါ ဝန်ကြီးဌာနရဲ့ အသုံးစရိတ်အားလုံးကို ဖြတ်တောက်ပြီးတော့မှ ကျွန်တော်တို့ ဆောင်ရွက်ပေးခြင်း ဖြစ်ကြောင်းလည်း ကျွန်တော့်အနေနဲ့ ထည့်သွင်းတင်ပြလိုပါတယ်။ ဒီနေရာမှာ တစ်ခါ တစ်ဆက်တစ်စပ်တည်း ဆောင်ရွက်ရတဲ့လုပ်ငန်းကဏ္ဍနှစ်မှာ ကျွန်တော်တို့ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာရှိတဲ့ ဒီနာဂဒေသမှာ လမ်းမိုင်ပေါင်း စုစုပေါင်း(၁၃၃ မိုင်) ခင်းနေတဲ့ လုပ်ငန်းရှိပါတယ်။ အဲဒီတော့ နှိုင်းယှဉ်ပြီးတော့ ပြောမယ် ဆိုရင်တော့ ကျွန်တော်တို့ နာဂဒေသမှာ စတုရန်းမိုင်ပေါင်း(၁၂၀၀၀)လောက် ကျယ်ဝန်းတယ်။တစ်နည်းအားဖြင့် စင်ကာပူနိုင်ငံရဲ့ အဆ(၂၀)ရှိပေမဲ့ ဒီကနေ့ နာဂဒေသမှာနေထိုင်တဲ့ လူဦးရေဟာ (၁၂၀၀၀၀) မပြည့်တော့ပါဘူး။ နောက်တစ်ခါ လူဦးရေစာရင်း အကြမ်းဖျင်း ကောက်ယူမှုအရ လူဦးရေက Degenerate ဖြစ်နေပါတယ်။လျော့နေတဲ့အနေအထားဖြစ်ပါတယ်။ ဒီလိုဒေသမှာ ကျန်တဲ့ ဒေသနဲ့နှိုင်းဆလိုက်ရင်တော့ ကျန်တဲ့ဒေသကတော့ လမ်းအခက်အခဲ ဖြစ်ပါတယ်။ နာဂဒေသ ကတော့ လမ်းမရှိပါဘူး ခင်ဗျား။ လုံးဝကိုမရှိပါဘူး။ ခြေလျင်နဲ့ပဲ သွားနိုင်တာ ဖြစ်ပါတယ်။ ဒီနွေရာသီ ပွင့်လင်းရာသီ တွေမှာတော့ အင်မတန်ခက်ခက်ခဲခဲနဲ့ တစ်ပ တ်၊ (၈)ရက်လောက် သွားရင်တော့ မော်တော်ဆိုင်ကယ်နဲ့ သော် လည်းကောင်း၊ ကျန်တဲ့ နည်းလမ်း လေးတွေနဲ့သော် လည်းကောင်း သွားလာနိုင်တဲ့ အနေအထား ရှိပါတယ်။ တစ်ဆက် တစ်စပ်တည်း သွားလာနိုင်ခြင်း မရှိဘဲနဲ့ ပြတ်တောင်းပြတ်တောင်း သွားလာနိုင်တဲ့ အနေအထားဖြစ်ပါတယ်။ လမ်းလည်း မရှိပါဘူး။ တံတားလည်း မရှိပါဘူး။ ဒါကြောင့် ဒီနာဂတောင်တန်းဒေသမှာ လမ်းဖြစ်ထွန်းရေးအတွက် ကျွန်တော်တို့ ဒီ(၁၃၃)မိုင်သောလမ်းကို (၃)နှစ်အတွင်း ရာသီမရွေးသွားလာနိုင်သော ကျောက်ချော လမ်းအဆင့် ဖြစ်အောင်ဆောင်ရွက်နေတဲ့ အတွက်ကြောင့် ဒီနေရာ မှာ ကျွန်တော်တို့ စုစုပေါင်း(၂၉)ဘီလီယံလောက် ပုံအောပြီးတော့ သုံးစွဲနေရတဲ့ အနေအထားလည်း ကျွန်တော့် အနေနဲ့ ထည့်သွင်းတင်ပြလိုပါတယ်။ ဒီလို တစ်ဆက်တစ်စပ်တည်း တင်ပြရင်းနဲ့ပဲ ခုန လွှတ်တော် ကိုယ်စားလှယ်ကြီးများ မေးမြန်းတဲ့ မေးခွန်းများကို ကျွန်တော့်အနေနဲ့ ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ပထမမေးခွန်းကတော့ တောင်သာ -နွားထိုးကြီးလမ်းနဲ့ နောက်တစ်ခါ ညောင်ဦး -တောင်သာ-မြင်းခြံ ဆက်သွယ်ရေးအပိုင်းများနဲ့ ပတ်သက်လို့ ဖြစ်ပါတယ်။ ဒီနေရာမှာလည်း ကျွန်တော်တို့အနေနဲ့ သက်ဆိုင်ရာ တိုင်းဒေသကြီး မှာရှိတဲ့ စည်ပင်သာယာရေးအဖွဲ့တွေနဲ့လည်း မိမိလုပ်ငန်း၊ မိမိနယ်မြေဒေသကို မိမိလုပ်ကိုင်ခွင့်ဖြစ်အောင်လို့ ရရှိတဲ့ အခွန်ဘဏ္ဍာငွေ အားလုံး

ကိုလည်း အကုန်လုံးလွှဲပြောင်းပေးပြီး ဖြစ်ပါတယ်။ အဲဒီတော့ တောင်သာမြို့နယ် စည်ပင်သာယာရေး အဖွဲ့က ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှာ သူလျာထားငွေက၊ ဝင်ငွေက သန်း (၁၂၀) ဖြစ်ပါတယ်။ အဲဒီတော့ လမ်း၊ တံတားတွေအတွက် သုံးသုံးနိုင်တာက (၄၂)သန်း ဖြစ်ပါတယ်။ အလားတူပဲ နွားထိုးကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရဲ့ ဝင်ငွေ လျာထားချက်က (၁၄၈)သန်း ဖြစ်ပါတယ်။ လမ်း၊ တံတားတွေအတွက် သုံးနိုင်ခွင့်ရှိတာ (၅၈)သန်း ရှိပါတယ်။ ငါ့သရောက်မြို့နယ်ခွဲ စည်ပင်သာယာရေးအဖွဲ့ရဲ့ လျာထားဝင်ငွေဟာ(၅)သန်းပဲ ဖြစ်ပါတယ်။ လမ်း၊ တံတားအတွက် သုံးနိုင်တာ (၂.၂၃၃)သန်း ဖြစ်ပါတယ်။ အဲဒီတော့ တောင်သာ -နွားထိုးကြီးလမ်းကို ကျွန်တော်တို့ သုံးသပ်ကြည့်မယ်ဆိုရင် အားလုံးမိုင်ပေါင်း (၁၈ မိုင် ၃ ဖာလုံ)ရှိပါတယ်။ အဲဒီအချိန်မှာ (၁၂)ပေအကျယ် ကတ္တရာလမ်း ပြီးစီးနေတာ (၃ ဖာလုံ)ပဲ ရှိပါတယ်။ (၁၂)ပေအကျယ် ကျောက်လမ်း ပြီးစီးနေတာ (၄ မိုင် ၃ ဖာလုံ) ဖြစ်ပြီးတော့ မြေသားလမ်း(၁၃ မိုင် ၅ ဖာလုံ) ဖြစ်ပါတယ်။ ဒီလမ်းတွေကလည်း လက်ရှိအနေအထားမှာခုနလို ကတ္တရာလမ်းသည်လည်းကောင်း၊ကျောက်လမ်းသည်လည်းကောင်း အတိုင်းအတာတစ်ခုအထိ ပျက်စီးနေတာလည်း ဖြစ်ပါတယ်။ ဒါကြောင့် ဒီနေရာမှာ ကျွန်တော်တို့ လုပ်မယ့် လုပ်ငန်းစဥ်မှာတော့ မြေသား လမ်းကို ကျွန်တော်တို့ ပေ(၂၀) မြေသားလမ်း(၈ မိုင်)၊ (၁၂)ပေအကျယ် ကျောက်ချောလမ်း(၁၅ မိုင် ၆ ဖာလုံ)နဲ့ ကွန်ကရစ်ရေကျော်(၁)စင်း၊ နောက်တစ်ခါ ကျောက်စီမြေထိန်းနံရံ(၁)ခုတို့ကို ဆက်လက်ဆောင်ရွက်ဖို့ ကျွန်တော်တို့ တွက်ချက်ပါတယ်။ တွက်ချက်တဲ့အခါမှာ စုစုပေါင်းဘဏ္ဍာငွေ(၄၄၇.၉၂)သန်း လိုမှာဖြစ်ပါတယ်။ ဒါကြောင့် ဒီနှစ်ထဲမှာတော့ ကျွန်တော်တို့၂၀၁၁-၂၀၁၂ ခု ဘဏ္ဍာရေးနှစ်မှာတော့ စုစုပေါင်း(၆ ဖာလုံ)ပဲ ကျွန်တော်တို့ ရန်ပုံငွေ(၁၃.၂၃)သန်းနဲ့ ဆောင်ရွက်ပေးနိုင်မှာဖြစ်ပါတယ်။ ကျောက်ချောလမ်း(၆)ဖာလုံဖြစ်ပါတယ်။ ကျန်လမ်းပိုင်းများကိုတော့ ကျွန်တော်တို့ ၂၀၁၂-၂၀၁၃ ခု ဘဏ္ဍာ ရေးနှစ်နှင့် ၂၀၁၃-၂၀၁၄ ခု ဘဏ္ဍာရေးနှစ်တွေမှာ(၂)နှစ်ခွဲပြီးတော့ ဆောင်ရွက်ပေးမှုဖြစ်ကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

ဒုတိယလမ်းဖြစ်တဲ့ ညောင်ဦး-တောင်သာ-မြင်းခြံ ဆက်သွယ်သောလမ်း ငါ့သရောက်-ဇဂျမ်း-မြင်းခြံလမ်းဖြစ်ပါတယ်။စုစုပေါင်း(၂၁ မိုင် ၇ ဖာလုံ) ဖြစ်ပါတယ်။ လမ်းအခြေအနေကတော့ (၁၂)ပေအကျယ် ကျောက်ချောလမ်း(၄ ဖာလုံ)နဲ့ (၈)ပေအကျယ် ကျောက်ကြမ်းလမ်း (၂ မိုင်)ပဲ ရှိပြီးတော့ ကျန်တာတော့ ရိုး ရိုးမြေသားလမ်းပဲ ဖြစ်ပါတယ်။ ဒီလိုလမ်းကို ရာသီမရွေး သွားနိုင်ဖို့ ဆိုရင်တော့ ကျွန်တော်တို့ ကျောက်ချောလမ်း (၂၁ မိုင် ၃ ဖာလုံ)၊ ကွန်က ရစ်ရေကျော်(၅)စင်း တည်ဆောက်ရန်လိုမှာ ဖြစ်ပြီး တော့ ရန်ပုံငွေအားဖြင့် ကျွန် တော်တို့ (၈၉၉.၃၇)သန်း လိုအပ်မှာ

ဖြစ်ပါတယ်။ ဒီလုပ်ငန်းများ ကိုတော့ ကျွန်တော် မန္တလေးတိုင်းဒေသကြီး ရဲ့ ၂၀၁၁-၂၀၁၂ ခုနှစ် ဖြည့်စွက်ရန်ပုံငွေနဲ့ ဆောင်ရွက်ပေးသွားမှာ ဖြစ်ကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

ဆက်လက်ပြီးတော့ စစ်ကိုင်းတိုင်းဒေသကြီး၊မဲဆန္ဒနယ်အမှတ်(၄) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာ ဝင်းမြင့်အောင် ရဲ့ မေးမြန်း ချက်များနဲ့ ပတ်သက်ပြီးတော့ ဖြေကြား သွားမှာ ဖြစ်ပါတယ်။ ဒီမေးခွန်းကတော့ ကျွန်တော်တို့ မုံရွာ -သာစည်လမ်းအပိုင်းမှာ ကျန်ရှိတဲ့ ကျောက်ချောလမ်းပိုင်းကို အဆင့်မြှင့်ပေးဖို့ နဲ့ မုံရွာ-သာစည် နဲ့ နောင်ကြီး အိုင်-မူးကမ်းကြီး-ရေကြည်ဝ-ဆိပ်ခွန်-ရွှေဘိုလမ်းကို ကျွန်တော်တို့ နယ်စပ်ရေးရာဝန်ကြီးဌာနမှ တာဝန်ယူတဲ့ လမ်း အဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ /မရှိ ဖြစ်ပါတယ်။ ဒီနေရာမှာလည်း ရှင်းလင်း တင်ပြ ရမယ်ဆိုရင် မုံရွာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရဲ့ ၂၀၁၁-၂၀၁၂ ခု ဘဏ္ဍာ ရေးနှစ်ရဲ့ ဝင်ငွေလျာထားချက်က (၁၂၄၁)သန်း ဖြစ်ပါတယ်။ လမ်းတံတားအတွက် ပြန်သုံးနိုင်တဲ့ငွေကြေး ပမာဏကတော့(၄၄၂.၇)သန်း ဖြစ်ပါတယ်။ အလားတူပဲ ရွှေဘိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရဲ့ ဝင်ငွေလျာထားချက် ဒီနှစ်မှာ သန်း (၅၀၀)ဖြစ်ပြီးတော့ လမ်းတံတားအတွက် ပြန်သုံးခွင့်ရှိတာ ကတော့ (၁၉၃.၉၄)သန်း ဖြစ်ပါတယ် ။ အဲဒီတော့ မုံရွာ -သာစည်လမ်းက ယခင် ကျေးလက် ဒေသဖွံ့ဖြိုးရေး ကတ္တရာလမ်းဟောင်း ဖြစ်ပြီးတော့ စုစုပေါင်း မိုင်အရှည် (၁၃)မိုင် ရှိတဲ့အနက်က ကတ္တရာလမ်းအနေနဲ့က (၉)မိုင် (၄)ဖာလုံ ရှိပြီးတော့ ကျောက်ချောလမ်း(၃)မိုင် (၄)ဖာလုံ ပါဝင်တာ ဖြစ်ပါတယ်။ ဒီ နှစ်မှာလည်း မုံရွာ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ရဲ့ ရန်ပုံငွေ (၁၀၅)သန်း သုံးပြီးတော့ ကျွန်တော်တို့ လုပ်ငန်းတွေ ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလို ဆောင်ရွက်တဲ့ လုပ်ငန်းတွေကတော့ ကတ္တရာထပ်ပိုးလွှာခင်းခြင်း (၁)မိုင်(၆)ဖာလုံ ဖြစ်ပါတယ်။ ကတ္တရာလမ်း ခင်းခြင်း (၂)မိုင် ဖြစ်ပါတယ်။ ကတ္တရာလမ်းပြုပြင်ခြင်း (၁)မိုင်(၆)ဖာလုံ ဖြစ်ပါတယ်။ ကွန်ကရစ် တံတားတည်ဆောက်ခြင်း(၃)စင်းဖြစ်ပြီးတော့ သစ်သားတံတား(၁)စင်း တည်ဆောက်လျက်ရှိပါတယ်။ ကျန်ရှိတဲ့ ကျောက်ချောလမ်းအပိုင်း (၃)မိုင်(၄)ဖာလုံကို ကတ္တရာလမ်းခင်းဖို့ ကျွန်တော်တွက်ချက် ကြည့်တဲ့အခါမှာ(၁၆၁)သန်းကုန်ကျမှာ ဖြစ်ပါတယ်။ ဒီလုပ်ငန်းကိုလည်း ကျွန်တော်တို့မုံရွာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေနဲ့ နှစ်အလိုက် စီမံဆောင်ရွက်ဖို့ ကျွန်တော်တို့ လျာထားလျက် ရှိပါတယ်။ဒီလိုဆောင်ရွက်တဲ့နေရာမှာ၂၀၁၂-၂၀၁၃ လာမယ့် နှစ်ဘဏ္ဍာရေးနှစ်မှာ ကျွန်တော်တို့ (၇)ဖာလုံခင်းနိုင်မှာဖြစ်ပါတယ်။ ရန်ပုံငွေသုံးစွဲမှာတော့(၃၉.၈၃)သန်းဖြစ်ပါတယ်။ ကျန်လမ်းပိုင်း

ကိုတော့ ၂၀၁၃-၂၀၁၄ ခုနှစ်ဘဏ္ဍာရေးနှစ်အတွင်းမှာ ပြီးစီးအောင် ဆောင်ရွက် ပေးသွားမှာ ဖြစ်ကြောင်းရှင်းလင်းတင်ပြအပ်ပါတယ်။

ဆက်လက်ပြီးတော့ နောင်ကြီးအို င်-မူးက မ်းကြီး -ရေကြည် ဝ-ဆိပ်ခွန် -ရွှေဘိုလမ်း (၂၇ မိုင် ၇ ဖာလုံ)နဲ့ ပတ်သက်ပြီးတော့ တင်ပြမှာ ဖြစ်ပါတယ်။ လက်ရှိလမ်းအမျိုးအစားကတော့ အရာတော်မြို့နယ်မှာ မြေသားလမ်း (၁၀ မိုင် ၆ ဖာလုံ) ဖြစ်ပါတယ်။ ဒီပဲယင်းမြို့နယ်မှာ မြေသား လမ်း(၃ မိုင် ၇ ဖာလုံ) ဖြစ်ပါတယ်။ ရွှေဘိုမြို့နယ်မှာတော့ ကျောက်ချောလမ်း (၆ မိုင် ၂ ဖာလုံ)နဲ့ ကတ္တရာလမ်း(၇ မိုင်)ဖြစ်ပါတယ်။ ဒီလမ်းပိုင်းနဲ့ ပတ်သက်ပြီးတော့ ရွှေဘိုမြို့နယ်မှာရှိတဲ့ ကတ္တရာ လမ်း(၇ မိုင်)ကို ကျွန်တော်တို့ ချီပါလမ်းခွဲကနေပြီးတော့ ရွှေဘိုလမ်းပိုင်းအထိသာ ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်းပိုင်ကတ္တရာလမ်း(၃ မိုင်)ဖြစ်ပြီးတော့ ကျန်လမ်းပိုင်း ကတ္တရာလမ်း(၄ မိုင်)၊ ကျောက်ချောလမ်း(၆ မိုင် ၂ ဖာလုံ)နဲ့ မြေသားလမ်း(၁၄ မိုင် ၅ ဖာလုံ)ကတော့ သက်ဆိုင်ရာ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ကနေပြီးတော့ တာဝန်ယူထိန်းသိမ်းရတဲ့လမ်းများပဲ ဖြစ်ပါတယ်။ဒါကြောင့် ရွှေဘိုမြို့နယ် ရေကြည်ဝ-တည်ပင်-ဆိပ်ခွန် ကျောက်ချောလမ်းပိုင်း(၆ မိုင် ၂ ဖာလုံ) ပြုပြင်ခြင်းနဲ့ ဆိပ်ခွန်-ချီပါလမ်းခွဲ ကတ္တရာလမ်း(၁ ဖာလုံ) ပြုပြင်ခြင်းလုပ်ငန်းတွေကို ကျွန်တော်တို့၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှာကျွန်တော်တို့ထောက်ပံ့ငွေ(၂၆)သန်းပေးပြီးတော့ဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်။ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေတော့(၄)သန်း ကျွ န်တော်တို့ ထည့် ဝင်မှာဖြစ်ပါတယ်။ စုစုပေါင်း သန်း (၃၀.၇၃)သန်းနဲ့ ကျွန်တော် တို့ ဒီလုပ်ငန်းတွေကို ဆောင်ရွက်ပေးလျက်လည်း ရှိပါတယ်။ ပြီးစီး အောင် ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ ဒီ နောင်ကြီးအို င်-မူးကမ်းကြီး- ရေကြည်ဝ-ဆိပ်ခွန်-ရွှေဘိုလမ်းမြို့နယ်(၃)ခု ဆက်တဲ့လမ်းကို ကျွန်တော်တို့ အဆင့်မြှင့်တင်ရေး အတွက်တော့ မြို့နယ်စည်ပင် သာယာရေးရန်ပုံငွေများနဲ့ ဆောင်ရွက်ရန် လုံလောက်မှုမရှိကြောင်း တွေ့ရှိရပါတယ်။ ဒါကြောင့် ကျွန်တော်တို့ဘဏ္ဍာရေးနှစ်(၃)နှစ်ခွဲပြီးတော့ နိုင်ငံတော်ထောက်ပံ့ငွေနဲ့ ဆောင်ရွက်ပေးရေးအတွက် စီစဉ်ဆောင်ရွက်သွားမှာဖြစ်ကြောင်း ကျွန်တော်နေနဲ့ ရှင်းလင်းတင်ပြ အပ်ပါတယ်။

တတိယလမ်းပိုင်းဖြစ်တဲ့ မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၂) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဇော်နိုင်ဦး ရဲ့ ဘီးလင်းမြို့နယ်အတွင်းမှာရှိတဲ့ ကျေး ရွာချင်းဆက်လမ်းများ ပြုပြင်မှုအခြေအနေနဲ့ ပတ်သက်ပြီးတော့ ကျွန်တော့်အနေနဲ့ တင်ပြသွားမှာဖြစ်ပါတယ်။ ဘီးလင်း

မြို့နယ်ရဲ့ ၂၀၁၁-၂၀၁၂ ခုနှစ် လျာထားဝင်ငွေက (၁၄၉)သန်း ဖြစ်ပါတယ်။ သူဆောင်ရွက်နိုင်တဲ့ လမ်းတံတားလုပ်ငန်းအတွက် သုံးစွဲနိုင်ခွင့်ရှိတာက (၅၄)သန်း ဖြစ်ပါတယ်။ အဲဒီတော့ ဒီ လမ်း (၃)ခုကိုကျွန်တော်တို့ လေ့လာကြည့်တဲ့အခါမှာတော့ ဒီနှင်းပုလဲ-ရွှေလှေ၊ ညောင်ပလ္လင်-ညောင်လမ်း-လိပ်ခုံးကျေးရွာကို ဆက်သွယ်တဲ့လမ်းကတော့ အရှည် (၇ မိုင် ၁ ဖာလုံ) ရှိပါတယ်။ အဲဒီတော့ ဘီးလင်း-နှင်းပုလဲလမ်းပိုင်းမှာတော့ (၁ မိုင် ၇ ဖာလုံ)ဟာ ဆော က်လုပ်ရေးပိုင် ကတ္တရာလမ်း ဖြစ်ပါတယ်။ နှင်းပုလဲ -လိပ်ခုံးလမ်း (၅ မိုင် ၂ ဖာလုံ)ကတော့ ကျွန်တော်တို့ ကြံ စီမံကိန်းအရ ဒီအကျဉ်းဦးစီးဌာနက ဖောက်လုပ်ခဲ့တဲ့ မြေသားလမ်းပဲ ဖြစ်ပါတယ်။ နောက် ဒုတိယလမ်းဖြစ်တဲ့ တောင်စွန်းကျေးရွာအုပ်စုဆက်ကြောင်းက ဒီ ဒေသတွင်း ကျေးရွာများနှင့် ရန်ကုန် -မော်လမြိုင် အဝေးပြေးလမ်းကိုဆက်သွယ်တဲ့လမ်း (၆ မိုင် ၅ ဖာလုံ) ဖြစ်ပါတယ်။ ဒီဟာက အကျဉ်းဦးစီးဌာနက ဖောက်လုပ်ခဲ့တဲ့ လမ်းဖြစ်ပြီးတော့ မူလ ကတ္တရာလမ်းဖြစ်ပေမယ့် လက်ရှိအခြေအနေကတော့ ဆိုးဝါးစွာ ပျက်စီးနေတာဖြစ်ပါတယ်။

တတိယလမ်းကတော့ ယက္ကန်းသည်မ ကျေးရွာအုပ်စုဆက်ကြောင်းနှင့် ကျေးရွာပေါင်း (၁၆)ရွာရှိတဲ့ မရမ်းကုန်းကျေးရွာကို ဆက်သွယ်တဲ့ အရှည် (၂ မိုင် ၃ ဖာလုံ)ရှိတဲ့ ကျောက်လမ်း ဖြစ်ပါတယ်။ လက်ရှိတော့ မြေသားလမ်းအဆင့်သာသာပဲဖြစ်နေတာ ဖြစ်ပါတယ်။ ဒီလမ်း(၃) လမ်းကို ကျွန်တော်တို့ သုံးသပ်မယ်ဆိုရင်တော့ ယက္ကန်းသည်မကျေးရွာအုပ်စု ဆက်ကြောင်းလမ်း (၁)ခုသာ လယ်ယာထွက်ရာသီကုန် တင်ပို့တဲ့ မူလလမ်းဖြစ်ပြီးတော့ ကျန်လမ်း (၂)လမ်းကတော့ အကျဉ်းဦးစီးဌာနက အသုံးပြုတဲ့ ကျောက်ထုတ်လမ်းများပဲ ဖြစ်ပါတယ်။ သို့သော် ဒီလမ်းပေါ် တည်မှီပြီးတော့လည်း ယခုအချိန်မှာ လယ်ယာထွက်ရာသီကုန်များ ပေးပို့ဖို့ ဆောင်ရွက်နေခြင်း ဖြစ်တယ်လို့လည်း ကျွန်တော်တို့ သုံးသပ်နိုင်တာ ဖြစ်ပါတယ်။ လိုအပ်တဲ့ငွေတွေကို ကျွန်တော်တို့ တွက်ချက်ကြည့်တဲ့ အခါမှာတော့ စုစုပေါင်း(၈၀၆.၈)သန်းခန့်ကုန်ကျမှာ ကျွန်တော်တို့ တွေ့ရှိရတာ ဖြစ်ပါတယ်။ ဒီ မြို့နယ ်စည်ပင်သာယာရေးအဖွဲ့တွေရဲ့ ရန်ပုံငွေနဲ့ သုံးဖို့တော့ ကျွန်တော်တို့ လုံလောက်မှာ မဟုတ်ပါဘူး။ ဒီအတွက်ကြောင့် ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ပဲ ဒီအဓိကကျတဲ့ လယ်ယာထွက် ရာသီကုန် တင်ပို့တဲ့လမ်းဖြစ်တဲ့ ဒီအမှတ်(၃) ယက္ကန်းသည်မကျေးရွာဆက် ကြောင်း လမ်း(၂ မိုင် ၃ ဖာလုံ)ကိုတော့ ကျွန်တော်တို့ ဒီနှစ်အတွင်းမှာပဲ ကျောက်လမ်း၊ ကျောက်ချောလမ်း အဖြစ် ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ ကျန်လမ်းများကတော့ အကျဉ်းဦးစီး ဌာနရဲ့ ကျောက်ထုတ်လမ်းများပဲ ဖြစ်ပါတယ်။ လက် ရှိမှာလည်း ဒီကားတွေကြောင့်လည်း လမ်းတွေ

ပျက်စီးခြင်းပဲ ဖြစ်ပါတယ်။ ဒါကြောင့် ဒီလမ်းတွေ ပြုပြင်ရေး အတွက်တော့ သက်ဆိုင်ရာ အကျဉ်းဦးစီးဌာနနဲ့ညှိနှိုင်းပြီးတော့ ဒီဒေသခံ ပြည်သူများလည်း ခုနကလိုရာသီထွက်ကုန်များ ပို့ဆောင်ရေးမှာ အသုံးပြုနိုင်အောင် ကျွန်တော်တို့အနေနဲ့ ညှိနှိုင်းဆောင်ရွက်ပေးသွားမှာ ဖြစ်ကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၁း၂၉။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ် နှစ်ဦးက မေးမြန်းသည့် မေးခွန်းတွေဟာ စွမ်းအင်ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဖြေကြား ရမည့်မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော် ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းများကို တစ်ဆက်တည်း မေးမြန်းပြီး မှ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားဖို့ ဖြစ်ပါတယ်။

**အနာဂတ် လူဦးရေတိုးတက်မှု အခြေအနေနှင့်တွက်ချက်၍ ဒေသတွင်း စွမ်းအင်ဖူ လုံရေးနှင့် လုံခြုံရေးအတွက် အရံစွမ်းအင် သိုလှောင်ထားရှိသည့် အစီအစဉ်တစ်ရပ် ထားရှိကျင့်သုံးမှု ရှိ/မရှိ နှင့် စပ်လျဉ်းသည့်မေးခွန်း**

ပထမဦးစွာ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒ နယ်အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည် က အနာဂတ် လူဦးရေတိုးတက်မှု အခြေအနေနှင့်တွက်ချက်၍ ဒေသတွင်း စွမ်းအင်ဖူလုံရေးနှင့် လုံခြုံရေးအတွက် အရံ စွမ်းအင် သိုလှောင်ထားရှိသည့် အစီအစဉ်တစ်ရပ် ထားရှိကျင့်သုံးမှု ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၂၉။**

**ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)။** ။ အားလုံးပဲ မင်္ဂလာကျက်သရေအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဆုတောင်းပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စု ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများရှင့်။ ကျွန်မကတော့ ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါ်ခင်ဝိုင်းကြည် ဖြစ်ပါတယ်။ ဒါကျွန်မ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၈၇ အရ နိုင်ငံတော်နှင့် နိုင်ငံသားအကျိုး ရည်ရွယ်ပြီးတော့ ကျွန်မ ဒီမေးခွန်းကို မေးမြန်းခြင်း ဖြစ်ပါတယ်။

ကျွန်မတို့ရဲ့ မြန်မာနိုင်ငံဟာ ယခုဆို လို့ရှိရင် တိုးတက်လာတဲ့ အခြေအနေနဲ့ အညီ အာဆီယံအဖွဲ့ဝင်နိုင်ငံလည်း ဖြစ်နေပြီဖြစ်ပါတယ်။ အဲဒီ မှာ အာဆီယံမှာ ကျွန်မတို့ အာဆီယံ ရဲ့

လမ်းစဉ်ကြီး(၃)ရပ်ထဲက အာဆီယံ စီးပွားရေးအသိုက်အဝန်းမှာ ကျွန်မတို့ မြန်မာနိုင်ငံလည်း ပါဝင်ပြီးတော့ ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။ အာဆီယံမှာ စွမ်းအင်ပူးပေါင်းဆောင်ရွက်မှု ကလည်း တစ်ခုအပါအဝင် ဖြစ်ပါတယ်ဆိုတာ လေ့လာပြီးတော့ သိရှိရပါတယ်။ အာဆီယံရဲ့ အဆိုတွေအရဆို ရင်တော့ မဟာဓာတ်အားလိုင်းနဲ့ သဘာဝဓာတ်ငွေ့ပိုက်လိုင်း အကောင်အထည်ဖော်မှုများ သာမက ဒေသတွင်း ရေနံနဲ့ သဘာဝဓာတ်ငွေ့ဖူလုံစေရေးအတွက် အာဆီယံရဲ့စွမ်းအင် လုံခြုံမှုဆိုင်ရာ ဘောင်သဘောတူစာချုပ်ကိုလည်း ညှိနှိုင်းရေးဆွဲမှာဖြစ်ကြောင်း သိရှိရပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးရှင့်။ နိုင်ငံတော်ရဲ့ ကုန်းတွင်းနဲ့ ကမ်းလွန်ပင်လယ်ပြင် တို့မှာ ရေနံနဲ့သဘာဝဓာတ်ငွေ့ တူးဖော်ရေးလုပ်ငန်းများကို ထပ်မံတိုးချဲ့ လုပ်ကိုင်နေကြောင်းလည်း ကြားသိရပါတယ်။ ရေနံနဲ့ သဘာဝဓာတ်ငွေ့သိုက်တို့ရဲ့ သဘာဝအရ မြန်မာ့ရေနံနဲ့ ဓာတ်ငွေ့သိုက် တို့ရဲ့ ထုတ်ယူနိုင်မှုသက်တမ်းဟာ နှစ်(၃၀)ထက်မပိုကြောင်း နိုင်ငံ တကာအတွေ့အကြုံများအရ ပညာရှင်များက လက်ခံထားကြောင်းလည်း လေ့လာသိရှိရပါတယ်။ သို့ဖြစ်ရာ တစ်ဖက်မှာ နိုင်ငံရဲ့ လက်တလောအကျိုးစီးပွားအတွက် ထုတ်ယူသုံးစွဲရတာဖြစ်သော်လည်း ကမ္ဘာ့နိုင်ငံကြီးများတွင် အစဉ်အလာအဖြစ် သဘာဝ သယံဇာတ ရေနံနဲ့ ဓာတ်ငွေ့သိုက်များထဲမှ တချို့ကို အရန်ပမာဏ Oil and Gas Reserves အဖြစ် အရေးပေါ် စွမ်းအင်လုံခြုံရေးအတွက် ထုတ်ယူခြင်းမရှိဘဲ သိုမှီး ထားရှိသည့် စနစ် တစ်ရပ် ကျင့်သုံးကြကြောင်းလည်း လေ့လာသိရှိရပါတယ်။ ဒါကြောင့်မို့ မြန်မာနိုင်ငံရဲ့ အနာဂတ် စွမ်းအင်အနေအထားနဲ့ ဆောင်ရွက်ထားမှုအပေါ် နိုင်ငံသားများလည်း သိရှိနားလည် စေရန်အလို့ငှာ အောက်ပါမေးခွန်းအား ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်း အပ်ပါတယ်။

အာဆီယံ စီးပွားရေး အသိုက်အဝန်းတွင် ဒေသတွင်း စွမ်းအင်ဖူလုံရေးနဲ့ လုံခြုံရေး ကို စီစဉ်ဆောင်ရွက်လျက်ရှိသကဲ့သို့ နိုင်ငံတော်မှလည်း အနာဂတ်လူဦးရေတိုးတက်မှု အခြေအနေနှင့် တွက်ချက်၍ ဒေသတွင်း စွမ်းအင်ဖူလုံရေးနဲ့ လုံခြုံရေးအတွက် အရန်စွမ်းအင် သိုလှောင်ထားရှိသည့် အစီအစဉ်တစ်ရပ် ထားရှိကျင့်သုံးမှု ရှိ/မရှိ လေးစားစွာဖြင့် ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးမြန်းအပ် ပါသည်ရှင့်။ ကျေးဇူးတင်ပါတယ်။

**ကျေးလက်တောင်သူများ၏ ကိုယ်ပိုင်လယ်ယာသုံး စက်ကိရိယာများအတွက် အမှန်တကယ် လိုအပ်ချက်ရှိသော စက်သုံး ဆီများကို သင့်တင့်မျှတသော ဈေးနှုန်းဖြင့် ရောင်းချပေးနိုင်ရေး အတွက် စီမံဆောင်ရွက်ပေးနိုင်မည့်အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၁း၃၃။**

**ဥက္ကဋ္ဌ၊** ။ဆက်လက်ပြီး ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးစိုင်းတင်အောင်က ကျေးလက်တောင်သူများ၏ ကိုယ်ပိုင်လယ်ယာသုံး စက်ကိရိယာများအတွက် အမှန်တကယ် လိုအပ်ချက်ရှိသော စက်သုံးဆီများကို သင့်တင့်မျှတသောဈေးနှုန်းဖြင့် ရောင်းချပေးနိုင်ရေးအတွက် စီမံဆောင်ရွက်ပေးနိုင်မည့် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၃၃။**

**ဦးစိုင်းတင်အောင် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် တကွ ပြည်ထောင်စု ဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံးကာယစိတ္တသုခနှစ်ဖြာနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းတင်အောင် ဖြစ်ပါတယ်။ ယခု ကျွန်တော်မေးမယ့် မေးခွန်းကတော့ ကျေးလက်တောင်သူများ ရဲ့ ကိုယ်ပိုင်လယ်ယာသုံး စက်ကိရိယာများအတွက် အမှန်တကယ်လိုအပ်တဲ့ စက်သုံးဆီများကို သင့်တင့်မျှတသော ဈေး နှုန်းဖြင့် ရောင်းချပေးနိုင်မှု အစီအစဉ် ရှိ/မရှိဆိုတဲ့ မေးခွန်းပဲ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ အချိန်ကို ငဲ့ညှာသောအားဖြင့် ကျွန်တော်ရဲ့မေးခွန်းကို ဖတ်ကြားမေးမြန်းခွင့်ပြုပါရန် လေးစားစွာ ခွင့်ပန်အပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါ နိုင်ငံတော်က လက်မှုလယ်ယာ စနစ်မှ စက်မှုလယ်ယာစနစ်ကို ကူးပြောင်းနေတဲ့ကာလဖြစ်ပါတယ်။ ဒါကြောင့်လည်း လယ်ယာမြေ လုပ်ငန်းများမှာ ကျေးလက်တောင်သူများဟာ လယ်ယာသုံး စက်ကိရိယာများကို ဝယ်ယူပြီး စိုက်ပျိုး ထွန်ယက်ခြင်း၊ ရိတ်သိမ်းခြွေလှေ့ခြင်း စတဲ့လုပ်ငန်းများကို စက်ကိရိယာများနဲ့ တွင်တွင်ကျယ်ကျယ် အသုံးချနေကြပြီ ဖြစ်ပါတယ်။ ဒီလိုလယ်ယာသုံး စက်ကိရိယာကို အသုံးပြုကြတဲ့အခါ တောင်သူများ အနေနဲ့ စက်သုံးဆီများကို တရားဝင်ခွင့်ပြုထားတဲ့ ပုဂ္ဂလိက စက်သုံးဆီအရောင်းဆိုင်များမှာတန်းစီ စနစ်နဲ့ဝယ်ယူရန် အခက်အခဲများစွာ ရှိတဲ့အတွက် ပြင်ပစက်သုံးဆီ အရောင်းဆိုင်များမှာ ပြင်ပ

ပေါက်ဈေးနဲ့ ဈေးနှုန်းမြင့်မားစွာ ဝ ယ်ယူအသုံးပြုနေကြရတာ ဖြစ်ပါ တယ်။ သို့ပါသောကြောင့် နိုင်ငံတော်ရဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးနဲ့ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်းစဉ်များကို အထောက်အကူလည်းပြုစေပြီး အမှန်တကယ်လယ်ယာသုံးစက်ကိရိယာများကို အသုံးပြုနေကြတဲ့ တောင်သူလယ်သမားများအတွက် တရားဝင်ဖြန့်ဖြူးရောင်းချပေးတဲ့ ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်များမှာ လွယ်လင့်တကူ အဆင်ပြေချောမွေ့စွာ ဝယ်ယူအသုံးပြုနိုင်ဖို့အတွက် မည်သို့စီမံဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါကြောင်းနှင့် တောင်သူ လယ်သမားများကိုယ်စား လေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၃၅။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ပတ်သက်ပြီး စွမ်းအင်ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၁း၃၅။**

**ဦးသန်းဌေး (ပြည်ထောင်စုဝန်ကြီး၊ စွမ်းအင်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စွမ်းအင်ဝန်ကြီး ဌာနနဲ့ပတ်သက်တဲ့ မေးခွန်းက(၂)ခု ဖြစ်ပါတယ်။ ပထမဦးဆုံး လွှတ်တော် ကိုယ်စားလှယ် ဒေါ်ခင်ဝိုင်းကြည် မေးမြန်းထားတဲ့ အနာဂတ်လူဦးရေတိုးတက်မှု အခြေအနေနဲ့ တွက်ချက်ပြီးတော့ ဒေသတွင်း စွမ်းအင်ဖူလုံရေးနှင့် လုံခြုံရေးအတွက် အရန် စွမ်းအင် သိုလှောင် ထားရှိသည့် အစီအစဉ်တစ်ရပ် ထားရှိကျင့်သုံးမှု ရှိ/မရှိ မေးခွန်းနှင့်ပတ်သက်ပြီးတော့ ဦးစွာဖြေကြားပါမယ်။ ကျေးဇူးလည်းတင်ပါတယ်။ ဒီမေးခွန်းဟာ မေးလည်းမေးသင့်သလို ဆောင်ရွက်လည်းဆောင်ရွက်သင့်တဲ့ လုပ်ငန်းတစ်ရပ်အဖြစ် သဘောရပါတယ်။

ဒီနေ့ နိုင်ငံတော်အစိုးရသစ်ဟာ နိုင်ငံ ရေး၊ စီးပွားရေး၊ လူမှုရေး ကွန်ရ က်တွေ ပိုမိုကျယ်ပြန့်တဲ့ ကမ္ဘာ့နိုင်ငံတွေ၊ ကမ္ဘာ့အဖွဲ့အစည်းအသီးသီးတွေနှင့်ဆက်သွယ်ပြီးတော့မှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင်၊ အေးချမ်းသာယာအောင် နိုင်ငံတော်ကို တည်ဆောက်လျက်ရှိနေသလို စွမ်းအင်ဝန်ကြီးဌာနဟာလည်း မိမိရဲ့ အဓိကတာဝန်ဖြစ်တဲ့ တိုင်းပြည်တွင်းမှာရော၊ ဒေသတွင်းမှာရော စွမ်းအင်လုံခြုံစိတ်ချရစေရေး၊ စွမ်းအင်ဖူလုံမှုရှိစေရေး၊ နောက်တစ်ခါ တိုင်းပြည်အတွက်

လိုအပ်တဲ့ ဘဏ္ဍာငွေများတိုးတက်ရရှိစေရေးကို ကျွန်တော်တို့ ကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ဒီကနေ့ နိုင်ငံတော်မှာ စွမ်းအင်သုံးစွဲမှုဟာ တစ်နေ့ကို ရေနံစိမ်းစည် (၆၀၀၀၀)နဲ့ညီမျှတဲ့ ရေနံထွက်ပစ္စည်းတွေ ကို သုံးစွဲလျက်ရှိပါတယ်။ ထုတ်လုပ်မှုကို ပြန်ကြည့်ရင် တစ်ရက်ကို ပြည်တွင်းထုတ်လုပ်မှု ကုန်းတွင်းပိုင်းက ထုတ်ယူနိုင်တဲ့ ရေနံစိမ်းပမာဏဟာ ရေနံစိမ်း စည်(၇၅၀၀)လောက်ပဲ ထုတ်နိုင်ပါတယ်။ ကမ်းလွန်ကတော့ အပေါ့စားရေနံစိမ်း(Condensate) စည်(၁၂၀၀၀)လောက် ထုတ်ပါတယ်။ နှစ်ခုပေါင်း စည်(၂၀၀၀၀)နီးပါးလောက်ကိုပဲ ကျွန်တော်တို့ ပြည်တွင်းကနေ ချက်လုပ်ပြီးတော့ ဖြန့်ဖြူးပေးနေပါတယ်။ အဲဒါဟာ ဒီနေ့သုံးစွဲမှု သို့မဟုတ် လိုအပ်မှုရဲ့ သုံးပုံတစ်ပုံခန့်သာ ဖြစ်ပါတယ်။ ဒါကြောင့် ကျန်တဲ့ သုံးပုံနှစ်ပုံ လောက်ဟာ ဒီ Liquid Fuel လို့ခေါ်တဲ့ လောင်စာဆီပေါ့။ ဒီဟာကို ကျွန်တော်တို့ ပြည်ပကပဲ အခုအချိန်ထိ တင်သွင်း နေရပါတယ်။ ဒီလို တင်သွင်းတဲ့အတွက် လွန်ခဲ့တဲ့ လေးငါးနှစ်လောက်အတွင်းကို ပြန်ကြည့်တဲ့ အခါမှာ ၂၀၀၆-၂၀၀၇ ခုနှစ် ဘဏ္ဍာရေးနှစ်မှာ ကျွန်တော်တို့ တစ်နှစ်ထဲမှာ အမေရိကန်ဒေါ်လာ (၇၈၁)သန်းကျော်လောက် စက်သုံးဆီတင်သွင်းမှုအတွက် ပြန်ပြီးတော့ သုံးစွဲရတယ်ဆိုတာ တွေ့ပါ တယ်။ ပြည်ပကနေပြီးတော့ ဝယ်သုံးရတာ ဖြစ်တဲ့အတွက် ပြည်တွင်းထုတ် ဆီထက်စာရင် တော့ ဈေးနှုန်းသည်ပိုပြီးတော့ ကြီးမြင့်တယ် ဆိုတာလည်းပဲ သဘာဝဖြစ်ပါတယ်။ ဒီအချက်ကို တင်ပြရ တာက လတ်တလော အခြေအနေမှာ အရန်ထားဖို့စေတနာနှင့်ဆန္ဒရှိသော်လည်းပဲ၊ ကျွန်တော်တို့ ပြည်တွင်းက ထုတ်လုပ်သုံးစွဲ နိုင်တာနဲ့ နောက်တစ်ခါ လိုအပ်ချက်ဟာ မပြည့်မီ သေးဘူးဆိုတဲ့ Information ဒီ Message ကို ပေးလိုခြင်း ဖြစ်ပါတယ်။ သို့သော်လည်းပဲ ဒီကြားထဲ မှာပဲ တိုင်းပြည်အတွက်လိုအပ်တဲ့လုပ်ငန်းတွေ ကျွန်တော်တို့ ဆောင်ရွက်ထားတာလေးတွေ ရှိပါတယ်။ ဆက်ပြီးတော့ ရှင်းပြပါ့မယ်။

ခုန ဓာတ်ငွေ့လိုအပ်ချက်အပိုင်းမှာတော့ တစ်ရက်ကို ဒီကနေ့ လိုအပ်ချက်ဟာ နိုင်ငံတော်လိုအပ်ချက် ကုဗပေသန်း(၅၇၀)လောက် လိုပါတယ်။ ဒီထဲကနေပြီးတော့ ကျွန်တော်တို့ ပြည်တွင်းသုံးအတွက် ထောက်ပံ့ပေးနို င်တာကတော့ ကုဗပေသန်း (၂၄၀)လောက်ပဲ ဖြစ်တဲ့ အတွက် လိုအပ်ချက်ရဲ့ (၄၀)ရာခိုင်နှုန်းလောက် လတ်တလော အခြေအနေမှာ ဒီလောက်ပဲ ထောက်ပံ့ပေးနိုင်ပါတယ်။ သို့သော်လည်း မကြာမီမှာ မုတ္တမ ကမ်းလွန်က ပေါင်သီ ယစီမံကိန်း အကောင်အထည်ဖော်တဲ့အခါမှာတော့ လိုအပ်ချက်ကို လုံးဝပြည့်မီအောင် ထောက်ပံ့ပေးနိုင်မယ့် အခြေအနေရှိပါတယ်။ အဲဒါကြောင့် အဲဒီစီမံကိန်းတွေ့တဲ့အခါက အချိန်ကစပြီးတော့ နောက်ထပ်

တွေ့ရှိလာတဲ့ သဘာဝဓာ တ်ငွေ့အားလုံးဟာ ပြည်ပကို ဒီအတိုင်း မရောင်းတော့ဘဲနဲ့ ပြည်တွင်း အတွက် သုံးမယ်လို့လည်းပဲ အသိပေးထားပြီး ဖြစ်ပါတယ်။ ဒီအတိုင်းလည်းပဲ ကျွန်တော် တို့ ဆက်ပြီးတော့ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ နောက်တစ်ခါ အနာဂတ်ကာလ အတွက် ရေနံစိမ်းနှင့် သဘာဝဓာတ်ငွေ့ လိုအပ်ချက်တွေကို ခန့်မှန်းတွက်ချက် ကြည့်တဲ့အခါမှာတော့ လူမှုစီးပွား စံတွေဖြစ်တဲ့ GDP တိုးတက်မှုနှုန်း၊ လူဦးရေ တိုးတက်မှုနှုန်း၊ စက်မှုကဏ္ဍ တိုးမြှင့်မှု အခြေအနေတွေ၊ လယ်ယာကဏ္ဍ တိုးမြှင့်မှုအခြေအနေတွေ အဲဒီစံနှုန်းတွေ ဒီ Standard တွေ အပေါ်မှာ အခြေခံပြီးတော့ ခန့်မှန်းတွက်ချက်ထားတဲ့အခါမှာတော့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် အထိ ရေနံစိမ်းလိုအပ်ချက်ဟာ နှစ်စဉ် တိုးတက်မှုနှုန်း (၇.၃)ရာခိုင်နှုန်း တိုးတက်မယ်လို့ ခန့်မှန်း တွက်ချက်ပါတယ်။ သဘာဝဓာတ်ငွေ့ လိုအပ်ချက်ဟာ နှစ်စဉ် တိုးတက်မှုနှုန်း (၄.၅) ရာခိုင်နှုန်းနဲ့ တိုးတက်လာမယ်လို့ ကျွန်တော်တို့ မှန်းထားပါတယ်။ နောက်တစ်ခါ စွမ်းအင်သုံးစွဲမှုဟာ ကျွန်တော်တို့ လေ့လာချက်တွေအရ နိုင်ငံတကာမှာGDP ရဲ့ (၁.၅)ဆ သုံးရတယ်လို့ ဒီလို လေ့လာသိရှိရပါတယ်။ ဆိုလိုတာကတော့ GDP တစ်ကျပ်ဖိုး တက်ချင်ရင် စွမ်းအင် တစ်ကျပ်ခွဲဖိုး သုံးရတယ်ဆိုတဲ့ အနေအထားမျိုး ဖြစ်ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံရဲ့ ရှေ့လာမယ့် စွမ်းအင်လိုအပ်ချက်နှင့် သုံးစွဲမယ့်တန်ဖိုးဟာ အင်မတန်ကြီးမားလာမယ့် အနေအထားဖြစ်ကြောင်း တင်ပြလိုပါတယ်။

အဲဒီလို တိုးတက်လာတဲ့ စက်မှုကဏ္ဍနှင့်နိုင်ငံတော်ရဲ့ စွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်း ပေးနိုင်ဖို့အတွက် ကျွန်တော်တို့ဟာ ကုန်းတွင်းနှင့် ကမ်းလွန်တွေမှာ ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ရေးလုပ်ငန်းတွေကို နိုင်ငံ တကာ အတွေ့အကြုံရှိတဲ့ ရေနံကုမ္ပဏီတွေနှင့် ပူးပေါင်း ဆောင်ရွက်လျက်ရှိပါတယ်။ လက်ရှိ ကုန်း ပိုင်းနှင့် ကမ်းလွန် လုပ်ကွက် (၃၈)ကွက်မှာ နိုင်ငံခြား ကုမ္ပဏီ(၃၀)ကျော်နှင့် ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေထုတ်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက် ရှိပါတယ်။ အဲဒီအပြင် ၂၀၁၁ခုနှစ်အတွင်းမှာ ကုန်း ပိုင်းလုပ်ကွက် (၁၈)ကွက် International Bidding ခေါ်ခဲ့ပြီးပါပြီ။ မကြာခင်မှာ အောင်မြင်တဲ့ကုမ္ပဏီ (၈)ခုကို လုပ်ကွက်(၁၀)ကွက်ကို လုပ်ကိုင်ခွင့်ပေးဖို့ ဆောင်ရွက်လျက်ရှိကြောင်းလည်းပဲ တင်ပြလိုပါတယ်။

အဲဒီအပြင် ပြောင်းလဲကျင့်သုံးလျက်ရှိတဲ့ နိုင်ငံရေးနှင့် စီးပွားရေးမူဝါဒတွေကြောင့် အခု အစိုးရသစ်လက်ထက်မှာ လစ်လပ် နေတဲ့ ကမ်းလွန်လုပ်ကွက်တွေမှာ လည်းပဲ ရေနံနှင့် သဘာဝ ဓာတ်ငွေ့ ရှာဖွေထုတ်လုပ်ခြင်းလုပ်ငန်းတွေကို ရင်းနှီးမြှုပ်နှံဖို့ စိတ်ဝင်စားတဲ့ နိုင်ငံတကာ

ကုမ္ပဏီပေါင်းများစွာ လာရောက်ဆွေးနွေးလျက် ရှိပါတယ်။ ဒီနေရာမှာ အလျဉ်း သင့်တဲ့အတွက် Oil and Gas Resources နှင့် Reserves ကွဲပြားခြားနားမှုလေး တင်ပြလိုပါတယ်။ Resources ဆိုတဲ့ဥစ္စာကတော့ မြေအောက်မှာ ခိုအောင်းနေနိုင်ဖွယ် ရှိတယ်လို့ အကြမ်းဖျင်း ခန့်မှန်းထားတဲ့ ပမာဏပဲ ဖြစ်ပါတယ်။ ဒါတွေကို သက်ဆိုင်ရာကုမ္ပဏီများ သို့မဟုတ်လည်း မိမိရဲ့အစိုးရပိုင်ဖြစ်တဲ့ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းက လက်တွေ့တိုင်းတာ စစ်ဆေးပြီးတော့မှ ထုတ်လုပ်ပြီး အဲဒီအချိန်မှာ တွက်ချက်အတည်ပြုထားတဲ့ ပမာဏ၊ ဘယ်လောက်ထုတ်လုပ် သုံးစွဲနိုင်မယ်လို့ ကျွန်တော်တို့ အတည်ပြုနိုင်တဲ့ပမာဏ Reserves ဖြစ်ပါတယ်။ အဲဒီတော့ လက်ရှိ မြန်မာနိုင်ငံမှာ တွက်ချက်အတည်ပြုထားတဲ့ Reserves ဟာ ကျွန်တော်တို့ လိုအပ်နေတဲ့ ထုတ်လုပ်သုံးစွဲရန် လိုအပ်ချက်ကို မကာမိသေးပါဘူး။ အဲဒါကြောင့် Resources တွေကို တိုးချဲ့ရှာဖွေရန် လိုအပ်နေဆဲဖြစ်ပါတယ်။ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေထုတ်လုပ်တဲ့ လုပ်ငန်းတွေမှာလည်းပဲ လုပ်ငန်းသဘာဝအရ လိုအပ်တဲ့အချက်အလက်တွေ စုဆောင်းခြင်း၊ ရှာဖွေခြင်း၊ တိုင်းတာခြင်း၊ အစမ်းတွင်းတွေ တူးဖော်ခြင်း၊ အဲဒီလို တူးဖော်လို့ တွေ့ရှိပြီ ဆိုတဲ့ နောက်ပိုင်းမှာတောင်မှပဲ စီးပွားဖြစ် ထုတ်လုပ်သုံးစွဲဖို့အတွက် ဖွံ့ဖြိုးရေးလုပ်ငန်းတွေဆောင်ရွက်ဖို့ အနည်းဆုံး(၃)နှစ်ကနေ (၅)နှစ်အထိ ကြာမြင့်တတ်ပါတယ်။

ဒါကြောင့်မို့လို့ ကုန်းတွင်းနှင့် ကမ်းလွန်လုပ်ကွက်တွေ ၊ နောက်တစ်ခါ ဒေသတွေမှာ ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းတွေ ရှာဖွေဆောင်ရွက်တဲ့နေရာမှာ နောက်ထပ် ရေနံမြေအသစ်၊ ဓာတ်ငွေ့မြေအသစ်တွေ့ဖို့ အချိန်အတိုင်းအတာတစ်ခုအထိ ကျွန်တော်တို့ စောင့်ရဦးမှာ ဖြစ်ပါတယ်။ အဲဒီက တွေ့ရှိလာလို့ရှိရင်လည်းပဲ လတ်တလောလိုအပ်ချက်တွေကို ဖြည့်ဆည်းပေးနိုင်မှာ ဖြစ်သလို အဲဒီမှာ တွေ့ရှိလာတဲ့ Reserves အပေါ်မူတည်ပြီးတော့ နိုင်ငံတော်အတွက် အရန်ကိုလည်းပဲ စဉ်းစားသုံး သပ်ပြီးတော့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒီလိုနိုင်ငံ တော် အရန် အဖြစ်ထားတဲ့ Reserves ဘယ်လိုထားကြသလဲဆိုတာ လေ့လာကြည့်တဲ့အခါမှာ ကျွန် တော်တို့ ဒေသတွင်း စီးပွားရေးအင်အားကြီး နိုင်ငံတွေဖြစ်တဲ့ ဂျပန်၊ ကိုရီးယား၊ ထိုင်း၊ တရုတ်စတဲ့ နိုင်ငံတွေတောင်မှပဲ မြေအောက်မှာ Resources ကို အရန်လုပ်မထားနိုင်သေးပါဘူး။ သူ တို့ဟာ ရေနံထွက်ပစ္စည်း Product ဥပမာအားဖြင့် တိုက်ရိုက်ပြောရရင် ဒီဇယ်လိုဟာမျိုးကို Oil Stockpiling ဆိုပြီးတော့ ရက်(၉၀)စာ အရန် ထားတတ်ပါတယ်။ ဒီလိုထားနိုင်တာတွေကတော့ ဂျပန်၊ ကိုရီးယား၊ ထိုင်း၊ တရုတ် စတဲ့နိုင်ငံများ အရန်ထားပါတယ်။ မြေအောက်မှာရှိတဲ့ Resources ကို အရန်ထားတယ်

ဆိုတာ အင်မတန်ချမ်းသာတဲ့ အမေရိကန် တစ်နိုင်ငံပဲ လုပ်နိုင်ပါတယ်။ ရုရှားတောင်မှပဲ အဲဒီလို လုပ်နိုင်တဲ့ အနေအထားရှိတယ် လို့ လေ့လာနေဆဲပဲ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ နိုင်ငံလို ဖွံ့ဖြိုးဆဲတိုင်းပြည်အနေနဲ့မြေအောက်မှာResources ကို အရန်ထားဖို့ဟာ နည်းနည်းလေး ဒီအချိန်မှာ စဉ်းစားရဦးမယ့် အခြေအနေရှိကြောင်း တင်ပြလိုပါတယ်။

မြန်မာနိုင်ငံဟာ Energy Security အတွက် စောစောကတင်ပြသွားတဲ့ ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှု ကျွန်တော်တို့ ဆောင်ရွက်လျက်ရှိပါတယ်။ အာဆီယံ ရေနံဖူလုံမှုဆိုင်ရာ သဘောတူညီချက်ဆိုတဲ့ ASEAN Petroleum Security Agreement - APSA ကို ၂၀၀၉ ခုနှစ်မှာ ကျွန်တော်တို့ပါဝင်လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ပါတယ်။ အဲဒီသဘောတူညီချက်အရ အာဆီယံနိုင်ငံတွေ အတွင်းမှာ ပုံမှန် ပြည်တွင်းရေနံစိမ်းလိုအပ်ချက် ပမာဏရဲ့ (၁၀)ရာခိုင်နှုန်းအောက် လျော့နည်း ရောက်ရှိတဲ့ အခြေအနေဟာ ရက်ပေါင်း(၃၀)ဆက်တိုက် ဖြစ်မယ်ဆိုရင် အဖွဲ့ဝင်နို င်ငံတွေက ဝိုင်းဝန်းဖေးမ ကူညီပေးရမှာဖြစ်ပါတယ်။ ဒါကြောင့် ဒီအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးကို မြန်မာနိုင်ငံက ကိုယ်စားလှယ်တွေ တက်ရောက်လျက်ရှိပြီးတော့ အာဆီယံအဖွဲ့ဝင်နိုင်ငံတွေရဲ့ Oil Stockpiling အခြေအနေတွေကို အသေးစိတ်သတ်မှတ်ဆောင်ရွက်ဖို့ ကျွန်တော်တို့ APSA ကို အကောင်အထည် ဖော်ခြင်းနှင့်ဒီဟာနဲ့ လိုက်လျောညီထွေရှိစေရေးဆောင်ရွက်ဖို့ သဘောတူညီ ထားပြီး ဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံအနေနဲ့လည်းပဲ အဲဒီ သဘောတူညီချက်အတိုင်းပူးပေါင်း ပါဝင်ဆောင်ရွက်လျက် ရှိပါတယ်။ ဒီလို ဆောင်ရွက်ခြင်းအားဖြင့်လည်း မိမိနိုင်ငံရဲ့ အရန်စွမ်းအင်လို အပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ဝန်ကြီးဌာနဟာ ပြည်တွင်းစွမ်းအင် လိုအပ်ချက်ကို ဖြည့်ဆည်း ပေးနိုင်ဖို့အတွက် ခုန ကုန်းတွင်းနှင် ့ ကမ်းလွန်တွေမှာ ရေနံနှင် ့ သဘာဝဓာတ်ငွေ့ ရှာဖွေရေး လုပ်ငန်းတွေကို နိုင်ငံခြားကုမ္ပဏီတွေနဲ့ အကျိုးတူ လုပ်ကိုင်နေပြီး အဲဒီက ရှာဖွေရေး၊ ထုတ်လုပ်ရေးလုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ် ကျွန်တော်တို့ ဆောင်ရွက် လျက်ရှိပါတယ်။ ဒီနေရာမှာ Resources ကို လတ်တလော အ ခြေအနေအရ မြေအောက်မှာ ကျွန်တော်တို့ မတူးဘဲနဲ့ သိမ်းထား နိုင်တဲ့အခြေအနေ မရှိသေးဘူးဆိုတာလည်း စောစောက တင်ပြပြီးဖြစ်ပါတယ်။ သို့သော်လည်းပဲ နိုင်ငံတော်ရဲ့ စွမ်းအင်ဖူလုံရေးနှင် ့ လုံခြုံရေးအတွက် အရေးပေါ်အခြေအနေမှာ သုံးစွဲနိုင်အောင် နိုင်ငံရဲ့မဟာဗျူဟာမြောက် နေရာဒေသအသီးသီးမှာ ရေနံထွက်ပစ္စည်းတွေကို အရ န်အဖြစ် မြေအောက်သိုလှောင်ကန်ကြီးများနှင့်သိုလှောင်ထားရှိပါ ကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်။

နောက်မေးခွန်းဖြစ်တဲ့ ကချင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ် (၅) အမျိုးသား လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းတင်အောင် မေးတဲ့မေးခွန်း ဖြစ်ပါတယ်။ ကျေးလက်နေတောင်သူများ၏ ကိုယ်ပိုင် လယ်ယာသုံးစက်ကိရိယာများအတွက် အမှန်တကယ်လိုအပ်လျက်ရှိတဲ့ စက်သုံးဆီများကို သင့်တင့် မျှတတဲ့ဈေးနှုန်းနဲ့ ရောင်းချပေးနိုင်ရန် မည်ကဲ့သို့စီမံ ဆောင်ရွက်ပေးပါ့မလဲဆိုတဲ့ မေးခွန်းဖြစ်ပါတယ်။ အဲဒီတော့ စက်သုံး ဆီဆိုတဲ့အပိုင်းမှာ နှစ်မျိုး ရှိပါတယ်။ ဒီဇယ်နှင့် ဓာတ်ဆီပါ။ ဒီနှစ်ခုစလုံးကို လွန်ခဲ့သောနှစ်များက နိုင်ငံတော်ကပဲ တာဝန်ယူပြီးတော့ ဖြန့်ဖြူး ခဲ့ပါတယ်။ ၂၀၁၀ ခုနှစ်၊ ဇွန်လ ကစပြီးတော့ ဒီ စက်သုံးဆီလုပ်ငန်းကို ပု ဂ္ဂလိကလုပ်ငန်းရှင်များကို လုပ်ပိုင် ခွင့်ပေးပါတယ်။ ဇွန်လ ၁၀ ရက်နေ့က စပါတယ်။ အဲဒီလို လုပ်ပိုင်ခွင့်ပေးတဲ့နေရာမှာ ပြည်တွင်းထုတ်ဓာ တ်ဆီ၊ ပြည်တွင်းထုတ်ဓာတ်ဆီသည် ကန့်သတ်ချက်ရှိပါတယ်။ ကျွန်တော်တို့ ထုတ်နိုင်တဲ့ ရေနံစိမ်းအပေါ် မူတည်ပြီးတော့ ထုတ်နိုင်တဲ့ ပမာဏဟာ တစ်လကို ဂါလံ (၁၀)သန်းလောက်ပဲ ကျွန်တော်တို့ ထုတ်နိုင်တဲ့ အ ခြေအနေပဲ ဖြစ်ပါတယ်။ သို့သော် မိမိတို့က (၁၀)သန်းပဲ ထုတ်နို င်တဲ့အတွက် (၁၀)သန်းပဲဖြန့်တဲ့ အနေအထားမျိုး မဟုတ်ပါဘူး။ ဓာတ်ဆီကို ပြည်ပက ကြိုက်သလောက် သွင်းပြီးတော့ ဖြန့်ဖြူးခွင့်ပေးထားပါတယ်။ တစ်နှစ်စာလုံးအတွက်ကို ကြိုက်သလောက် ငွေရှိရင် ရှိသလို၊ တန်ချိန် ထောင်ဂဏန်း၊ သောင်းဂဏန်း ဒီလို ကျွန်တော်တို့ ခွင့်ပြုပေးထားတာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ပြည်တွင်းကထုတ်တဲ့ဓာတ်ဆီတစ်ခုပဲ အရေအတွက်ပမာဏ ကန့်သတ်ချက်ရှိပါတယ်။ ဒီဇယ်နဲ့ ပတ်သက်လို့ ကြိုက်သလောက် သွင်းလို့ရပါတယ်။ အဲဒါကြောင့် ပုဂ္ဂလိကလုပ်ငန်းရှင် များကို လုပ်ပိုင်ခွင့်ပေးပြီးတဲ့နောက်ပိုင်းမှာ ဒီဇယ်ရောင်း ဝယ်ရေးဟာ တော်တော်လေး တည်ငြိမ် တာကို တွေ့ပါတယ်။

ဒီနေ့ ဒီဇယ်ဈေးနှုန်းဟာ နိုင်ငံတကာမှာရောင်းနေတဲ့ လက်လီဈေးနှုန်းများနဲ့ နှိုင်းယှဉ်ရင် ကျွန်တော်တို့ရဲ့ လေ့လာချက်တွေအရ ကမ္ဘောဒီး ယား၊ တရုတ်၊ လာအို၊ ဖိလစ်ပိုင်၊ ကိုရီးယား အဲဒီနိုင်ငံများထက် မြန်မာနိုင်ငံရဲ့ လက်လီရောင်းဈေး နှုန်းဟာ အမြဲတမ်း လျော့နည်းတယ်လို့ တွေ့ရပါတယ်။ ထိုင်း၊ အိန္ဒိယ၊ အင်ဒိုနီးရှား စတဲ့တိုင်းပြည်များနှင့် ကျွန်တော်တို့ဟာ မတိမ်းမယိမ်း ရှိပြီးတော့ ဒေသတွင်းမှာ ရေနံသယံဇာတအလွန်ကြွယ်ဝတဲ့ ဘရူနို င်းတစ်ခုပဲ ကျွန်တော်တို့ထက် အများကြီးလျော့ပြီးရောင်းနိုင်တဲ့အနေအထားဖြစ်ပါတယ်။ အဲဒီတော့ ဒီ ဇယ်နဲ့ ပတ်သက်လို့ ဒီနေ့ နေရာဒေသအသီးသီးမှာ ပုဂ္ဂလိကရောင်းတဲ့ဆိုင်တွေမှာလွတ်လပ်စွာဝယ်လို့ရပါတယ်။ ဘယ်နေရာ မှာမှ တန်းစီတာမရှိပါဘူး။ နောက် ဓာတ်ဆီနဲ့ပတ်သက်လို့ကတော့ စောစောက ကျွန်တော်တင်ပြ

သလိုပဲ ကျွန်တော်တို့ ပြည်တွ င်းထုတ်ဓာတ်ဆီဟာ ချက်လုပ်နိုင်တဲ့ ပမာဏ ကန့်သတ်ချက်ရှိတဲ့ အတွက် ဒါတွေကိုတော့ ပုဂ္ဂလိကလုပ်ငန်းရှင်များကို ကျွန်တော်တို့ အကန့်အသတ် နဲ့ပဲ ရောင်းချ ပေးနိုင်ပါတယ်။ သို့သော်လည်းပဲ ခုနတင်ပြသလိုပဲ ကျွန်တော်တို့က ကန့်သတ်ချက်နဲ့ ပေးနိုင် တာဟာ ပြည်တွင်းထုတ် ဓာတ်ဆီသာဖြစ်ပြီးတော့ နိုင်ငံခြားဖြစ် ဓာတ်ဆီကိုတော့ ကြိုက်သလောက် သွင်းနိုင်တာဖြစ်တဲ့အတွက် အဲဒီဟာကိုလည်းပဲ လိုအပ်သလောက် သွင်းပြီးတော့ အကြားအလပ်၊ အပြတ်အလပ်မရှိအောင် ရောင်းချပေးရေး ကျွန်တော်တို့ အစဥ်တစိုက် တိုက်တွန်းနှိုးဆော်ပြီးတော့ ကြပ်မတ်ဆောင်ရွက်ပေးလျက် ရှိပါတယ်။ ဒီနေရာမှာ ဓာတ်ဆီနဲ့ပတ်သက်လို့ကတော့စောစောက ကျွန်တော်တင်ပြသလိုပဲ ကျွန်တော်တို့ဟာ ပေးနိုင်တဲ့ပမာဏ ကန့်သတ်ချက်ရှိတဲ့အတွက် အဲဒီ ပမာဏ ကန့်သတ်ချက်အထဲမှာမှ တစ်ချိန်တုန်း ကတော့ နိုင်ငံတော်ဟာ စေတနာထပ်ဆောင်း ပြီးတော့ သက်သက်သာသာ သုံး နိုင်အောင်ဆိုပြီးတော့ တစ်ဂါလံ (၂၅၀၀)နဲ့ ရောင်းခဲ့ပါတယ်။ သို့သော်လည်းပဲ ဒီမှာ Contradict ဖြစ်တာက တစ်ဖက်က ပမာဏသည် ကန့်သတ်ချက်ရှိတယ်။ ဈေးနှုန်းကျတော့ အများကြီး လျှော့ထားတယ်။ ဒီအခါမှာ ခုနက ကြားကဝင်ပြီးတော့ စီးပွားရေး လုပ်စားတတ်တဲ့ လူတစ်စုပေါ် လာပြီးတော့ ကျွန်တော်တို့ နိုင်ငံတော်ရဲ့ စေတနာဟာ ပြည်သူလူထု အပေါ် မှာ တိုက်ရိုက် ကျွန်တော်တို့ ထားသလောက် အကျိုးမရှိတာ ဖြစ်ခဲ့ပါတယ်။

ဒါကြောင့် ပြီးခဲ့တဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးမှာ ကိုယ်စားလှယ်တော်ကြီး အချို့က မေးကြပါတယ်။ ဒီဟာသည် ပြည်သူလူထုကို တိုက်ရိုက် အကျိုး မပြုဘူး။ ဒီအတွက် ပြန်ပြီးတော့ သုံးသပ်ပြီးတော့ ဈေးနှုန်းတွေ ဆောင်ရွက်ဖို့ ရှိပါသလားလို့ မေးတဲ့အတွက် ပြည်သူ့လွှတ်တော်မှာ အဲဒီတုန်းက ကျွန်တော်ဖြေခဲ့ပြီး ဖြစ်ပါတယ်။တကယ်လည်း ကျွန်တော်တို့ တောက်လျှောက် Monitor လုပ်နေတဲ့ အနေအထားအရဆိုလို့ရှိရင် ကြားလူတွေပဲ ကောင်းစားနေတဲ့ သဘောတွေ့တဲ့အတွက် ကျွန်တော်တို့ ထိုက်သင့်တဲ့အချိန်မှာ နိုင်ငံတော်အစိုးရကို တင်ပြမယ်။ ပြည်သူလူထုကိုလည်း ကြိုတင်ပြီးတော့ ကျွန်တော်တို့ ဒါလေးကိုPublic Awareness ရအောင် ကြိုပြီးတော့ သတင်းပေးပြီးတော့မှ ဒီဟာကို လုပ်ပါ မယ်လို့ ဖြေခဲ့ပြီးဖြစ်ပါတယ်။ ဒီနေ့ အဲဒီအတိုင်း ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ ဇန်နဝါရီလ ၁ ရက်နေ့ ကစပြီးတော့ ကျွန်တော်တို့ရဲ့ စွမ်းအင်က ရောင်းတဲ့ဓာတ်ဆီကိုယခင် (၂၅၀၀/-)အစား (၃၀၀၀/-)ကို စပြီးတော့ တင်လိုက်ပါတယ်။ ဒါဟာလည်းပဲ ပုံသေမဟုတ်သေးပါဘူး။ ကျွန်တော်တို့သည် ဈေးနှုန်းအရှင်နဲ့ ရောင်းမယ်လို့ ဒီလို ကြေညာထားတာ ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ တင်ပြချက်အပေါ် မှာ နိုင်ငံတော်သ မ္မတကြီး က

လည်းပဲ တခြားတိုင်းပြည်တွေရဲ့ ဈေးကို လေ့လာပါ။ သူတို့ထက်လည်း မများချင်ဘူးဆိုတာမျိုးနဲ့ မှတ်ချက်နဲ့ ခွင့်ပြုခဲ့တာ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ရောင်းတဲ့ဈေးနှုန်းသည် မတန်တဆ ဈေးမဖြစ်အောင် ကျွန်တော်တို့ စောင့်ကြည့်ထိန်းသိမ်းလျက်ရှိပါတယ်။

နောက် ကျွန်တော်တို့ ကြိုတင်ပြီးတော့ ပြည်သူလူထုကို ဒီဟာလေးကို ဒီအသိလည်း ရှိအောင် မကြာခင်မှာ ဒီဟာတွေကတော့ နိုင်ငံတော်ရဲ့ လိုအပ်ချက်အရ ပြောင်းလဲပြီးတော့ ရောင်းရလိမ့်မယ်ဆိုတဲ့ အသိလေးတွေရအောင် ကြိုတင်ပြီးတော့ ကျွန်တော်တို့ သတင်းထုတ်ပြန်ထားတာဖြစ်တဲ့အတွက်စပြီးတော့ ရောင်းခါစကာလမှာ နည်းနည်းလေး တချို့လုပ်စားချင်တဲ့ သူတွေကြောင့် ခတ်ဆီဈေးဟာ၊ ပြင်ပဈေးဟာ (၅၀၀၀/-) ပတ်ဝန်းကျင်လောက်ထိအောင် မန္တလေးဘက်မှာ တက်တာရှိပါတယ်။ သို့သော်လည်းပဲ ကျွန်တော့်မှာရှိတဲ့ အရန် ခတ်ဆီတွေကို ထုတ်ပေးပြီးတော့ ဒီဟာကို ဈေးကွက်ထဲမှာ Flash လုပ်လိုက်တဲ့အခါမှာ ဒီနေ့ရန်ကုန်မြို့မှာ ပြင်ပ ခတ်ဆီဈေးဟာ (၃၆၀၀/-)အောက်မှာရှိပါတယ်။ မန္တလေးမှာ (၄၀၀၀/-) ပတ်ဝန်းကျင်လောက် မှာပဲရှိပါတယ်။ဒါဟာ ဒီနေ့ ကျွန်တော့်ဆီက ထုတ်ရောင်းတဲ့ (၃၀၀၀/-)ဈေးနဲ့ဆိုရင်တော့ ပြင်ပမှာ ဖြစ်သင့်ဖြစ်ထိုက်တဲ့ ဈေးလို့ကျွန်တော်တို့ ပြောလို့ရပါတယ်။ ကျွန်တော်တို့ စိုးရိမ်နေသလို ပြင်ပဈေးတွေ မတန်တဆ ခုန်တက်သွားတဲ့ အနေအထားမျိုး မဖြစ်အောင် ထိန်းသိမ်း နိုင်တာကို တွေ့ပါတယ်။ ဒီနေရာမှာ နိုင်ငံတော်အနေနဲ့ဟာလည်းပဲ နေရာတိုင်းမှာလိုက်ပြီးတော့ Specialize လုပ်နိုင်တဲ့ အခြေအနေမျိုးလတ်တလောမှာ မရှိသေးပါဘူး။ခုနကပဲ ကိုယ်စားလှယ်တော်ကြီးများ ရှေ့မှာ မေးသွားတဲ့ လုပ်ချင်တဲ့ လုပ်ငန်းတွေ၊ လမ်းတွေ လုပ်ချင်တယ်။ တံတားတွေ လုပ်ချင်တယ် စသည်အားဖြင့် ပညာရေး၊ ကျန်းမာရေး အတွက် သုံးချင်တယ်။ တစ်ဖ က်ကလည်း သုံးနိုင်တယ်။ သုံးရမယ့်အပိုင်းတွေ ရှိပါတယ်။ ဒါကြောင့် ကျွန်တော်ရဲ့ စွမ်းအင်ဝန်ကြီးဌာနအနေနဲ့ ရသင့်ရ ထိုက်တဲ့ဝင်ငွေကို ကျွန်တော်ကလည်း ပြန်ပြီးတော့ ရှာရမှာဖြစ်ပါတယ်။ ဒီလိုရှာရင်းနဲ့ လက်တွေ့မှာ ထိန်းမနိုင်သိမ်းမရဖြစ်မယ့် အခြေအနေမျိုးကို မရောက်အောင်လည်းပဲ ကျွန်တော်တို့မှာ ဝိုင်းဝန်း ပြီးတော့ ထိန်းသိမ်းဖို့နည်းလမ်းတွေ ဆောင်ရွက်ထားပါတယ်။

ဒီနေ့ ဈေးကွက်စီးပွားရေးစနစ်အရ တကယ်တမ်းကျတော့ လုပ်ငန်းရှင်များကို ကျွန်တော်တို့ အခွန်အကောက်နဲ့ ထိန်းရမှာဖြစ်ပါတယ်။ ကုန်သွယ်လုပ်ငန်းခွန်ဆိုတဲ့ ဥစ္စာဟာ သူနောက်ဆုံးရောင်းတဲ့ရောင်းဈေးရဲ့ (၅)ရာခိုင်နှုန်း ၊နိုင်ငံတော်က အခွန်ကောက်ရမှာဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော်တို့ ထုတ် ရောင်းပေးလိုက်တဲ့ ဓာတ်ဆီဘယ်ဈေး နဲ့ ဘယ်လုပ်ငန်းရှင်ကို ဘယ်ဒေသမှာ ကျွန်တော်တို့ပမာဏဘယ်လောက် ပေးလိုက်ပြီဆိုတဲ့ ကျွန်တော်တို့ရဲ့Information တွေကို ကျွန်တော်တို့ သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရတွေကို ပေးပါတယ်။ အခွန်ကောက်မယ့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနကို ကျွန်တော်တို့ ဒီသတင်း တွေ ပေးပါတယ်။ ဒါကြောင့်မို့လို့ အဲဒီမှာ နောက်ဆုံးလုပ်ငန်းရှင်သည် မတန်တဆ ဈေးတင်ပြီးတော့ရောင်းနေရင် သူဟာ အခွန် အကောက်နဲ့ ထိန်းချုပ်ရမှာဖြစ်ပါတယ်။ ဒီလိုနည်းနဲ့ ဒီလိုဝိုင်းဝန်းပြီးတော့ ထိန်းချုပ်နေတဲ့အတွက် ကျွန်တော်စောစောက တင်ပြသလိုပဲ ဓာတ်ဆီဈေးဟာလည်းပဲ အပြင်မှာသိပ်ပြီးတော့ မဟားတရား တက်တဲ့ အနေအထားမျိုး မရှိဘူးလို့ တင်ပြလိုပါတယ်။

ဒါကြောင့် စောစောက ဦးစိုင်းတင်အောင် မေးတဲ့ လယ်သမားတွေအတွက် လယ်ယာသုံး စက်ကိရိယာတွေအတွက် ဘယ်လိုလုပ်ပေးမလဲဆိုတဲ့အပိုင်းနဲ့ ပတ်သက်လို့တော့ လယ်ယာသုံး စက်ကိရိယာတွေဟာ များသောအားဖြင့် ဓာတ်ဆီသုံးတာ အင်မတန် နည်းပါတယ်။ ခုနမေးသွားတဲ့ မေးခွန်းထဲမှာ ဆိုင်တွေမှာက တန်းစီနေရတယ်။ တန်းစီနေတယ်ဆိုတာ များသောအားဖြင့်ဓာတ်ဆီကို တန်းစီတာ ဖြစ်ပါတယ်။ ကျွန်တော့်မှာရှိတဲ့ လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနက ရယူထားတဲ့ စာရင်းများ အရ လယ်ယာသုံးစက်ကိရိယာတွေဟာတောင်သူလယ်သမားများလက်ထဲမှာထွန်စက်ကြီး(၁၀၃၄၁)စီး၊ လက်တွန်းထွန်စက်(၂၀၂၄၀၅)စီး၊ ကောက်စိုက်စက်(၆၂)စီး၊ ရေစုပ်စက်(၁၈၄၂၁၈)လုံး၊ စပါးရိတ်စက် (၁၄၉၄)စီး၊ စပါးခြွေလှေ့စက်(၁၈၁၂၃)စီးရှိတော့ ဒီထဲမှာကောက်စိုက်စက်အရေအတွက် အနည်းငယ်ပဲ ဓာတ်ဆီသုံး ဖြစ်ပါတယ်။ ကျန်တဲ့ ကိုယ်ပိုင်လယ်ယာသုံး စက်ကိရိယာအားလုံးဟာ ဒီဇယ်သုံးပါ။ ဒါကြောင့်မို့လို့ ဒီဇယ်နဲ့ပတ်သက်လို့ ကျွန်တော်တို့ ရောင်းနေတဲ့လက်ရှိ Retail လက်လီရောင်းတဲ့ ဈေးနှုန်းတွေဟာ ဒေသတွင်းမှာ ပြောရရင်တော့ သင့်တင့်မျှတသော ဈေးနှုန်းများ ဖြစ်ပါတယ်။ ဒီဇယ်ကိုလည်းပဲ တန်းစီ ဝယ်ရန် မလိုအပ်တဲ့အနေအထား လက်တွေ့မှာ တွေ့ပါတယ်လို့ ဒီလို ဖြေကြားလိုပါတယ်။ အဲဒီအ ထဲမှာမှ ကျွန်တော်တို့ စက်သုံးဆီ အရောင်းဆိုင်တွေ တစ်နိုင်ငံလုံး မှာ ဥပဒေနှင့်အညီ စည်းကမ်းတကျ ပေါ်ပေါက်လာအော င်လည်းပဲ ကျွန်တော်တို့ ဆောင်ရွက်ပေး ပါတယ်။ ဒီနေ့ စက်သုံးဆီလုပ်ငန်း ဆိုင်တည်ပြီးတော့ ရောင်းဖို့အတွက် စပြီးတော့ လျှောက်ထား တဲ့အချိန်ကစပြီး နောက်ဆုံး စိစစ်အတည်ပြု ရောင်းချခွင့်လုပ်ငန်းလိုင်စင် လုပ်ပေးတဲ့အထိ စွမ်းအင်ဝန်ကြီးဌာနက ဒီနေ့ တာဝန်ယူပြီးတော့ ဆောင်ရွ က်ပေးနေပါတယ်။ အဲဒီလို ဆောင်ရွက် တဲ့နေရာမှာလည်းပဲ မည်သူမဆိုလုပ်ချင်ရင် ကျွန်တော်တို့ဆီမှာလာပြီးတော့ တင်လို့ရပါတယ်။

သတင်းစာတွေကလည်းပဲ ဒါကျွန်တော်တို့ကျယ်ကျယ်ပြန့်ပြန့် အသိပေးပြီးဖြစ်ပါတယ်။ ဒါကြောင့် မို့လို့ ဒီနေ့ နိုင်ငံတော်မှာ ကျွန်တော်တို့စပြီးတော့ ပြည်သူလူထုလက်ထဲကို Privatize လုပ်လိုက် တုန်းက ကျွန်တော်တို့ပိုင် ဆီဆိုင်ပေါင်းအားလုံး (၂၆၁)ဆိုင် ကျွန်တော်တို့ လွှဲပေးလိုက်ပါတယ်။ မူလ ကျွန်တော်တို့လွှဲပေးတာ (၂၆၁)ဆိုင် ဖြစ်ပါတယ်။ ထပ်ပြီးတော့ လျှောက်ထားချက်အရ စိစစ်ခွင့်ပြုပေးတာ (၁၃၇)ဆိုင် ဖြစ်ပါတယ်။ ဒါကြောင့် ဒီနေ့တစ်နိုင်ငံလုံးမှာ ကျွန် တော်တို့ (၃၉၇)ဆိုင် တရားဝင် ဖွင့်လှစ်ရောင်းချနေကြပါတယ်။ နောက်ထပ် ထပ်ပြီးတော့ အဆိုပြုတင်ပြ လျှောက်ထားတဲ့ ဆိုင်ပေါင်း(၅၄၅)ဆိုင် ရှိပါသေးတယ်။ ဒါတွေကို ကျွန်တော်တို့ လိုအပ်ချက် တွေကို စိစစ်နေပါတယ်။ ကျွန်တော်တို့ စိစစ်ပါတယ်။ မီးသတ်က စိစစ်ပါတယ်။ သတ္တုတွင်း ကလည်းပဲ သိုလှောင်ခွင့်နဲ့ပတ်သက်ပြီး စိစစ်ပါတယ်။ အဲဒီမှာ အချက်အလက်တွေ ပြည့်စုံတယ် ဆိုရင် ကျွန်တော်တို့ လုပ်ပိုင်ခွင့်ပေးသွားမှာ ဖြစ်ပါတယ်။ အဲဒီတော့ ဒီနေရာမှာ ဈေးနှု န်းနဲ့ ပတ်သက်လို့တော့ ကျွန်တော်တို့ ထုတ်လုပ်တဲ့ နောက်တစ်ခါ ကျွ န်တော်တို့ စွမ်းအင်ဝန်ကြီး ဌာနက ပြည်ပကနေ တ င်သွင်းပြီးမှ ပြန်လည်ဖြန့်ဖြူးရောင်းချတဲ့ စက်သုံးဆီများနဲ့ ပတ်သက်လို့ ယခင်တုန်းက ဝန်ကြီးဌာနအတွင်းမှာပဲ ယခင်စနစ်အရ ကိုင်တွယ်မှုတွေ အဆင့်ဆင့်ရှိတဲ့အတွက် ဈေးနှုန်းဟာ နောက်ဆုံးမှာရောင်းဈေးမြင့်မားတဲ့အနေအထားမျိုးတွေတွေ့ပါတယ်။ ဒါတွေကိုလည်း ပြန်လည်စိစစ်ပြီးတော့ တွေ့ရှိတဲ့အတွက် ဖ်ကြီးဌာနအတွင်းမှာ ကိုင်တွယ်မှုအဆင့်တွေ အများကြီး လျှော့ချပြီးတော့ ကျွန်တော်တို့ နောက်ဆုံး တကယ်စားသုံးသူလက်ထဲကို သင့်တင့်မျှတတဲ့ဈေးနှုန်းနဲ့ ရအောင်လည်းပဲ ကျွန်တော်တို့ လုပ်ထုံးလုပ်နည်းတွေကို ပြန်ပြီးတော့ ပြုပြင်ဆောင်ရွက်လျက် ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**အချိန်၊ ၁၁း၅၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ နံနက်ပိုင်း အစီအစဉ်ကို မရပ်နားမီ ပြည်သူ့ဘဏ္ဍာရေးဆိုတာနဲ့ ပတ်သက်တဲ့ စာစောင်အားလုံးအတွက် ဖြန့်ဝေပေးထားတာ ရှိပါတယ်။ အားလုံးရလိမ့်မယ်လို့ ထင်ပါတယ်။ ဒါတွေဟာ စွမ်းရည် မြင့်မား ရေးအတွက် ဆောင်ရွက်ပေး နေတာဖြစ်တဲ့အတွက် လွှတ်တော်စတင်တဲ့ကာလ က စပြီးတော့ ကျွန်တော် ဖြန့်ဝေပေးထားတဲ့ကိစ္စလေးတွေကို သူ့ဘာသာရပ်အလိုက် ဖိုင်တွဲပြီးတော့ ရေရှည်မှာ လေ့လာအသုံးပြုကြဖို့ တိုက်တွန်းလိုပါတယ်။ နောက်တစ်ချက် တင်ပြလိုတာကတော့ ကျွန်တော်တို့ စာကြည့်တိုက်ကိစ္စ ဖြစ်ပါတယ်။ လွှတ်တော်တစ်ရပ်မှာ စာကြည့်တိုက်ကဏ္ဍက အလွန်အရေးကြီး

ပါတယ်။ ဒါကြောင့်မို့လို့ ပြည်ထောင်စုလွှတ်တော်အနေနဲ့ အဆင့်မီစာကြည့်တိုက်ကြီး ဆောင်ရွက်နိုင်ဖို့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌတို့ တိုင်ပင်ထားတာ ရှိပါတယ်။ အဲဒီအတွက်လည်း စာအုပ်စာတမ်းတွေ၊ သံရုံးတွေကိုလည်း ကျွန်တော်တို့ အလှူခံထားတာ ရှိပါတယ်။ နောက်ပိုင်းမှာ မိမိရဲ့ ဘဏ္ဍာရန်ပုံငွေနဲ့ လိုအပ် တာတွေ ဝယ်သွားမှာလည်း ရှိပါတယ်။ လတ်တလောမှာ အမျိုးသားလွှတ်တော်မှာ စာဖတ်ခန်းတစ်ခုကို ဒီနောက်ကျောမှာ ကျွန်တော်တို့ ဖွင့်ထားပြီးဖြစ်ပါတယ်။ ဒီစာဖတ်ခန်းမှာတော့ ကျွန်တော့်ရဲ့ ကိုယ်ပိုင် စာအုပ်တွေထဲကနေပြီးတော့ စာအုပ်(၇၀၀)လောက်ကို ကျွန်တော် အဲဒီအထဲမှာ ဦးခင်အောင်မြင့် ရဲ့ Special Collection ဆိုတဲ့သဘောမျိုးနဲ့ ကျွန်တော် ထည့်ပေးထားပါတယ်။ ထမင်းစားတဲ့ အချိန်၊ အချိန်ပိုတဲ့အခါမှာ အဲဒီမှာ ဖတ်ရှုနိုင်ဖို့ တိုက်တွန်းပါတယ်။ ဒ့ါအပြင် သတင်းစာတွေလည်း ထားပေးမှာ ဖြစ်ပါတယ်။ ဒီသတင်းစာတွေကတော့ ကျွန်တော်တို့ သတင်းစာဖတ်ခြင်းအားဖြင့် လွှတ်တော်နှစ်ရပ်မှာ တစ်ဖက်လွှတ်တော်မှာ မေးမြန်းပြီး၊ ဆွေးနွေးပြီးကိစ္စတွေ ထပ်မနေအောင်လည်း ရည်ရွယ်တာဖြစ်ပါတယ်။ နောက် ဒီစာဖတ်ခန်းနဲ့ပတ်သက်လို့ အမျိုးသားလွှတ်တော် စာဖတ်ခန်းနဲ့ပတ်သက်လို့ အခြားသော စာရေးဆရာကြီးများ ဒီအထဲမှာ ပါပါတယ်။ စာဖတ်တဲ့ပုဂ္ဂိုလ်များကလည်း မိမိတို့စာအုပ်တွေကို ဒီမှာလာပြီး Special Collection Corner တစ်ခုတောင်းပြီး ထားမယ်ဆိုလို့ရှိရင် ဒါ ကုသိုလ်ရပါတယ်။ မိမိအိမ်မှာ မိမိတစ်ယောက်တည်း ဖတ်ရမယ့်အစားကို အများ ဖတ်ရတဲ့သဘောဖြစ်ပါတယ်။ အဲဒီတော့ လွှတ်တော်ကိုယ်စားလှယ်များအတွက် အထောက်အကူပြုမယ့် စာ အုပ်စာတမ်းမျိုးကို မည်သူမဆို Corner တောင်းမယ်ဆိုရင် နာမည်နဲ့ ကျွန်တော်တို့က ပရိဘောဂထောင်ပြီးတော့ထားပေးထားမှာ ဖြစ်ပါတယ်။ ထို့အတူပဲ ငွေလှူဒါန်းလိုတယ်ဆိုရင်လည်း ရပါတယ်။ ကျပ်ငွေပဲလှူဒါန်းလှူဒါန်း၊ Foreign Exchangeအတွက် လှူဒါန်းလှူဒါန်း ရပါတယ်။ Foreign Exchange နဲ့ လှူဒါန်းတယ်ဆိုတာကတော့ ပြည်ပကနေ ကျွန်တော်တို့ စာအုပ်မှာတဲ့ အခါမှာ မိမိ Earning ထဲက စိုက်ခံပါမယ်ဆိုတဲ့ ကတိမျိုးနဲ့ မည်၍မည်မျှ စိုက်ခံပါမယ်ဆိုတဲ့ ကတိမျိုးရှိတယ်ဆိုရင် အဲဒီမှာ ကျွန်တော်တို့က Internet Access လည်း လုပ်ထားပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တွေက မိမိတို့ လိုလားတဲ့ ရည်ညွှန်း စာအုပ်တွေ ရှာဖွေရင်းနဲ့ Amazing.com တို့လို စာအုပ်ရောင်းတဲ့ Website တွေ အများကြီး ရှိပါတယ်။ ဒီအထဲက ရှာဖွေပြီးတော့ ဘယ်စာအုပ်တော့ ဝယ်သင့်တယ်လို့ တင်ပြလို့ရှိရင် အဲဒီအခါမှာ Earning ကို လှူပါမယ်ဆိုတဲ့ ပုဂ္ဂိုလ်နဲ့ ကျွန်တော်တို့က ဆက်သွယ်ပြီးတော့မှ ဒါကို မှာလိုက်လို့ရပါတယ်။ မြန်မာကျပ်ငွေနဲ့

ပတ်သက်လို့ လျှုဒါန်းတာရှိလို့ရှိရင်လည်း ထိန်းသိမ်းထားပါမယ်။ လွှတ်တော်ကိုယ်စားလှယ်တွေက ဘယ်စာအုပ်တွေ၊ ဘယ်စာအုပ်တွေ ရှိပါတယ်။ ထွက်ပါတယ်။ ဟုတ်လား။ အ သစ်ဆိုလည်း အသစ်၊ အဟောင်းဆိုလည်းအဟောင်း ဒါတွေဟာ လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ လေ့လာသင့်တဲ့ ဘာသာရပ်နဲ့ ဆိုင်ပါတယ်လို့ ရှာဖွေတင်ပြလို့ရှိရင် ဒီငွေကနေ လှူဒါန်းမှာ ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ နံနက်ပိုင်းအစီအစဉ်ကို ခေတ္တရပ်နား ပြီးတော့မှ နေ့လယ် (၁) နာရီမှာ ပြန်လည် ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။

**အချိန်၊ ၁၁း၅၈။**

**အခမ်းအနားမှူး** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးပြန်လည်ထွက်ခွာပါမြိုင်ဗျား။

**အခမ်းအနားမှူး** ။ လွှတ်တော်ကိုယ်စားလှယ်ကြီးများအား အသိပေးတင်ပြရန်ရှိတဲ့ အတွက် ခေတ္တမျှထိုင်ပေးကြပါရန် မေတ္တာရပ်ခံအပ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး** ။ ပြည်ထောင်စုအစိုးရအဖွဲ့ကနေလွှတ်တော်ရုံးကိုပေးပို့လာတဲ့ စာများကို ဖတ်ကြားတင်ပြသွားမှာဖြစ်ပါတယ်။ ပထမစာဆာစ်စောင်ကတော့-

အကြောင်းအရာ၊ လွှတ်တော်ရုံးနဲ့ဆက်သွယ်ဆောင်ရွက်ရန်ကိစ္စ စာပါ။

အကြောင်းအရာများကတော့ လွှတ်တော်ကော်မတီ အသီးသီးက လွှတ်တော် ကိုယ်စားလှယ်များ၏ မေးခွန်းများ၊ အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များ ဆက်သွယ်ဆောင်ရွက်ရန် အကြောင်းကိစ္စရပ်များရှိလာပါက သက်ဆိုင်ရာပြည်ထောင်စု အစိုးရဝန်ကြီးဌာန၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သို့ တိုက်ရိုက်ပေးပို့ခြင်း မပြုဘဲ လွှတ်တော်ရုံးသို့ တင်ပြ၍ လွှတ်တော်ရုံးမှတစ်ဆင့် ပြည်ထောင်စု အစိုးရအဖွဲ့ရုံးသို့တင်ပြပေးရန်ဖြစ်ပါတယ်။ ပြည်ထောင်စု အစိုးရအဖွဲ့အနေဖြင့် လွှတ်တော်သို့ပေးပို့ရန် အကြောင်းရှိ လာပါကလည်း လွှတ်တော်ရုံးသို့သာ ပေးပို့သွားမည်ဖြစ်ကြောင်း အကြောင်းကြားအပ်ပါသည်။

တင်မျိုးကြည်၊
ညွှန်ကြားရေးမှူးချုပ်
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

ဆိုပြီးတော့မှ လွှတ်တော်ရုံးသို့ ပေးပို့ထားတာရှိပါတယ်ခင်ဗျား။

နောက်စာတစ်စောင်အနေနဲ့ပြည်ထောင်စုအစိုးရအဖွဲ့ကပဲ လွှတ်တော်ရုံးကိုပေးပို့လာတဲ့ စာရှိပါတယ်။

အကြောင်းအရာကတော့ လွှတ်တော်ကိုယ်စားလှယ်များ၏ အဆိုများနှင့်မေးခွန်းများ ပေးပို့ရေးကိစ္စ။ ရည်ညွှန်းချက်၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေနှင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေများ၊ ၂။ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေနှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေများ၊ ၃။ အမျိုးသား လွှတ်တော်ဆိုင်ရာ ဥပဒေနှင့် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေများ။

၁။ လွှတ်တော်အသီးသီးမှ ကျင်းပပြုလုပ်ခဲ့သော လွှတ်တော်အစည်းအဝေးများတွင် ကိုယ်စားလှယ်များမှ တင်သွင်းလာသောအဆိုများနှင့်မေးခွန်းများကို လွှတ်တော်ရုံးမှ ပြည်ထောင်စု အစိုးရအဖွဲ့ရုံးသို့ပေးပို့ပြီး သက်ဆိုင်ရာ ဗဟိုရုံးများနှင့် ဝန်ကြီးဌာနများသို့ ပြည်ထောင်စုအစိုးရရုံး များမှ ဆက်လက်ပေးပို့ခဲ့ပါသည်။

၂။ ထိုသို့အဆိုများနှင့်မေးခွန်းများအား လွှတ်တော်အစည်းအဝေးများ၌ ပြည်ထောင်စု အဆင့်အဖွဲ့အစည်းများက ရှင်းလင်းဖြေကြားရာတွင် ပြည့်စုံရှင်းလင်းစွာ ဖြေကြားနိုင်ရေးအတွက် လိုအပ်သော အချက်အလက်များ စုဆောင်းပြုစုနိုင်ရေးအချိန်လုံလောက်စွာရရှိရန် လိုအပ်ပါသည်။

၃။ လွှတ်တော်ဆိုင်ရာ နည်းဥပဒေများအရ လွှတ်တော်ကိုယ်စားလှယ် တစ်ဦးသည် လွှတ်တော်တွင် မေးခွန်းမေးမြန်းလိုလျှင် လွှတ်တော်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ လွှတ်တော် အစည်းအဝေး မစတ င်မီ အနည်းဆုံး (၁၀)ရက် ကြိုတင်၍လည်းကောင်း၊ လွှတ်တော်သို့ အဆို တင်သွင်းလိုလျှင် အဆိုလွှာကို လွှတ်တော်အစည်းအဝေးမကျင်းပမီ အနည်းဆုံး(၁၅)ရက် ကြိုတင်၍ လည်းကောင်း လွှတ်တော်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ ပေးပို့ရမည်ဖြစ်ကြောင်း သတ်မှတ် ဖော်ပြထားပါတယ်။

၄။ သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်များက တင်သွင်းလာသော အဆိုများနှင့် မေးခွန်းများအား ပြည့်စုံရှင်းလင်းဖြေကြားနိုင်ရေး အချိန်မီဆောင်ရွက်နိုင်ရန်အတွက် လွှတ်တော် ကိုယ်စားလှယ်များမှ တင်သွင်းလာသောအဆိုနှင့်မေးခွန်းများနှင့် အရေးကြီး အဆိုများနှင့် မေးခွန်း များမှအပ ကျန်အဆိုများကို လွှတ်တော်အစည်းအဝေးစတင်ကျင်းပမည့် ရက်မတိုင်မီ အနည်းဆုံး (၇)ရက် ကြိုတင်၍လည်းကောင်း၊ မေးမြန်းမည့်မေးခွန်းများကို လွှတ်တော်အစည်းအဝေး စတင်

ကျင်းပမည့် ရက်မတိုင်မီ အနည်းဆုံး (၅)ရက် ကြိုတင်၍လည်းကောင်း၊ ပြည်ထောင်စုအစိုးရ အဖွဲ့ရုံးသို့ပေးပို့နိုင်ပါရန် နှိုးဆော်အကြောင်းကြားအပ်ပါသည်။

တင်မျိုးကြည်

ညွှန်ကြားရေးမှူးချုပ်

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

ဆိုပြီးမှစာနှစ်စောင်ရောက်ရှိလာတာကို လွှတ်တော်ကိုယ်စားလှယ် ကြီးများ သိရှိနိုင်ပါရန် တင်ပြခြင်းဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ အားလုံးပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို ၁၂း၀၀ နာရီတွင်ခေတ္တရပ်နားပြီးနေ့လယ် ၁၃း၀၀ နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၃း၀၀။**

**အခမ်းအနားမှူး။** ။ လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ လွှတ်တော်အစည်းအဝေး ကျင်းပနေစဉ်အတွင်းမှာ နေ့လယ်စာ သုံးဆောင်နိုင်ရန်အတွက် လွှတ်တော်ရုံး က စီစဉ်ထားရှိပြီး ဖြစ်ပါတယ်။ သို့သော် တကယ်လို့ လွှတ်တော်မှာ ထမင်းမစားဘူးဆိုရင် ကြိုတင်ပြီးတော့မှ ထမင်းမစားမယ့်သူများစာရင်းကို ကျွန်တော်တို့ လွှတ်တော်ရုံး ၊ အစည်းအဝေးဌာနမှာ လာပြီးတော့မှ သတင်းပေးပို့ကြရန် မေတ္တာရပ်ခံအပ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့်စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

# အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥ ပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို အသိပေးတင်ပြခြင်း

**အချိန်၊ ၁၃း၀၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုလွှတ်တော်က အမျိုးသားလွှ တ်တော် အစည်းအဝေးတွင် စတင်ဆွေးနွေး နိုင်ရန် ပေးပို့လာသော ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေကြမ်းကို၁၈-၁၀-၂၀၁၁ ရက်နေ့တွင် သက်ဆိုင်ရာပြည်ထောင်စု အဆင့်အဖွဲ့အစည်းဝင်က အဆိုတင်သွင်းခဲ့ပြီး၂၇-၁၀-၂၀၁၁ ရက်နေ့တွင် ဆွေးနွေးခဲ့ရာ ပြင်ဆင်ချက်များဖြင့် အတည်ပြုပြီး ပြည်သူ့လွှတ်တော်သို့ ဆွေးနွေးနိုင်ရန် ၂၈-၁၀-၂၀၁၁ ရက်နေ့တွင် ပေးပို့ခဲ့ပါတယ်။ ယခု အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ထားသော ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်ကပြင်ဆင်ချက်ဖြင့်ပြန်လည်ပေးပို့ခဲ့ပါတယ်။ ပြည်သူ့လွှတ်တော်က ပေးပို့သော ပြင်ဆင်ချက်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

# အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌ က ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပေးပို့သော ပြင်ဆင်ချက်များကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုတဲ့ အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၃၀-၁-၂၀၁၂ ရက်နေ့(တနင်္လာနေ့) ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

# ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင် က ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥပဒေကြမ်းအား အမျိုးသားလွှတ်တော် ဆွေးနွေးစဉ်းစားရန်အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း

**အချိန်၊ ၁၃း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၅၄၊ နည်းဥပဒေခွဲ(က)အရ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးမြင့်နိုင် က အမျိုးသားလွှတ်တော်သို့ တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၀၃။**

**ဦးမြင့်နိုင် (အဖွဲ့ဝင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်)။** ။ လေးစားအပ် ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေနဲ့ ပတ်သက်ပြီးတော့ ပြင်ဆင်တဲ့ဥပဒေကို ၅-၁၀-၂၀၁၁ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်က ဥပဒေအမှတ်၊၆/၂၀၁၁ ဖြင့် ပြင်ဆင်ဖြည့်စွက်ပြဋ္ဌာန်းပေးခဲ့ပြီး ဖြစ်ပါတယ်။ သို့ရာတွင် ပြည်ထောင်စု အစိုးရအဖွဲ့ရုံးရဲ့လမ်းညွှန်ချက်နဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးတို့ရဲ့ သဘောထားမှတ်ချက် များအရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေကို အသစ်ပြန်လည်ပြဋ္ဌာန်းပေးရန် လိုအပ် မည်ဖြစ်ကြောင်း စိစစ်တွေ့ ရှိရပါ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေ(မူကြမ်း)ကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားနိုင်ပါရန် လေးစားစွာဖြင့် အဆိုတင်သွင်းအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့်ပုဂ္ဂိုလ် ရှိပါက ဆောင်ရွက်ဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၀၆။**

**ဦးလှဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၂)။** ။ လေးစားအပ် ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး နဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က တင်ပြလာသော ပြင်ဆင်ရမည့် ဥပဒေမူကြမ်းအား

ကျွန်တော် မကွေးတိုင်းဒေသကြီး မဲဆန္ဒ နယ်အမှတ်(၁၂)မှ ဦးလှဆွေ က ထောက်ခံ ပါကြောင်း တင်ပြအပ်ပါတယ်။

**အချိန်၊ ၁၃း၀၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား ။ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥပဒေကြမ်းကို လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အချိန်ကိုငဲ့ညှာတဲ့အနေနဲ့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးမြင့်နိုင်က ယနေ့ ဖတ်ကြားတင်သွင်းခြင်းမပြုဘဲ ဥပဒေကြမ်းကိုဆွေးနွေးမယ့်နေ့မှအသေးစိတ် ဆွေးနွေးပေးဖို့ ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေကြမ်းကို ဆွေးနွေးစဉ်းစားရန် အမျိုးသားလွှတ်တော်၏ သဘောတူညီချက်ရယူခြင်း

**အချိန်၊ ၁၃း၀၇။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် က ဆွေးနွေးစဉ်းစားရန် သင့်မသင့် လွှတ်တော်ရဲ့ သဘောထားရယူမှာ ဖြစ်ပါတယ်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကြမ်းကိုဆွေးနွေးစဉ်းစားရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

လွှတ်တော်က သဘောတူတဲ့အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**အချိန်၊ ၁၃း၀၈။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေကြမ်းကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုသည့်အကြောင်းအရာအကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၃၀-၁-၂၀၁၂ (တနင်္လာနေ့) ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။ တင်သွင်းထားတဲ့ ဥပဒေကြမ်းနဲ့စပ်လျဉ်းပြီး ဥပဒေကြမ်း ကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်တို့ကို ဖတ်ကြားတင်သွင်းရန်နှင့် လွှတ်တော် ကိုယ်စားလှယ်များ ဆွေးနွေးရန် နေ့ရက်ကို သီးခြားသတ်မှတ်ပေးမှာ ဖြစ်ပါတယ်။

## ဦးမျိုးမြင့်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၏ ပေ-ပေါင်-စက္ကန့် ယူနစ်စနစ် (Imperial Unit System)မှ စင်တီမီတာ-ဂရမ်-စက္ကန့် ယူနစ်စနစ် (Metric Unit System)သို့ ပြောင်းလဲသုံးစွဲရေး သတ်မှတ်နိုင်ပါရန်ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း

**အချိန်၊ ၁၃း၀၈။**

**ဥက္ကဋ္ဌ၊** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမျိုးမြင့် က ပေ-ပေါင်-စက္ကန့် ယူနစ်စနစ် (Imperial Unit System)မှ စင်တီမီတာ-ဂရမ်-စက္ကန့် ယူနစ်စနစ် (Metric Unit System)သို့ ပြောင်းလဲသုံးစွဲရေး သတ်မှတ်နိုင်ပါရန်နှင့် စပ်လျဉ်းသည့် အဆိုတစ်ရပ် တင်သွင်းလိုကြောင်း အမျိုးသားလွှတ်တော်သို့ ပေး ပို့ထားပါတယ်။ ယခု ဦးမျိုးမြင့် အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၀၉။**

**ဦးမျိုးမြင့်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ အမျိုးသား

လွှတ်တော် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ အားလုံး ကျက်သရေမင်္ဂလာအပေါင်းနှင့်ပြည့်စုံ၍ ကိုယ်စိတ်နှစ်ဖြာကျန်းမာ ချမ်းသာ ကြပါစေကြောင်း ဆန္ဒပြုလျက် နှု တ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမျိုးမြင့် ဖြစ်ပါတယ်။ ဒီနေ့ ကျွန်တော့်အနေနဲ့ မြန်မာနိုင်ငံတစ်ဝှမ်း လုံးမှာ ရောနှောသုံးစွဲလျက်ရှိတဲ့ ပေ -ပေါင်-စက္ကန့်ယူနစ် (Foot-Pound-Second F.P.S/ Imperial Units)စနစ်မှ စင်တီမီတာ-ဂရမ်-စက္ကန့်ယူနစ် (Centimeter-Gram-Second C.G.S(M.K.S)/ Metric Units) စနစ်သို့ ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်း တစ်ပြေးညီ တရားဝင် သုံးစွဲနိုင်ရေး အတွက် ပြောင်းလဲသတ်မှတ်နိုင်ပါရန် ပြည်ထောင်စုအစိုးရကို တိုက်တွန်းတဲ့အဆိုကို တင်သွင်း သွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား- ယခု ကျွန်တော် တင်သွင်းတဲ့အဆိုနှင့် စပ်လျဥ်းပြီးတော့ ကျွန်တော်တို့ မြန်မာနိုင်ငံကို လွတ်လပ်ရေးမရမီ အုပ်ချုပ်ခဲ့တဲ့ ဗြိတိသျှ အင်ပါယာအစိုးရအနေနဲ့ ၎င်း ရဲ့လက်အောက်ရှိ နိုင်ငံ များမှာ ကာလရှည်ကြာစွာကတည်းက သုံးစွဲလာခဲ့တဲ့ အလေးချိန် / တိုင်းတာ-တိုင်းထွာမှုများပေါ့။ Weights and Measures ကို ပေ-ပေါင်-စက္ကန့်စနစ် သို့မဟုတ် Imperial Units ထားရှိသတ်မှတ်သုံးစွဲစေတဲ့ အစဥ်အလာ ကျင့်သုံးလာခဲ့ပါတယ်။ ယူနစ်စနစ်များ သုံးစွဲရာမှာ လည်း အများအားဖြင့် ယူနစ်စနစ် (၄)မျိုး ခွဲခြားနိုင်ပါသေးတယ်။ ၎င်း တို့ကတော့ Metric Units စနစ်မှာ (၂)မျိုးရှိပြီးတော့ အင်ဂျင်နီယာ သုံးစနစ် (Engineers System)ဖြစ်တဲ့ Gravitational Units နှင့် ရူပဗေဒပညာရှင်သုံးစနစ် (Physicists System)ဖြစ်တဲ့ Absolute Units တို့ဖြစ်ကြပါတယ်။ Imperial Units စနစ်မှာရှိတဲ့ (၂)မျိုးမှာလည်း Metric စနစ်လိုပဲ Gravitational Units နှင့် Absolute Units အသီးသီးတို့ ဖြစ်ကြပါတယ်။ အခြေခံ ယူနစ်စနစ် (၂)မျိုးဖြစ်တဲ့ Metric Units နှင့် Imperial Units စနစ်မှာ English Units တို့ရဲ့ အလေးချိန်/ တိုင်းတာ-တိုင်းထွာမှုများဖြစ်ကြတဲ့ အလျား (Length)၊ အချိန်(Time)၊ ဒြပ်ထု (Mass)၊ တွန်းအား (Force)၊ အပူချိန် (Temperature) စသည်တို့ရဲ့ သက်ဆိုင်ရာ Units များကိုလည်း ခြုံငုံပြီးတော့ ဖော်ပြလိုပါတယ်။

Metric Units စနစ်နဲ့ Imperial English Units စနစ်မှာ(၅)မျိုးတွင် ပထမ Length၊ Metric မှာ Meter၊ Imperial မှာ Foot၊ အချိန်(Time)မှာ Second (၂)မျိုးလုံး အတူတူပါပဲ။

Mass မှာ Metric Units စနစ်မှာ Metric Slug(msl), Gram(gm-mass)၊ Imperial Units စနစ်မှာ Slug(sl), Pound(lb-mass)၊ နောက်တစ်ခါ Force မှာဆိုလို့ရှိရင် Metric Units မှာ Gravitational အနေနဲ့ Kilogram(fy), Meter၊ Imperial မှာ Absolute အနေနဲ့တော့ Dyne ဖြစ်ပါတယ်။ Imperial မှာတော့ Force ကို Pound lb(fy)လို့ လုပ်ပြီးတော့ Absolute မှာ Poundal(Pdl) အနေနဲ့ သုံးပါတယ်။ Temperature မှာတော့ Metric Units စနစ်မှာ ဒီဂရီစင်တီဂရိတ်နဲ့ပေးပြီး Gravitational ရော၊ Absolute ရောအတူတူဖြစ်ပြီး Imperial Units စနစ်မှာလည်းပဲ Gravitational ရော၊ Absolute ရော အတူတူဖြစ်ပြီးတော့ ဖာရင်ဟိုက် သုံးထားတာကို တွေ့ရှိရမှာဖြစ်ပါတယ်။

ယနေ့ မြန်မာနိုင်ငံမှာ နိုင်ငံတကာနှင့် ပူးပေါင်းဆက်သွယ်ဆောင်ရွက်နေမှုများ တိုးတက်ဖြစ်ထွန်းလျက်ရှိနေရာမှာ နိုင်ငံတော် တော်များများ သုံးစွဲလျက်ရှိတဲ့ ယူနစ်စနစ် (Unit System)နှင့် မြန်မာနိုင်ငံမှာ တရားဝင်သုံးစွဲနေသော ယူနစ်စနစ် များဟာ ရောပြွမ်း သုံးစွဲလျက် ရှိနေပါတယ်။ယူနစ်စနစ်များဟာ ပြည်တွင်း/ပြည်ပ ပူးပေါင်းဆက်သွယ် ဆောင်ရွက်ရာမှာ ယူနစ် တစ်ခုမှတစ်ခုသို့ပြောင်းလဲတွက်ချက်ရတဲ့ Coversionယောင်ဝါးပြီး မှားယွင်းနိုင်ခြင်း တို့ကြောင့် နှောင့်နှေးမှုအခက်အခဲများ ကြုံတွေ့လျက်ရှိတယ်လို့ သုံးသပ်လိုပါတယ်။ နမူနာ အနေဖြင့် ဆွေးနွေးတင်ပြရပါလျှင် အင်ဂျင်နီယာ မြေတိုင်းလုပ်ငန်းတစ်ခု Survey Works ဆိုပါစို့။ ပေဖြင့် ခွဲခြမ်းစိတ်ဖြာထားခြင်းနှင့် မီတာ ဖြင့် ခွဲခြမ်းစိတ်ဖြာ ထားခြင်း စနစ်(၂)မျိုးနဲ့ ပြုလုပ်ထားသော အများသိ၊အရပ်သိပေတိုင် သို့မဟုတ် စာတိုင်များ လို့ သိနေတဲ့ Levelling Staff များကို လုပ်ငန်းဌာနပေါင်းစုံမှ အလျဉ်းသင့်သလို ဒါမှမဟုတ် မိမိတို့ အဆင်ပြေသလိုရယူအသုံးပြုလျက် တိုင်းတာရရှိ တန်ဘိုး ကိန်းဂဏန်းများ Valuesလို့ မှတ်တမ်း တင်ရပါတယ်။အဆိုပါ ရရှိ ကိန်းဂဏန်းများအသုံးပြုပြီး လုပ်ငန်းပုံစံအမျိုးမျိုး (Drawings) ထုတ်ခြင်း၊ ကွန်တိုမြေပုံများ ပြုစုခြင်းစသည်တို့ကြောင့် ရောပြွမ်းရှုပ်ထွေးနေပြီး သာမန်အမြင်ရှုထောင့်မှာ ယောင်ဝါးဝါး ဖြစ်ပြီး မှားယွင်းမှုများ ဖြစ်ပေါ်နိုင်ကြောင်း လေ့လာတွေ့ရှိရပါတယ်။ နေရာဒေသ တစ်ခုမှ တစ်ခု သို့ Elevation Bench Marks များ သယ်ဆောင်တိုင်းတာ ဖော်ပြရာ မှာလည်းပဲ ယူနစ် (၂)မျိုး နေရာအနှံ့ ကျင့်သုံးလျက်ရှိလို့ ပြန်လည်အသုံးချရာမှာ နားလည် လွယ်စေမှု၊ ရှင်းလင်း ပြတ်သားမှုများအတွက် အားနည်းမှုများ ဖြစ်ပေါ်စေတယ်လို့ ယူဆနိုင်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား- လက်ရှိ အခြေအနေအောက်ရှိ အင်ဂျင်နီယာ အလုပ်သင်/ အင်ဂျင်နီယာ အငယ်တန်းအဆင့်များအတွင်း ဒီဇိုင်းပုံစံ၏ အတိုင်းအတာများ(Dimensions) အထူးသဖြင့် နိုင်ငံခြားပညာရှင်များ (တရုတ်/ဂျပန်/အိန္ဒိယစသည်)မှ ထုတ်လုပ်ဖော်ပြထားသည့် အတိုင်းအတာပြ ကိန်းဂဏန်းများ ဖြစ်ကြတဲ့ ဥပမာ - ၁၅၀၀၊ ၂၀၀၀၊ ၃၀၀၀ စသည်တို့ရဲ့ အဓိပ္ပာယ်နှင့် ယူနစ်များ ရဲ့ ဆိုလိုမှု အပေါ်မှာ တော်တော်များများ မသိရှိကြတာ ကိုလည်း တွေ့ရှိရပါတယ်။ ဒါ့အပြင် အင်ဂျင်နီယာ အဆောက်အအုံများ (ဆည်မြောင်း၊ တာတမံ၊ ရေအားလျှပ်စစ်၊ မြစ်ကူးတံတားကြီးများ၊ လေယာဉ်ပြေး လမ်း၊ လေဆိပ် အဆောက်အအုံ ကြီးများ အဆင့်မြင့် လူနေတိုက်တာ အဆောက်အအုံများ၊ ရုံးများ စသည်) မိုး/ဇလနှင့် မြစ်ချောင်းများရဲ့ ရေစီးရေလာ တိုင်းထွာဖော်ပြရသည့် ယူနစ်အတော်များများမှာ ရောပြွမ်းသုံးစွဲလျက် ရှိနေကြပါတယ်။ လူတိုင်းလူတို င်း အဆင်ပြေချောမွေ့စွာ နားလည်ဖို့ လုပ်ကိုင်ဆောင်ရွက်ရေးမှာ အခက်အခဲများနဲ့ ကြုံတွေ့ရတယ်လို့ ကျွန်တော်တို့ သုံးသပ်တင်ပြလိုပါတယ်။

တစ်ဖန် ဥပမာအနေနဲ့ ထပ်မံ ဆွေးနွေးတင်ပြရပါလျှင် မြန်မာနိုင်ငံအတွင်း နေ့စဉ် သွားလာလှုပ်ရှားနေတဲ့ မော်တော်ယာဉ်ကြီး/ငယ် အားလုံးနီးပါးဟာ ရှေးရှေးတုန်းကလို ယာဉ်အရှိန်နှုန်းပြမှန်ခွက်(Speedometer Dial)၊ မိုင်နှုန်း- mph ပြစနစ် တွေ့ရှိရခဲ့ပြီးတော့ ကီလိုမီတာနှုန်း (Kilometer Per hour - kmh) ပြစနစ်များကိုသာ မြင်တွေ့နေရရာ မိုင်နှုန်းနှင့် ဆက်စပ်ယဉ်ပါးနေကြတဲ့ သုံးစွဲသူများ/ယာဉ်မောင်းများအနေဖြင့် မော်တော်ယာဉ်၏ မောင်းနှင်နှုန်းကို လွယ်ကူစွာ မထိတွေ့နိုင်သည် ကို လေ့လာတွေ့ရှိရပါတယ်။ ယနေ့ တိုးတက်နေသော ခေတ်မှာ နိုင်ငံတကာ အဖွဲ့အစည်းများမှ တင်သွင်းလာတဲ့ ပစ္စည်းများ၏ အလေးချိန်/ တိုင်းတာ-တိုင်းထွာမှုများ၊ သိပ္ပံပညာရပ် ဆိုင်ရာနှင့် အင်ဂျင်နီယာ ပညာရပ်ဆိုင်ရာ လုပ်ငန်းများ စသည် တို့ဟာ လက်ရှိမြန်မာနိုင်ငံ၌ လူသိများပြီး အလေ့အကျင့်ရရှိ အသုံးပြုလျက်ရှိသော ယူနစ်များရဲ့ ကွဲပြားခြားနားမှုများရှိနေတာ တွေ့ရှိရမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ဥပမာအားဖြင့်- Imperial Units မှာ အလျား (Length)(လက်မ၊ ပေ၊ ယာဒ်၊ ကိုက်၊ သံကြိုး၊ ဖာလုံ၊ မိုင်၊ စင်တီမီတာ၊ မီတာ၊ ကီလိုမီတာစသည်)၊ ဒြပ်ထု(Mass)မှာ (အောင်စ၊ ပေါင်၊ CWT၊ စတုံ(Stone)၊ တန်၊ ဂရမ်၊ ကီလိုဂရမ်၊ မက်ထရစ်တန် စသည်)၊ ဧရိယာ (Area)မှာဆိုရင် (စတုရန်းမီတာ၊ စတုရန်းပေ၊ စတုရန်းကိုက်၊ ပါ့ချ်(Perch-p)၊

ရုဒ်(Rood- rd )ဧက၊ စတုရန်းမိုင်၊ ဟက်တာ(Hectare- ha)၊ စတုရန်းကီလိုမီတာ(Square km)စသည်)၊ ထုထည်ပမာဏ(Volume)မှာဆိုရင် (ကုဗလက်မ (Cubic inch)၊ ကုဗပေ (Cubic Feet)၊ ကုဗကိုက်(Cubic Yard)၊ ကုဗစင်တီမီတာ(Cubic Centimeter)၊ ကုဗမီတာ (Cubic Meter)၊ ဘတ်ရှဲလ် (Bushel-bus) စသည်)၊ အရည်ထုထည် ပမာဏ(Fluids)မှာဆိုရင် (အရည်အောင်စ၊ ပိုင့်(Pint)၊ ဂါလန်၊ ဧကပေ(Acre-Feet)၊ မီလီလီတာ (Mililiter)၊ လီတာ(Liter- 'l')စသည်)၊တွန်းအား(Force)မှာဆိုရင်(Pound-Force(lbf)၊ Ton Force(ton-f)၊ Newton(N) ၊ Kilonewton(KN)စသည်)၊ ဖိအား (Pressure)မှာဆိုရင်လည်းပဲ (Pound per square inch (lb/in$^2$)၊ Atmosphere(atm)၊ Kilopascal(kpa)၊ Inch Per Mercury(inHg)၊ Megapascal (Mpa)၊ Milibar(mb))၊ အလျင် (Velocity)မှာဆိုလို့ရှိရင်လည်းပဲ Knot(kn) (ရေကြောင်းလမ်းမှာ သုံးပါတယ် )၊ Miles Per Hour(mph)၊ Kilometer per hour(km/h) စသည်)၊ သိပ်သည်းဆ(Density)ဆိုရင်လည်းပဲ (ပေါင်/ကုဗလက်မ(lb/in$^3$)၊ တန်/ကုဗကိုက် (ton/yd$^3$)၊ မက်ထရစ်တန်/ကုဗမီတာ စသည်)၊ စွမ်းအင်(Energy)မှာဆိုရင် (British Thermal Unit(Btu)၊Therm၊ Kilojoule(kJ)၊ Megajoule(MJ)၊ Kilowatt hour(kwh)စသည်)၊ စွမ်းအား (Power)မှာ ဆိုရင်လည်း (မြင်းကောင်ရေ(hp)၊ ကီလိုဝပ် (kw)စသည်)၊ အချိန်(Time)မှာဆိုရင် (စက္ကန့်၊ မိနစ်၊ နာရီ စသည် )၊ Frequency မှာဆိုရင် (Cycle per second(c/s)၊ Hertz(Hz)၊ Angular Velocity စသည်) စသည်ဖြင့် ရောပွမ်းစွာရှိနေတဲ့အတွက် မိမိလိုအပ်တဲ့ယူနစ်ကို ပြောင်းလဲရန်မှာ အလေ့အကျင့်မရှိလို့ရှိရင် အလွန်ခက်ခဲပြီး အချိန်ကြန့်ကြာမည်ဖြစ်တဲ့ လုပ်ငန်း တစ်ရပ် ဖြစ်ပါတယ်။ Imperial Units ကနေ Metric Units များမှာ အသုံးများတဲ့ အပြန်အလှန် တန်ဖိုးပြောင်းလဲတွက်ချက်ပေးတဲ့ Conversion Factors များကိုလည်းပဲ ကျွန်တော့်အနေနဲ့ တင်ပြတဲ့အဆိုမှာ တွဲထားပါတယ်။ အချိန်ငဲ့ညာ ပြီးတော့ အသေးစိတ် ကို ကျွန်တော် မရှင်းတော့ ပါဘူးခင်ဗျား။

နောက်တစ်ခုက ဆည်မြောင်းလုပ်ငန်းမှာဆိုရင် ကုဗပေ/စက္ကန့်ကို ကျူးဆက် (Cusec/ Cubic Feet per second/ft$^3$/sec)၊ ဆည်ရေပေး ဝေမှုကိုပင် ကျူးဆက် ဒေး(Cubic-Feet per second-day/cusec-day)လို့ လုပ်ငန်းနှင့် ထိတွေ့နေရသော ဒေသသုံး လူသိများတဲ့ အခေါ်အဝေါ်၊ အသုံးအနှုန်း ဖြစ်ကြပါတယ်။

လေးစားအပ်သော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါ့အပြင်လည်း မြန်မာနိုင်ငံမှာ အရှည်အလျား တိုင်းတာရာမှာ တစ်မိုက်၊ တစ်ထွာ၊ တစ်တောင်၊ တစ်ခေါ်၊ တစ်ပြ (မန္တလေးသုံး)စသည်တို့ကို လည်းကောင်း၊ အချိန်ကို တိုင်းတာရာမှာ ကျေးလက်များ၌ ထမင်းအိုးတစ်လုံးချက်၊ ကွမ်းတစ်ယာ ညက် စသည်တို့ကိုလည်းကောင်း၊ ထုထည်ပမာဏကို ချင်တွယ်ရာတွ င် နို့ဆီဘူး တစ် လုံး၊ ပြည်၊ တင်းတောင်း(Basket) စသည်တို့ကိုလည်းကောင်း၊ အလေးချိန်ကို တိုင်း တာရာမှာလည်းပဲ ရွေးသား၊ ကျပ်သား၊ ပိဿာ (Viss) စသည်တို့ကိုလည်းကောင်း၊ ရိုးရာ ဓလေ့သုံး ယူနစ်များ (Traditional Units)အဖြစ် ကျင့်သုံးလျက် ရှိနေကြပါတယ်။ ကျွန်တော်တို့ မြန်မာနို ငံသာ မကပဲနဲ့ အာရှတိုက်နိုင်ငံ အချို့မှာလည်းပဲ အလားတူ ၄င်းတို့ရဲ့ ဒေသဓလေ့သုံး (Traditional Asian Units - Weights & Measures) များကို သုံးစွဲလျက်ရှိကြတာ တွေ့ရပါတယ်။ လေ့လာ တွေ့ရှိရသမျှ အချို့ကို အလျဉ်းသင့်သလို တင်ပြလိုပါတယ်။

အရှည်အလျားကို တိုင်းတာရာ၌ အိန္ဒ ိယနိုင်ငံ၊ ပါကစ္စတန်နိုင်ငံ၊ ဘင်္ဂလားဒေ့ရှ် နိုင်ငံတို့မှာဆိုရင် gudge/rugul ၊ ဂျပန်နိုင်ငံမှာ Ken/ri(li) ၊ ထိုင်းနိုင်ငံမှာ Ken/Kup/ sen ၊ တရုတ်နိုင်ငံမှာ li(lei)/zhang စသည်တို့ ဖြစ်ပါတယ်။ ဧရိယာ အကျယ်အဝန်း (Area)ကို တိုင်းတာရာမှာလည်း တရုတ်နိုင်ငံမှာ Chuo/mou/mu/ging ဖြစ်ပြီးတော့၊ ထိုင်းနိုင်ငံမှာ rai ဖြစ်ပါတယ်။ ဂျပန်နိုင်ငံမှာဆိုရင် se/itsubo kakui စသည်တို့ ဖြစ် ပါတယ်။ တ စ်ဖန် ထုထည် (Volume)ကို တိုင်းတာရာမှာလည်းပဲ ဂျပန်နိုင်ငံမှာဆိုရင် go/gho/to/kaku ၊ မလေးရှားနိုင်ငံမှာ chupsk၊ သိရိလင်္ကာနိုင်ငံမှာ seer ၊ထိုင်းနိုင်ငံမှာ thenam/thangsat စသည်တို့ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ၁၉၇၆-၁၉၇၇ ခုနှစ်က အိန္ဒိယနိုင်ငံသို့ ရောက်ရှိခဲ့တဲ့အချိန်မယ် စာကောင်းစွာ မတတ်ကျွမ်းတဲ့ ဈေးသည်များပင် အသီးအနှံ၊ ဟင်းသီးဟင်းရွက်များ၊ သားငါးများကို ကီလို/ဂရမ် အလေးချိန်များနဲ့ ကျွမ်းကျင်စွာ ရောင်းချနေသည်ကို တွေ့ရှိခဲ့ရပါသည်။ ထိုင်းနိုင် ငံတွင်လည်း အလားတူ တွေ့ရှိနိုင် တယ်ဆိုတာ အားလုံးသိပြီး ဖြစ်ပါတယ်။ ဖော်ပြပါ အာရှတိုက် နိုင်ငံအချို့ရဲ့ ဒေသဓလေ့သုံးယူနစ်များ(Traditional Units-Weights and Measures )များ၏ ဆက်စပ် တန်ဖိုးများကိုလည်း ဗဟုသုတအဖြစ် သိရှိ နိုင်ဖို့လည်း ပူးတွဲဖော်ပြထားပါတယ်။ အသေးစိ တ် ကိုတော့ ကျွန်တော် မရှင်းတော့ပါဘူး။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံကို အုပ်စိုးခဲ့တဲ့ ဗြိတိသျှအင်ပါယာနိုင် ငံ(ဗြိတိန်)က အလေးချိန်များနဲ့ အတိုင်းအတာများ (Weights and Measures)မှာ ပေ -ပေါင်-စက္ကန့် (F.P.S) ယူနစ်စနစ်ဖြစ်တဲ့ Imperial Unit ကို ကမ္ဘာပေါ်၌ ရှေးအကျဆုံး မိတ်ဆက်ကျင့်သုံးစေခဲ့တဲ့ နိုင်ငံဖြစ်ပေမယ့်လည်း ၎င်းနိုင်ငံဟာ ယနေ့ နိုင်ငံတကာနဲ့ လိုက်လျောညီထွေရှိဖို့ စင်တီမီတာ-ဂရမ်-စက္ကန့် (C.G.S Units)/မီတာ-ကီလိုဂရမ် စက္ကန့်(M.K.S Units)ယူနစ်စနစ်ဖြစ်တဲ့ Metric Unit ကို ယခုအခါ လက်တွေ့ ပြောင်းလဲ ကျင့်သုံး နေပြီ ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ အာရှတိုက်နိုင်ငံကြီးများဖြစ်တဲ့ တရုတ်၊ ဂျပန်၊ အိန္ဒိယ၊ ထိုင်း၊ စင်ကာပူ၊ မလေးရှား၊ အင်ဒိုနီးရှား စတဲ့ နိုင်ငံများမှာ Metric Unit System ကို လက်ရှိကျင့်သုံး လျက်ရှိနေပြီးတော့ နိုင်ငံတကာနှင့် ဆက်ဆံပူးပေါင်း ဆောင်ရွက်လျက်ရှိနေပါတယ်။ မိမိလေ့လာ သိရှိရတဲ့ အတိုင်းအတာအရ ဆိုလို့ရှိရင် အမေရိကန်နိုင်ငံ တစ်ခုတည်းသာ ကမ္ဘာ ပေါ်မှာဆိုရင် Imperial Unit System ကို ကျင့်သုံးနေဆဲရှိတယ်လို့ တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား- ဒီနေ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရဟာ ဒီမိုကရေစီ စနစ်ကို ပြန်လည်စတင်ကျင့်သုံးပြီးအဖက်ဖက်မှ ၎င်းစနစ်နှင့် လိုက်ဖက်အောင် ပြုပြင်ပြောင်းလဲ မှုများ အရှိန်အဟုန်ဖြင့်ဆောင်ရွက်လျက်ရှိနေပါတယ်။ နိုင်ငံတကာနှင့် ကဏ္ဍပေါင်းစုံမှာ ပူးပေါင်း ကူးလူး ဆက်ဆံမှုများပြုရာမှာ လွယ်ကူ အဆင်ပြေစေရေး၊ အနာဂတ်မျိုးဆက်သစ်များ အတွက် မျိုးစေ့ချပေးခြင်းနဲ့အတူ လက်ရှိ အလွှာပေါင်းစုံမှ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုမှာ ပါဝင် လုပ်ဆောင်သူ ပြည်ထောင်စုသား အားလုံးမှ အလေ့အကျ င့် ဖြစ်လာစေရေးတို့ဟာ အရေးကြီး ပါတယ်။ ဒါကြောင့် အလေးချိန်/တိုင်းတာ-တိုင်းထွာ ယူနစ်စနစ် (Weight and Measures Unit System)ကို အလေ့အကျင့်ရပြီးတော့ တဖြည်းဖြည်းချင်း အရှိန်ရလာစေရန် ရည်ရွယ်လျက် နိုင်ငံတော်၏ တရားဝင် တစ်ပြေးညီ ယူနစ်အဖြစ် စင်တီမီတာ -ဂရမ်-စက္ကန့်(C.G.S)၊ မီတာ - ကီလိုမီတာ-စက္ကန့် (M.K.S)ယူနစ်စနစ် (Metric Unit System) တစ်နည်းအားဖြင့် အများပြော နေတဲ့ “ဆယ်လီစနစ်”အား သတ်မှတ်ပေးဖို့အတွက် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းသည့် အဆိုကို ကျွန်တော် ့အနေနဲ့ လေးလေး နက်နက် တင်သွင်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့်သူရှိ ပါက ဆက်လက်ဆောင်ရွက် ဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၂၀။**

**ဦးတင်မောင်ဝင်း ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)** ။ ။ ဥက္ကဋ္ဌကြီး ခင်ဗျား။ စောစောက မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၆)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမျိုးမြင့် တင်သွင်းသွားတဲ့ အဆိုကို ကျွန်တော် ဦးတင်မောင်ဝင်း အမျိုးသား လွှတ်တော် ကိုယ်စားလှယ် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၃)က ထောက်ခံပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၃း၂၀။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဦးမျိုးမြင့် တင်သွင်းတဲ့ အဆိုကို လွှ တ်တော်ကိုယ်စားလှယ် တစ်ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ "ပေ-ပေါင်-စက္ကန့်၊ ယူနစ် စနစ် (Imperial Unit System) မှ စင်တီမီတာ-ဂရမ်-စက္ကန့် ယူနစ်စနစ် (Metric Unit System ) သို့ ပြောင်းလဲသုံးစွဲရေး သတ်မှတ်နိုင်ပါရန်" ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို ဖြစ်ပါတယ်။ ဒါကြောင့် အဆိုကို လ က်ခံဆွေးနွေးရန် သင့် /မသင့် လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

အဆိုကို လက်ခံဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့လွှတ်တော် ကိုယ်စား လှယ်များ ရှိပါ သလားခင်ဗျား။

**ဥက္ကဋ္ဌ။** ။အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် ဦးမျိုးမြင့် ရဲ့ အဆို ကို လက်ခံဆွေးနွေးရန် လွှတ်တော် က သဘောတူကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**အချိန်၊ ၁၃း၂၂။**

**ဥက္ကဋ္ဌ။** ။ဦးမျိုးမြင့် တင်သွင်းတဲ့အဆိုကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက အစည်းအဝေးရပ်နားတဲ့အခါ အမျိုးသားလွှတ်တော်ဌာန၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးပို့ကြဖို့ ဖြစ်ပါတယ်။

## ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၏ ကိုယ်ဝန်ဆောင်ဝန်ထမ်း အမျိုးသမီးများအား မီးဖွားခွင့်ရက် တိုးမြှင့်သတ်မှတ်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန်သင့်/မသင့် အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၃း၂၂။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည် က ကိုယ်ဝန်ဆောင် ဝန်ထမ်းအမျိုးသမီးများအား မီးဖွားခွင့်ရက် တိုးမြှင့်သတ်မှတ် ပေးပါရန်နှင့်စပ်လျဉ်းတဲ့ အဆိုတစ်ရပ် တင်သွင်းလိုကြောင်း အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။ ဒေါ်ခင်ဝိုင်းကြည် အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၂၂။**

**ဒေါ်ခင်ဝိုင်းကြည် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)။** ။ အားလုံး မင်္ဂလာပါ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး နဲ့ လွှတ်တော်ကိုယ်စားလှယ်အပေါင်းတို့ရှင်။ ကျွန်မ ကတော့ နိုင်ငံသားတိုင်းဟာ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မြင့်မားဖို့အတွက် တာဝန်ရှိတယ်လို့ နိုင်ငံတော်ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၁၊ အပိုဒ်ခွဲ(ဃ)မှာ ပြဋ္ဌာန်း ထားတဲ့အတိုင်း ကလေးငယ်များရဲ့ သေဆုံးမှု လျော့နည်းကျဆင်းပြီး ဉာဏ်ရည်ဖွံ့ဖြိုးတဲ့ ကျန်းမာတဲ့ ကလေးများ မွေးဖွားပြုစုပျိုးထောင် ရှင်သန်နိုင်ရေးအတွက် ရည်ရွယ်ပြီးတော့ ဤအဆိုကို တင်ပြမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင့်- ထောင်စုနှစ် ရည်မှန်းချက်ပန်းတိုင်များမှဖြစ်စေ၊ အာဆီယံ လူမှုရေး၊ ယဉ်ကျေးမှု အသိုက်အဝန်း ရည်မှန်းချက်ပန်းတိုင်များမှာဖြစ်စေ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာနမှ ရည်ရွယ်ချက်များတွင် လည်းကောင်း၊ စောစောက(၃)ခုစလုံးပါပဲ။ အခြားသော အဖွဲ့အစည်းများ၏ ရည်မှန်းချက်များတွင် လည်းကောင်း၊ စီမံချက်များချမှတ်ပြီးတော့ (၅)နှစ်အောက်ကလေးများ သေဆုံးမှု လျော့နည်း

ကျဆင်းရေးကို အလေးအနက်ထားပြီး ဆောင်ရွက်နေကြပါတယ်။ အဲဒီ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ကြိုးပမ်းအားထုတ်လျက်ရှိတာကို တွေ့ရမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင့်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၂၄ မှာ နိုင်ငံတော်သည် အလုပ်သမားများ၏ အခွင့်အရေးများအား ကာကွယ် စောင့်ရှောက်ရန် လိုအပ်သည့် ဥပဒေများ ပြဋ္ဌာန်းဆောင်ရွက်မည်ဟုလည်းကောင်း၊ ဥပဒေပုဒ်မ ၂၆(ခ)ဖြင့် နိုင်ငံတော်သည် နိုင်ငံ့ ဝန်ထမ်းများ၏ လုပ်ငန်းခွင် အာမခံချက်ရရှိရေး၊ စားဝတ်နေမှု ဖူလုံရေး၊ အိမ်ထောင်ရှင် အမျိုးသမီးဝန်ထမ်းများအား မီးဖွားခြင်းဆိုင်ရာ အကျိုးခံစားခွင့် များ ရရှိရေးနှင့် အငြိမ်းစားဝန်ထမ်းများ စားဝတ်နေမှု သက်သာချောင်ချိရေးအတွက် လိုအပ်သည့် ဥပဒေများပြဋ္ဌာန်းရမည်ဟု လည်းကောင်း၊ ဥပဒေပုဒ်မ၃၆၇ ဖြင့် နိုင်ငံသားတိုင်းသည် နိုင်ငံတော်က ချမှတ်ထားသော ကျ န်းမာရေးဆိုင်ရာ မူဝါဒများနှင့်အညီ ကျန်းမာရေး စောင့်ရှောက်ခွင့်ကို ခံယူခွင့်ရှိသည်ဟု ပြဋ္ဌာန်းပါရှိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင့်။ ကျန်းမာရေးဝန်ကြီးဌာန ၊ ကျန်းမာရေးဦးစီးဌာန အမျိုးသားအာဟာရဖွံ့ဖြိုးရေးနှင့်သုတေသနဌာနမှ မြန်မာကလေးသူငယ်များအား စနစ်တကျ အစာကျွေးမွေးပြုစုခြင်းဆိုင်ရာ မဟာဗျူဟာ ၂၀၁၃ ခုနှစ်ဖြင့် ကလေးသူငယ်များအတွက် မည်သို့ ပြုစုပျိုးထောင်ရမည်ကိုလမ်းညွှန်ချမှတ်ထားပါတယ်။ အဲဒီ မဟာဗျူဟာအရ အာဟာရ ချို့တဲ့သည့် ကလေးများသည် သေဆုံးမှုနှုန်းများပြီး အသက်ရှင်နေသည့်တိုင် ဆယ်ကျော်သက်အရွယ် နှင့် လူကြီးဘဝအထိ မကြာခဏဖျားနာခြင်း၊ ဉာဏ်ရည် နိမ့်ခြင်း၊ အလုပ် လုပ်နိုင်စွမ်း ကျဆင်းခြင်း၊ မျိုးဆက်ပွားကျန်းမာရေးနှင့် အထွေထွေကျန်းမာရေး အခြေအနေ ညံ့ဖျင်းခြင်းတို့ကို ခံစားကြရ သည်ဟု လေ့လာသိရှိရပါတယ်။ ကလေးသူငယ်များ ကျန်းမာ၍ စံချိန်မီ ကြီးထွားဖွံ့ဖြိုးရေးအတွက် မွေးစမှ အသက် (၆)လအထိ မိခင်နို့တစ်မျိုးတည်းကိုသာ တိုက်ကျွေး လျှင် အကောင်းဆုံးဖြစ်ပြီး အနည်းဆုံး(၄)လအထိ မိခင်နို့မှအပ အခြားမည်သည့် အရည်အဖတ်မျှတိုက်ကျွေးရကြောင်းလည်း လေ့လာသိရှိရပါတယ်။အသက်(၆)လ ပြည့်ပြီးတဲ့အခါမှာ တဖြည်းဖြည်းမြင့်မားလာသော အာဟာရ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ဖို့ ကလေးငယ်များကို အာဟာရပြည့်ပြီး၊ သန့်ရှင်းပြီး ဥပါဒ် ကင်းတဲ့ ဖြည့်စွက်စာများကျွေးမွေးရင်းမိခင်နို့ကို အသက်(၂)နှစ်ကျော်အထိ ဆက်လက်တိုက်ကျွေး

D:\အမ်ိဳးသားလႊတ္ေတာ္ Web Portal Data\အစည္းအေဝးမွတ္တမ္းမ်ား\ပထမအႀကိမ္ အမ်ိဳးသားလႊတ္ေတာ္ တတိယပံုမွန္အစည္းအေဝး မွတ္တမ္းမ်ား\1-2012 Meetting\26-1-2012(1)@( (meetting)\26-1-2012(1)final.docx

သင့်ကြောင်း၊ ကလေးသူငယ်များအား စနစ်တကျ အစာကျွေးမွေးပြုစုခြင်းဆိုင်ရာမဟာဗျူဟာ၏ ဝိသေသရည်မှန်းချက်များအရ လေ့လာသိရှိရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင့်။ (၅)နှစ်အောက်ကလေးများ သေဆုံးမှုလျှော့နည်းကျဆင်းရေးနှင့် ပတ်သက်၍ ထောင်စုနှစ်ရည်မှန်းချက်ပန်းတိုင် (၄)အရ ၁၉၉၀ ခုနှစ်တွင်ရှိသော ကလေးသေဆုံးမှုနှုန်းကို ၂၀၁၅ ခုနှစ်တွင် သုံးပုံနှစ်ပုံ လျှော့ချနိုင်ရန် ရည် မှန်းချက်ရှိပါသည်။ ထောင်စုနှစ် ရည်မှန်းချက်ပန်းတိုင် ၊ အာဆီယံလူ့အသိုက်အဝန်း ရည်မှန်း ချက်ပန်းတိုင် နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် မွေးဖွားလာသော ကလေးတို့သည် အာဟာရပြည့်ဝစွာဖြင့် ကြီးပြင်းလာရန် လိုအပ်ပါသည်။ ကမ္ဘာ့နိုင်ငံအချို့တွင် ဝန်ထမ်းအမျိုးသမီးများအား မီး ဖွားခွင့်ကို (၆)လအထိ လစာအပြည့် ဖြင့် ခွင့်ပြုကြောင်း လေ့လာသိရှိရပါသည်။ တချို့နိုင်ငံများတွင် စီးပွားရေးအခြေအနေအရ (၁၆၅)ရက်အထိ မီးဖွားပြီး ခွင့်ကိုပေးကြောင်း လေ့လာတွေ့ရှိရပါသည်။ ဘော့စ်နီးယားနှင့်ဟာဇီဂိုဗီးနားမှာ (၁၆၅)ရက် ပေးပါတယ်။ နောက်တစ်ခါ ရုရှားဖက်ဒရေးရှင်းမှာ ရက်ပေါင်း(၁၄၀)၊ လစာကိုတော့ သတ်မှတ်ချက်အရ ခံစားခွင့်ကိုတော့ သတ်မှတ်ချက်နဲ့ပေးပါတယ်။ ဘူလ်ဂေးရီးယား ဆိုလို့ရှိရင်(၂၂၇)ရက်၊ အဲဒါ လစာ(၉၀)ရာခိုင်နှုန်းနဲ့ ပေးပါတယ်။ ဂရိမှာတော့ (၁၁၉)ရက် စသည်ဖြင့် လစာပြည့်နဲ့ အဲ ဒီလို ပေးတာကို ကျွန်မတို့ လေ့လာတွေ့ရှိရပါတယ်။ ဒါကြောင့်မို့ ကျွန်မတို့ရဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်က ကိုယ်ဝန်ဆောင်ဝန်ထမ်းအမျိုးသမီးတွေကိုလည်း မီးမဖွားမီမူရင်းပေးထားတဲ့ ခွင့်(၄၅)ရက် ခံစားပြီးတဲ့အခါ မီးဖွားပြီးတဲ့နောက် ကလေးတွေကို အာဟာရပြည့်ဝစွာ ပြုစုနိုင်ရေး အတွက် မိခင်ကို ခွင့် (၄၅)ရက်ကနေပြီးတော့ နောက်ထပ်ရက် ပေါင်း(၄၅)ရက် ထပ်တိုး ပြီးတော့ ရက်ပေါင်း(၉၀)ခံစားခွင့် ဒါမှမဟုတ်ရင် ကလေးနဲ့မိခင်အတွက် လုံလောက်မယ့် ခွင့်ခံစားရက်ကို ဖြစ်စေ တိုးမြှင့်သတ်မှတ်ခံစားခွင့်အား နိုင်ငံတော်မှ ပြဋ္ဌာန်းထားသော ဥပဒေများနဲ့ ကျန်းမာရေး ဆိုင်ရာ မူဝါဒများအကြား လိုအပ်သလို ဆော င်ရွက်ပေးနိုင်ပါရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်း ကြောင်း အဆိုကို ဥက္ကဋ္ဌကြီးမှ တစ်ဆင့် လေးစားစွာ အဆို တင်ပြအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ့်သူရှိပါက ဆောင်ရွက်ဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၃၀။**

**ဒေါက်တာခင်မောင်လေး၊ ပဲခူးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည် ရဲ့ ကိုယ်ဝန်ဆောင်ဝန်ထမ်း အမျိုးသမီးများအား မီးဖွားခွင့်ရက်တိုးမြှင့်သတ်မှတ်ပေးရန် အဆိုကို ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၈)မှ ကျွန်တော် ဒေါက်တာခင်မောင်လေး က ထောက်ခံအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၃း၃၀။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒေါ်ခင်ဝိုင်းကြည် တင်သွင်းတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ ကိုယ်ဝန်ဆောင် ဝန်ထမ်းအမျိုးသမီးများအား မီးဖွားခွင့်ရက်တိုးမြှင့်သတ်မှတ်ပေးပါရန်ပြည်ထောင်စုအစိုးရ အား တိုက်တွန်းကြောင်း အဆို ဖြစ်ပါတယ်။ ဒါကြောင့် အဆိုကို လက် ခံဆွေးနွေးရန် သင့်/ မသင့် လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

အဆိုကို လက်ခံဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ရှိပါသလားခင်ဗျား။

**ဥက္ကဋ္ဌ။** ။အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် ဒေါ်ခင်ဝိုင်းကြည် ရဲ့ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၃း၃၂။**

**ဥက္ကဋ္ဌ။** ။ ဒေါ်ခင်ဝိုင်းကြည် တင်သွင်းတဲ့ အဆိုကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အစည်းအဝေးရပ်နားတဲ့အခါ အမျိုးသားလွှတ်တော်ဌာန ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးပို့ကြဖို့ ဖြစ်ပါတယ်။

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် ပထမနေ့အစည်းအဝေး ရပ်နားကြောင်းနှင့် ဒုတိယနေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၃း၃၂။**

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင် ဗျား။ ယခု အမျိုးသားလွှတ်တော် တတိယပုံမှန် အစည်းအဝေး ပထမနေ့ကို ရပ်နားပ ါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက် (သောကြာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာ ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၃း၃၂။**

**အခမ်းအနားမှူး** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့ကို ၁၃း၃၂ နာရီအချိန်တွင် ရပ်နားပါသည်။]